ကတညုတာ စတံ မင်္ဂလ မုတ္တမံ၊ သူ့ကျေးဇူးကို သိခြင်းသည် မြတ်သောမင်္ဂလာမည်၏။


# မြန်မာ့အလင်း

၁၉၁၄ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၆၆ ခုနှစ်၊ ဝါခေါင်လပြည့်ကျော် ၁၅ ရက်၊ ၂၀၀၄ ခုနှစ်၊ ဩဂုတ် ၃၀ ရက်၊ တနင်္လာနေ့၊ အတွဲ(၄၁)၊ အမှတ်(၃၃၂)


## ဥပုသ်နေ့နှိုးဆော်ချက်

ဗုဒ္ဓဘာသာဝင် သူတော်စင်အပေါင်းတို့-

ယနေ့သည် ဗုဒ္ဓဘာသာဝင်များ သီတင်းသီလဆောက်တည်ကြသည့် ဥပုသ်နေ့ ဖြစ်ပါသည်။ သီတင်းသီလ ဆောက်တည်လိုကြသူများအတွက် နိဗ္ဗာန်အကျိုးမျှော်၍ အသိပေးနှိုးဆော်အပ်ပါသည်။

# အမျိုးသားစီးပွားတောင့်တင်းခိုင်မာရေး စိုက်ပျိုးရေးကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအဓိကကျ
# ရန်ကုန်တိုင်းအတွင်းမိုးစပါးဧက ၁၂သိန်း စိုက်ပျိုးလျာထားမှုပြည့်မီရေး ကြိုးပမ်းဆောင်ရွက်
# တောင်သူလယ်သမားများ မိရိုးဖလာစိုက်ပျိုးမှုမှ စက်ယန္တရားအသုံးပြုပြောင်းလဲလုပ်ကိုင်
# အတွင်းရေးမှူး(၂) ရေကျနောက်စိုက်လယ်ယာမြေများဆောင်ရွက်မှု စစ်ဆေးမှာကြား

**ရန်ကုန် ဩဂုတ် ၂၉**

လယ်ယာစိုက်ပျိုးရေးဖွံ့ဖြိုးတိုးတက်မှု ကော်မတီဥက္ကဋ္ဌ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၂) ဒုတိယဗိုလ်ချုပ်ကြီး သိန်းစိန်သည် ယနေ့နံနက်ပိုင်းတွင် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးနှင့် ဝန်ကြီးဌာနများမှ ဌာနဆိုင်ရာတာဝန်ရှိပုဂ္ဂိုလ်များ လိုက်ပါလျက် ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်ဝန်းကျင်မိုင် ၃၀ ပတ်လည် တစ်နှစ်ပတ်လုံး စိမ်းလန်းစိုပြည်ရေးအတွက် ဘားလားဒေသ ရေကြီးကွင်း ရေနက်ကွင်းများ၌ မှော်ဘီ၊ လှည်းကူး၊ မင်္ဂလာဒုံမြို့နယ်တို့မှ ဒေသခံတောင်သူများအား ပညာပေးဆောင်ရွက်လျက်ရှိသည့် ရန်ကုန်တိုင်း စစ်ဌာနချုပ်ကွပ်ကဲမှုအောက်ရှိ တပ်ရင်းတပ်ဖွဲ့များ၏ ရေကျနောက်စိုက်လယ်ယာမြေများအား ရေတော်မိုးတော် လယ်ယာမြေများအဖြစ် စံပြဆောင်ရွက်နေမှုတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို မှာကြားသည်။

ရှေးဦးစွာ အတွင်းရေးမှူး(၂) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်သည် နံနက် ၉နာရီတွင် မင်္ဂလာဒုံမြို့နယ် ရန်ကုန်-ပဲခူးကားလမ်းမကြီးနှင့် အမှတ်(၃)လမ်းမကြီး လမ်းဆုံအနီးရှိ ရန်ကုန်တိုင်းစစ်ဌာနချုပ်၏ ဘားလားစိုက်ကွင်းသို့ ရောက်ရှိလာရာ ရန်ကုန်တိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေ၊ မင်္ဂလာဒုံတပ်နယ်မှူး ဗိုလ်မှူးချုပ်မင်းသိန်း၊ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး

*စာမျက်နှာ ၃ ကော်လံ ၁*

လယ်ယာစိုက်ပျိုးရေးဖွံ့ဖြိုးတိုးတက်မှုကော်မတီဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၂) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန် ရွှေထွန်းကုမ္ပဏီလီမိတက်က တီထွင်ထုတ်လုပ်ထားသော လယ်ယာသုံးစက်ကိရိယာများကို ကြည့်ရှုရာ မန်နေဂျင်းဒါရိုက်တာ ဦးဝင်းနိုင်က ရှင်းလင်းပြသစဉ်။ (သတင်းစဉ်)

## ခေတ်မီဖွံ့ဖြိုးတိုးတက်သည့်နိုင်ငံတော်ကြီးပေါ်ထွန်းရေး

★ ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် ဒီမိုကရေစီနိုင်ငံတော်ကြီး ထူထောင်နိုင်ရေးအတွက် အသွင်ကူးပြောင်း ဆောင်ရွက်သည့်နေရာတွင် အခြေခံလိုအပ်ချက် သုံးချက်ရှိရမှာဖြစ်၊

★ ပထမအခြေခံလိုအပ်ချက်အနေဖြင့် နိုင်ငံတော်တည်ငြိမ်အေးချမ်းပြီး တရားဥပဒေစိုးမိုးရေးဖြစ်ထွန်းနေရန်လို၊

★ ဒုတိယအခြေခံလိုအပ်ချက်အနေဖြင့် နိုင်ငံတော်၏စီးပွားရေးခိုင်မာတောင့်တင်းပြီး ပြည်သူအများ စားဝတ်နေရေး ဖူလုံပြည့်စုံလျက် လူနေမှုဘဝအဆင့်အတန်း တိုးတက်မြင့်မားနေရန်လိုအပ်၊

★ တတိယအခြေခံလိုအပ်ချက်မှာ ပြည်သူများအသိဉာဏ်မြင့်မားမှု၊ ဆင်ခြင်တုံတရားပြည့်ဝမှု အရည်အသွေးများ တိုးတက်ဖြစ်ထွန်းစေရေးပင်ဖြစ်၊

★ သို့မှသာ ပြည်သူများသည် မိမိတို့လိုလားတောင့်တနေကြသည့် ခေတ်မီဖွံ့ဖြိုးတိုးတက်သော ဒီမိုကရေစီနိုင်ငံတော်သို့ တက်လှမ်းနိုင်မည်ဖြစ်။

## နိုင်ငံရေးဦးတည်ချက်(၄)ရပ်

- နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
- အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
- ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်ဖြစ်ပေါ်လာရေး
- ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

## စီးပွားရေးဦးတည်ချက်(၄)ရပ်

- စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး
- ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့်အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- နိုင်ငံတော်စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

## လူမှုရေးဦးတည်ချက်(၄)ရပ်

- တစ်မျိုးသားလုံး၏စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
- အမျိုးဂုဏ်ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
- မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေး
- တစ်မျိုးသားလုံးကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

**နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေပေါ်ပေါက်ရေးသည်မြန်မာနိုင်ငံသားအားလုံး၏တာဝန်ဖြစ်သည်။**

မြန်မာ့အလင်း
အယ်ဒီတာ့ အာဘော်
(၂၀၀၄ ခုနှစ်၊ ဩဂုတ်လ ၃၀ ရက်)

# အမျိုးသားရေးအကျိုးစီးပွားမြှင့်တင် သိပ္ပံနှင့်နည်းပညာ ဖွံ့ဖြိုးတိုးတက်အောင် ကြိုးပမ်း

မျက်မှောက်ခေတ်သည် အိုင်တီခေတ်ဖြစ်သည်။ အိုင်တီဟုခေါ်သည့် သတင်းနှင့် ဆက်သွယ်ရေးဆိုင်ရာ နည်းပညာရပ်များသည် ကမ္ဘာကြီး၏ ဖွံ့ဖြိုးတိုးတက်မှုများအပေါ် လွှမ်းမိုးလျက်ရှိသည်။ ဤအချိန်ကာလ၌ မြန်မာနိုင်ငံတွင် သတင်းနှင့်ဆက်သွယ်ရေးဆိုင်ရာ နည်းပညာရပ်များ ခေတ်နှင့်လျော်ညီစွာ တိုးတက်ဖြစ်ထွန်းစေရန် နိုင်ငံတော်အစိုးရက အားပေးမြှင့်တင်လျက်ရှိသည်။

မြန်မာနိုင်ငံ ကွန်ပျူတာပညာဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီး ခင်ညွန့်သည် ဩဂုတ် ၂၈ ရက်က ရန်ကုန်မြို့ လှိုင်မြို့နယ်ရှိ MICT Park အဆောက်အအုံ၌ကျင်းပသော မြန်မာနိုင်ငံ ကွန်ပျူတာအသင်းချုပ်၊ မြန်မာနိုင်ငံကွန်ပျူတာပညာရှင်အသင်း၊ မြန်မာနိုင်ငံ ကွန်ပျူတာ လုပ်ငန်းရှင် အသင်းနှင့် မြန်မာနိုင်ငံကွန်ပျူတာဝါသနာရှင်အသင်းများ၏ နှစ်ပတ်လည်သင်းလုံးကျွတ် အစည်းအဝေးသို့ တက်ရောက်၍ အမှာစကားပြောကြားခဲ့သည်။

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က အမှာစကားပြောကြားရာတွင်–

**“နိုင်ငံတော်အစိုးရအနေဖြင့် နိုင်ငံတော်အတွင်း သတင်းနှင့် ဆက်သွယ်ရေးဆိုင်ရာ နည်းပညာရပ်များ၊ နိုင်ငံတကာအဆင့်မီ ဖွံ့ဖြိုးတိုးတက်ရေးနှင့် ခေတ်မီနည်းပညာရပ်များကို ထိရောက်စွာအသုံးပြုပြီး အမျိုးသားရေးအကျိုးစီးပွားကို မြှင့်တင်ပေးနိုင်ရေးတို့ကို ယှဉ်တွဲကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း”**

ပြောကြားခဲ့သည်။

ပြည်ထောင်စုမြန်မာနိုင်ငံတော်တွင် နိုင်ငံနှင့်လူမျိုးအတွက် အမျိုးသားရေးအကျိုးစီးပွား ဖြစ်ထွန်းစေရေး မျှော်မှန်းချက်ဖြင့် ခိုင်မာပြည့်စုံသည့်အနာဂတ်ကို ဖော်ဆောင်နိုင်မည့် အိုင်တီနည်းပညာများ ခေတ်နှင့်အညီ တိုးတက်ဖြစ်ထွန်းစေရန် နိုင်ငံတော်က ကြိုးပမ်းတည်ဆောက်နေသည်။

ထိုအချိန်ကာလတွင် အနောက်နိုင်ငံကြီးအချို့က နည်းပညာကွာဟမှုများကို အသာစီးယူ အသုံး ချပြီး ကမ္ဘာ့နိုင်ငံများအကြား ဆင်းရဲချမ်းသာကွာဟမှု၊ ဖွံ့ဖြိုးတိုးတက်မှုအခြေအနေ ကွာဟမှုတို့ကို ပိုမိုကျယ်ပြန့်နက်ရှိုင်းစေရန် လုပ်ဆောင်ရင်း ၎င်းတို့၏ ဩဇာအာဏာလောင်းရိပ်အောက်သို့ ဖွံ့ဖြိုးဆဲနိုင်ငံများကို အတင်းအဓမ္မသွတ်သွင်းရန် ကြိုးပမ်းလျက်ရှိသည်ကို တွေ့ရသည်။

မြန်မာနိုင်ငံအတွင်း နိုင်ငံသူနိုင်ငံသားအားလုံးက အနောက်နိုင်ငံကြီးအချို့၏ ထိုကဲ့သို့ လုပ်ဆောင်နေမှုမျိုးကို အမျိုးသားရေးအသိဖြင့် ယှဉ်တွဲသိမြင်သုံးသပ်ပြီး မိမိနိုင်ငံတွင် သိပ္ပံနှင့်နည်းပညာရပ်များ ဖွံ့ဖြိုးတိုးတက်လာစေရန် ကြိုးပမ်းဆောင်ရွက်နိုင်မှသာ မိမိနိုင်ငံ၏ အမျိုးသားရေးဂုဏ်သိက္ခာနှင့် အချုပ်အခြာအာဏာကို ထိန်းသိမ်းကာကွယ်နိုင်မည်ဖြစ်သည်။

ထိုသို့ဆောင်ရွက်နိုင်စေရန် နိုင်ငံအတွင်းရှိ ကွန်ပျူတာအသင်းချုပ်၊ ကွန်ပျူတာပညာရှင်အသင်း၊ ကွန်ပျူတာလုပ်ငန်းရှင်အသင်းနှင့် ကွန်ပျူတာဝါသနာရှင်အသင်းတို့၏ စွမ်းအားသည် အဓိကကျလျက်ရှိသည်။ ထိုအသင်းများ၏ ညီညွတ်မှုစွမ်းအား၊ မျက်မှောက်ကာလ နိုင်ငံတကာတွင် တိုးတက်ဖြစ်ပေါ်လျက်ရှိသည့် သိပ္ပံနှင့် နည်းပညာများကို မျက်ခြည်ပြတ်မခံဘဲ လေ့လာလိုက်စားမှုစွမ်းပကားများကြောင့် မြန်မာနိုင်ငံ၏ အိုင်စီတီအခန်းကဏ္ဍသည် အရှိန်အဟုန်ဖြင့် တိုးတက်ပြောင်းလဲလာသည်ကို မျက်ဝါးထင်ထင် တွေ့မြင်နေရပြီဖြစ်သည်။

ထို့အပြင် အာဆီယံမိသားစုအပါအဝင် မိတ်ဆွေနိုင်ငံများနှင့် ပူးပေါင်းပြီး မြန်မာနိုင်ငံ အိုင်စီတီ ကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေး၊ နိုင်ငံတကာ အိုင်စီတီကဏ္ဍ ဖြစ်ပေါ်တိုးတက်မှုများနှင့် ဟန်ချက်ညီညီ ချိတ်ဆက်မိစေရေးတို့အတွက် နိုင်ငံတော်အဆင့်၊ အမျိုးသားအဆင့်နှင့် ပုဂ္ဂလိကကဏ္ဍ အဆင့်တို့ကပါ ပူးပေါင်းဆောင်ရွက်လျက်ရှိနေခြင်းတို့ကြောင့် အိုင်စီတီနည်းပညာကဏ္ဍ အောင်မြင်ဖြစ်ထွန်းမှု အကျိုးရလဒ်ကောင်းများကို စတင်မြင်တွေ့နေရပြီ ဖြစ်သည်။

သိပ္ပံနှင့်နည်းပညာရပ်များကို ယခုကဲ့သို့ ကျယ်ကျယ်ပြန့်ပြန့် ညီညီညွတ်ညွတ် ထိရောက်စွာအသုံးချနိုင်မှသာ သူတစ်ပါး၏ ဩဇာလောင်းရိပ်အောက်မှ လွတ်ကင်းပြီး နိုင်ငံတကာအလယ်တွင် ဝင့်ထည်စွာ ရပ်တည်နိုင်မည် ဖြစ်ပေသည်။

သို့ဖြစ်ရာ နိုင်ငံတော်အစိုးရက သိပ္ပံနှင့်နည်းပညာကဏ္ဍ အရှိန်အဟုန်ဖြင့် ဖွံ့ဖြိုးတိုးတက်ရေး အားပေးကူညီကာ စနစ်တကျစီမံခန့်ခွဲမှုပေးနေသည့် အချိန်အခါကောင်းတွင် တိုင်းရင်းသား ကွန်ပျူတာ ပညာရှင်များ၊ လုပ်ငန်းရှင်များနှင့် ဝါသနာရှင်များက သိပ္ပံနှင့်နည်းပညာရပ်များ နိုင်ငံတကာအဆင့်မီ ဖွံ့ဖြိုးတိုးတက်စေရန် ဝိုင်းဝန်း ပူးပေါင်းစွမ်းဆောင်ကြရန် တိုက်တွန်းရေးသားလိုက်ရပါသည်။ ။

## မြဝတီရုပ်မြင်သံကြား

၃၀–၈–၂၀၀၄
(တနင်္လာနေ့)

**နံနက်ပိုင်း**

- ၇:၀၀ ၁။ မြဝတီအဖွင့်
- ၇:၀၅ ၂။ အဖွင့်သီချင်း
- ၇:၁၀ ၃။ မျိုးချစ်တပ်မတော်
- ၇:၂၀ ၄။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
- ၇:၃၀ ၅။ မြန်မာသံစဉ်ချိုနားဝင်
- ၇:၄၀ ၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲအစီအစဉ်
- ၇:၅၅ ၇။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- ၈:၀၀ ၈။ မြဝတီရုပ်မြင်သံကြားသတင်း
- ၈:၁၀ ၉။ ဖွံ့ဖြိုးသာယာပြည်မြန်မာ

**ညပိုင်း**

- ၄:၀၀ ၁။ မြဝတီအဖွင့်
- ၄:၀၅ ၂။ အဖွင့်သီချင်း
- ၄:၁၀ ၃။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- ၄:၁၅ ၄။ လက်စွမ်းပြပဟန်ဂီတသံ
- ၄:၂၅ ၅။ ရင်မှာစွဲလမ်းတော်ဝင်ပန်း
- ၄:၃၅ ၆။ မျိုးချစ်တပ်မတော်
- ၄:၅၀ ၇။ ကြည်နူးရွှင်ပျော် တေးသရုပ်ဖော်
- ၅:၀၀ ၈။ အဝေးသင်ပညာရေးပို့ချမှု အစီအစဉ် Consumer Behaviour (စီးပွားရေး)
- ၅:၃၀ ၉။ မြဝတီရုပ်မြင်သံကြား မဂ္ဂဇင်းကဏ္ဍ
- ၅:၄၅ ၁၀။ သာယာသီကြွေး ခေတ်ဆန်းတေး
- ၆:၀၀ ၁၁။ မြဝတီရုပ်မြင်သံကြားသတင်း
- ၆:၁၀ ၁၂။ နိုင်ငံတကာသတင်း
- ၆:၂၀ ၁၃။ မိုးလေဝသသတင်း
- ၆:၂၅ ၁၄။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- ၆:၃၀ ၁၅။ မြန်မာ့ရှုခင်း
- ၆:၄၀ ၁၆။ လျှပ်တစ်ပြက်
- ၆:၅၀ ၁၇။ မေးမြန်းစုံစမ်း
- ၇:၀၀ ၁၈။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **“မဆုတ်မနစ်”** (အပိုင်း–၆)
- ၈:၀၀ ၁၉။ မြဝတီရုပ်မြင်သံကြားသတင်း
- ၂၀။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- ၂၁။ လျှပ်တစ်ပြက်
- ၂၂။ တိုင်းကျိုးပြည်ပြုတည်ထောင်မှု
- ၂၃။ ယနေ့ညအတွက် မြဝတီ၏တေးလက်ဆောင်
- ၂၄။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **“မိုးကြိုးကွန်ရက်နှင့် လျှပ်စီးဓား”** (ဒုတိယတွဲ) (အပိုင်း–၁၀)

## ပြည်သူ့သဘောထား

- ✳ ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- ✳ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- ✳ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ✳ ပြည်တွင်းပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

# နယ်စပ်တောင်တန်းဒေသရှိ ဘုန်းတော်ကြီးကျောင်းများအတွက် သာသနာရေးဝန်ကြီးဌာနမှတစ်ဆင့် သင်္ကန်းအစုံ ၂၀၀ လှူဒါန်း

ရန်ကုန် ဩဂုတ် ၂၉

**သာသနာရေးဝန်ကြီးဌာနမှတစ်ဆင့် နယ်စပ်တောင်တန်းဒေသများရှိ ဘုန်းတော်ကြီးကျောင်းများအတွက် လှူဒါန်းမည့် သင်္ကန်းများ ပေးအပ်လှူဒါန်းပွဲကို ယမန်နေ့ နံနက် ၉ နာရီက သာသနာရေးဝန်ကြီးဌာန၌ကျင်းပရာ သာသနာရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရမြင့်မောင်က သင်္ကန်းများကို လက်ခံသည်။**

**ပေးအပ်လှူဒါန်း**

အခမ်းအနားတွင် နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ဝင် ဆရာတော် ဘဒ္ဒန္တ ဝိလာသဂ္ဂထံမှ သီလခံယူဆောက်တည်ကြပြီး ဝန်ကြီး ဗိုလ်မှူးချုပ်သူရမြင့်မောင်ထံ အလှူရှင် တိုင်းရင်းဆေးဆရာကြီး ဦးရွှေမြ မိသားစုတို့က သင်္ကန်းအစုံ ၂၀၀ ကို ပေးအပ်လှူဒါန်းကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

**ဩဂုတ် ၂၈ ရက်က ဗိုလ်တထောင်မြို့နယ် အခြေခံပညာ အထက်တန်းကျောင်း အမှတ်(၅) မိဘဆရာအသင်း နှစ်ပတ်လည် အစည်းအဝေးပွဲနှင့် ၂၀၀၄ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲအောင်မြင်သည့် ကျောင်းသားကျောင်းသူများအား ဂုဏ်ပြုလွှာပေးအပ်ပွဲနှင့် အလှူငွေပေးအပ်လှူဒါန်းပွဲကို ကျောင်းခန်းမ၌ ကျင်းပရာ စေတနာရှင်၊ အလှူရှင်များက အလှူငွေများကို ကျောင်းအုပ်ဆရာကြီး ဦးစိန်မြင့်ထံ ပေးအပ်လှူဒါန်းစဉ်။**
(မြန်မာ့အလင်း)

# ဝါတွင်းဝိပဿနာ တရားစခန်းများဖွင့်ပြီ

**ရန်ကုန် ဩဂုတ် ၂၉**

ကျေးဇူးရှင်လယ်တီ ဆရာတော်ကြီး၏ တပည့် အနာဂါမ်ဆရာသက်ကြီး၏ မူလကျင့်စဉ်နှင့်အညီ ဓမ္မရသရိပ်သာမှ ကမ္မဋ္ဌာန်းနည်းပြ ဆရာကြီး ဦးသန်းရွှေ (ဒလ–အံ့ကြီး) က စက်တင်ဘာ ၁ရက်မှ ၇ရက်ထိ ညနေ ၆နာရီမှ ၇နာရီခွဲအထိ ဗိုလ်တထောင်ဘုရား ဆိပ်ကမ်းလုပ်သားပေါင်းစုံ ဓမ္မာရုံတွင်လည်းကောင်း၊ စက်တင်ဘာ ၈ရက်မှ ၁၄ရက်ထိ ညနေ ၅နာရီမှ ၆နာရီခွဲအထိ ရွှေတိဂုံဘုရားအရှေ့ဘက်မုခ် အာဇာနည်လမ်းရှိ ရှင်သာမဏေဓမ္မဗိမာန်တွင်လည်းကောင်း၊ စက်တင်ဘာ ၁၂ရက်မှ ၁၈ရက်ထိ မင်္ဂလာတောင်ညွန့်မြို့နယ် ဒေဝသာဂရ ရဟန္တာသိမ်ဖြူတော်တွင် ညနေ ၆နာရီခွဲမှ ၈နာရီအထိလည်းကောင်း ဝါတွင်းအထူး (၁၀)ရက် တရားစခန်းကို (ဒလ–အံ့ကြီး) ဓမ္မရသရိပ်သာတွင် စက်တင်ဘာ ၂၀ ညနေပိုင်းမှ ၃၁ရက် နံနက်ထိ ဟောပြောပို့ချမည်ဖြစ်ကြောင်း သိရသည်။ **(က–ပ)**

**ကွယ်လွန်သူ ဦးလှမောင်–ဒေါ်ဖွားခင် မိဘနှစ်ပါးတို့အား ရည်စူး၍ အမှတ် ၁၄ ဇေယျာသီရိလမ်း ဒေါပုံမြို့သစ်နေ ကျန်ရစ်သူမိသားစုက ငွေကျပ်တစ်သိန်းငါးသောင်း တန်ဖိုးရှိ ဘီးတပ်ကုလားထိုင် တစ်လုံးနှင့်လမ်းလျှောက်ကိရိယာ တစ်ခုတို့ကို ဩဂုတ် ၂၆ ရက်က အရှေ့ပိုင်းဆေးရုံအုပ်ကြီး ဒေါက်တာ ဦးမောင်မောင်နှင့် သမားတော်ကြီး ဒေါက်တာ ဒေါ်သန်းသန်းအေးတို့သို့ ပေးအပ်လှူဒါန်းစဉ်။**
(က–ပ)

**လယ်ယာစိုက်ပျိုးရေးဖွံ့ဖြိုးတိုးတက်မှုကော်မတီဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၂) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန် ရန်ကုန်တိုင်းစစ်ဌာနချုပ်က အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသော ဘားလားဒေသ ရေကျနောက်စိုက် မိုးစပါးများစိုက်ပျိုးမှုကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)**

■ ***ရှေ့ဖုံးမှ***

ဒုတိယဗိုလ်မှူးကြီးမြင့်ကြည်နှင့် တိုင်းအဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ရန်ကုန်မြောက်ပိုင်းခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးမြတ်မင်း၊ မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း ဆည်မြောင်းဦးစီးဌာန ရေအရင်းအမြစ်အသုံးချရေးဦးစီးဌာနတို့မှ တာဝန်ရှိပုဂ္ဂိုလ်များနှင့် မင်္ဂလာဒုံ၊ လှည်းကူး၊ မှော်ဘီမြို့နယ်တို့မှ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌများ၊ တာဝန်ရှိသူများက ကြိုဆိုကြသည်။

## ရှင်းလင်းတင်ပြ

ရှေးဦးစွာ အတွင်းရေးမှူး(၂) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်နှင့် အဖွဲ့ဝင်များသည် ယခုလအတွင်းက မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် မင်္ဂလာဒုံမြို့နယ်နှင့် လှည်းကူးမြို့နယ်အစပ် ဘားလားဒေသ၌ လယ်ယာမြေများ ရေကြီးနစ်မြုပ်မှုဖြစ်ပေါ်ခဲ့ရာ စိုက်ဧကအပြည့်အဝ ပြန်လည်ရရှိရေးအတွက် တစ်ကွက်ပေါ်တစ်ကွက်စိုက်စနစ် ကျင့်သုံးပြီး လယ်ယာသုံးစက်ကိရိယာများဖြင့် ပြန်လည် သမန်းနှိုး၊ ထွန်ယက်စိုက်ပျိုးနေမှုကိုလည်းကောင်း၊ ရန်ကုန်တိုင်းစစ်ဌာနချုပ်မှ တပ်ရင်းတပ်ဖွဲ့များ၏ ရေကျနောက်စိုက် မိုးစပါးစိုက်ပျိုးထားရှိမှုများကိုလည်းကောင်း ကြည့်ရှုစစ်ဆေးရာ တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေက စိုက်ကွင်းများအတွင်း မိုးစပါး၊ နွေစပါး၊ ပဲမျိုးစုံနှင့် ဆီထွက်သီးနှံ၊ ဟင်းသီးဟင်းရွက်နှင့် စီးပွားဖြစ်သီးနှံများကို ၁၂ လရာသီ စိုက်ပျိုးနိုင်ရေး စီမံဆောင်ရွက်နေမှု၊ ဘားလားဒေသသည် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ် လေယာဉ်တက်ဆင်း လမ်းကြောင်းအောက်၌ တည်ရှိသဖြင့် တစ်နှစ်ပတ်လုံး စိမ်းလန်းစိုပြည်စေရန် စိုက်ပျိုးရေးလုပ်ငန်းများဆောင်ရွက်နေမှု၊ ရေကြီးကွင်း၊ ရေနက်ကွင်းများကို ရေတော်မိုးတော် လယ်ယာမြေများဖြစ်စေရန် ဆောင်ရွက်နေမှုနှင့် ရန်ကုန်တိုင်း၌ ယခုလအတွင်း မိုးသည်းထန်စွာရွာသွန်းခဲ့ခြင်းကြောင့် လယ်ယာမြေအချို့ ရေကြီးနစ်မြုပ်ခဲ့ရာ ဆုံးရှုံးလယ်ယာမြေများကို စိုက်ဧက အပြည့်အဝပြန်လည်ရရှိရန် စိုက်ပျိုးနေမှုတို့နှင့်စပ်လျဉ်း၍ လှည့်လည်ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ အတွင်းရေးမှူး(၂)ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်၊ တိုင်းမှူးနှင့် အဖွဲ့ဝင်များသည် ရေကျနောက်စိုက် မိုးစပါး လယ်မြေဧကများ၌ ပျိုးထောင်ရန် ခေတ်သစ်ပေါင်ပျိုးနည်းစနစ်ဖြင့် Chainat (60) မျိုးနှင့် ရွှေနံ့သာ (၉)မျိုးများ ပျိုးထောင်ထားရှိမှုတို့ကို ကြည့်ရှုကြသည်။

## ကြည့်ရှုအားပေး

ယင်းနောက် အတွင်းရေးမှူး(၂) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်၊ တိုင်းမှူးနှင့် အဖွဲ့ဝင်များသည် ရွှေထွန်းကုမ္ပဏီလီမိတက်က တီထွင်ထုတ်လုပ်ထားသော လယ်ယာသုံးစက်ကိရိယာများကို ကြည့်ရှုအားပေးကြရာ မန်နေဂျင်းဒါရိုက်တာ ဦးဝင်းနိုင်က ရှင်းလင်းပြသသည်။

ဆက်လက်၍ ဘားလားစိုက်ကွင်းရှင်းလင်းဆောင်၌ တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေက ဘားလားစိုက်ကွင်းအတွင်း တပ်ရင်းတပ်ဖွဲ့များမှ စိုက်ပျိုးထားသော လယ်မြေများနှင့် ရေကြီးနစ်မြုပ်ခဲ့သော လယ်မြေများကို မြေပုံကားချပ်ဖြင့် ရှင်းလင်းတင်ပြသည်။

## ရွေးချယ်စိုက်ပျိုးရေးမှာကြား

ထို့နောက်အတွင်းရေးမှူး(၂)ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်သည် မှော်ဘီ၊ လှည်းကူးနှင့် မင်္ဂလာဒုံမြို့နယ်တို့မှ လယ်သမားများအား တွေ့ဆုံကာ မိုးစပါးစိုက်ပျိုးရေးအတွက် တစ်ဧက ကုန်ကျစရိတ်များ ၊နွေစပါး တစ်ဧက ကုန်ကျစရိတ်များနှင့် တစ်ဧကအထွက်နှုန်းအခြေအနေတို့ကို မေးမြန်းကာ ဒေသခံတောင်သူလယ်သမားများ ပင်ပန်းရကျိုးနပ်စေရန်အတွက် စတင်စိုက်ပျိုးစဉ်ကတည်းက အထွက်ကောင်းစပါးမျိုးများ စိုက်ပျိုးရေး၊ ဓာတ်မြေဩဇာနှင့် သဘာဝမြေဩဇာကို အချိုးကျကျ ပေါင်းစပ်အသုံးပြုရေး၊ မျိုးကောင်းမျိုးသန့်များ ရွေးချယ်စိုက်ပျိုးရေးတို့ကို မှာကြားသည်။

ဆက်လက်၍ ရန်ကုန်မြောက်ပိုင်းခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးမြတ်မင်းက တိုင်းမှူး၏ စီစဉ်ဆောင်ရွက်မှုဖြင့် ခရိုင်အတွင်းရှိ မြို့နယ်များ၌ ရေမြုပ်လယ်မြေများကို ရေကျသည်နှင့် တစ်ပြိုင်နက် တစ်ကွက်ပေါ်တစ်ကွက်စိုက် စနစ်ဖြင့် စိုက်ပျိုးဆောင်ရွက်နေမှုအခြေအနေများကို ရှင်းလင်းတင်ပြသည်။

ထို့နောက် လယ်ယာစိုက်ပျိုးရေး ဖွံ့ဖြိုးတိုးတက်မှုကော်မတီဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး (၂) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်က အမှာစကားပြောကြားရာတွင် ယခုလအတွင်း ရန်ကုန်တိုင်း၌ ရွာသွန်းခဲ့သည့် မိုးကြောင့် လယ်မြေအချို့ရေကြီးနစ်မြုပ်မှုများ ရှိခဲ့ပြီး လယ်ယာမြေအချို့ ပျက်စီးခဲ့ရကြောင်း၊ ယခုအခါ ရေများ ပြန်လည်ကျသွားပြီဖြစ်သဖြင့် ယင်းလယ်ယာမြေများကို အချိန်မီပြန်လည်စိုက်ပျိုးကြရန် လိုအပ်ကြောင်း၊ ဒေသဆိုင်ရာတာဝန်ရှိသူများအနေဖြင့်လည်း လိုအပ်ချက်များကို ကူညီဖြည့်ဆည်းဆောင်ရွက်ပေးသွားမည်ဖြစ်သဖြင့် ဒေသခံတောင်သူလယ်သမားများအနေဖြင့် ဝီရိယစိုက်ထုတ်ကာ ကြိုးပမ်းဆောင်ရွက်သွားကြရန် မှာကြားလိုကြောင်း။

## ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်

ရန်ကုန်တိုင်းအတွင်း ယခုနှစ်မိုးရာသီတွင် မိုးစပါးဧက ၁၂ သိန်းစိုက်ပျိုးရန် လျာထားခဲ့ရာ စိုက်ဧကပြည့်မီရေး ဝိုင်းဝန်းကြိုးပမ်း ဆောင်ရွက်ကြရမှာ ဖြစ်ကြောင်း။

နိုင်ငံတော်၏စီးပွား ဖွံ့ဖြိုးတိုးတက်ရေးသည် လယ်ယာကဏ္ဍ ဖွံ့ဖြိုးတိုးတက်ဖြစ်ထွန်းမှုအပေါ်တွင် တည်မှီလျက်ရှိကြောင်း၊ ထို့ကြောင့် လယ်ယာကဏ္ဍဖြစ်ထွန်းတိုးတက်ရေးအတွက် လက်မှုလယ်ယာမှ စက်မှုလယ်ယာသို့ ကူးပြောင်းရေးကို အလေးထားဆောင်ရွက်လျက်ရှိရာ တောင်သူလယ်သမားများအနေဖြင့် မိရိုးဖလာစိုက်ပျိုးလုပ်ကိုင်နေမှုမှ ငွေကြေးအကုန်အကျသက်သာပြီး အချိန်တိုတိုအတွင်း စိုက်ပျိုးဖြစ်ထွန်းနိုင်သည့် လယ်ယာသုံးစက်ယန္တရားများကို အသုံးပြုကာ တိုးတက်ပြောင်းလဲစိုက်ပျိုးလုပ်ကိုင်ကြရန်လိုကြောင်း၊ ထို့အပြင် မိမိတို့စိုက်ပျိုးလုပ်ကိုင်သည့် လယ်ယာလုပ်ကွက်များ၌ စိုက်ပျိုးလုပ်ကိုင်ပြီးသည်မှ အစပြုပြီး စပါးများရိတ်သိမ်းခြွေလှေ့ပြီး အမိုးအကာအောက် ရောက်သည်အထိ ဂရုပြုဆောင်ရွက်ကာ လေလွင့်ဆုံးရှုံးမှုမရှိစေရန် လယ်ယာလုပ်ငန်း

**တွေ့ဆုံမှာကြား**

**လယ်ယာစိုက်ပျိုးရေးဖွံ့ဖြိုးတိုးတက်မှုကော်မတီဥက္ကဋ္ဌ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၂) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန် မှော်ဘီ၊ လှည်းကူးနှင့် မင်္ဂလာဒုံမြို့နယ်များမှ လယ်သမားများနှင့် တာဝန်ရှိသူများအား မိုးစပါးစိုက်ပျိုးရေးတွင် မျိုးကောင်းမျိုးသန့်များ ရွေးချယ်စိုက်ပျိုးရေး တွေ့ဆုံမှာကြားစဉ်။ (သတင်းစဉ်)**

လိုအပ်ချက်များကို အမြဲမျက်ခြည်မပြတ် ဂရုပြုဆောင်ရွက်သွားကြရန် လိုအပ်ကြောင်း။

နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် စက်မှုနိုင်ငံထူထောင်ရန် အဓိကလိုအပ်သဖြင့် စက်မှုဇုန်များကို နိုင်ငံအနှံ့တည်ထောင်ကာ ပုဂ္ဂလိကစက်မှုလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဘက်စုံထောင့်စုံမှ အကူအညီပေးကာ တွန်းအားပေးဆောင်ရွက်လျက်ရှိကြောင်း။

## လူနေမှုမြင့်မားလာမည်

အဆိုပါစက်မှုဇုန်များရှိ စက်ရုံအလုပ်ရုံများမှ မြန်မာ့လယ်ယာလုပ်ငန်းနှင့် ကိုက်ညီသည့် လယ်ယာသုံးစက်ကိရိယာများကို ထုတ်လုပ်လျက်ရှိသည့်အပြင် လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနနှင့် အမှတ်(၂)စက်မှုဝန်ကြီးဌာနအောက်ရှိ စက်ရုံအလုပ်ရုံများကလည်း လယ်ယာသုံးစက်ကိရိယာများကို ထုတ်လုပ်ပေးလျက်ရှိကြောင်း၊ လယ်ယာလုပ်ငန်းခွင်များတွင် ပျိုးကျဲစိုက်ပျိုးသည်မှ ရိတ်သိမ်းခြွေလှေ့သည်အထိ လယ်ယာသုံးစက်ကိရိယာများ သုံးစွဲဆောင်ရွက်ခြင်းဖြင့် အချိန်ကုန်သက်သာပြီး လယ်ယာလုပ်သား သုံးစွဲရမှုနည်းပါးခြင်းနှင့် ကုန်ကျစရိတ်သက်သာခြင်းတို့ကို ခံစားကြရမည်ဖြစ်သဖြင့် လယ်ယာစိုက်ပျိုးလုပ်ကိုင်သူ တောင်သူလယ်သမားများအနေဖြင့် စီးပွားရေးတိုးတက်ဖြစ်ထွန်းကာ လူနေမှုအဆင့်အတန်းလည်း မြင့်မားလာမည်ဖြစ်ကြောင်း၊ ထို့ကြောင့် လယ်ယာကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် လယ်ယာသုံး စက်ကိရိယာများကို တိုးတက်ထုတ်လုပ်ပေးနေခြင်းဖြစ်သဖြင့် လယ်ယာလုပ်ငန်းသုံးစက်ကိရိယာများကို ပိုမိုသုံးစွဲဆောင်ရွက်သွားကြရန် လိုအပ်ကြောင်း။

ထို့အပြင် သီးနှံအထွက်နှုန်း တိုးတက်ထုတ်လုပ်နိုင်ရေးနည်းလမ်းလေးသွယ်ဖြစ်သည့် စိုက်စနစ်မှန်ကန်ရေး၊ သီးနှံအလိုက် အထွက်ကောင်းမျိုးကောင်းမျိုးသန့်များသုံးစွဲရေး၊ ဓာတ်မြေဩဇာနှင့် ဒေသထွက်မြေဩဇာများ ပေါင်းစပ်သုံးစွဲရေး၊ သီးနှံအလိုက် ရေတော်မိုးတော်ဧကများ တိုးတက်ဖြစ်ပေါ်လာရေးတို့အတွက်လည်း မြန်မာ့စိုက်ပျိုးရေးလုပ်ငန်းမှ တာဝန်ရှိသူများနှင့် ဒေသခံတောင်သူလယ်သမားများ ပူးပေါင်းကာ ထိထိရောက်ရောက် ဆောင်ရွက်သွားကြရန်လိုအပ်ကြောင်း။

## အကောင်အထည်ဖော်

နိုင်ငံတော်အစိုးရအနေဖြင့် အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုး တိုးတက်သည့် နိုင်ငံတော်ကြီးပေါ်ထွန်းလာစေရေးအတွက် နိုင်ငံရေး၊စီးပွားရေး၊လူမှုရေး ဦးတည်ချက်များချမှတ်ပြီး အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိကြောင်း။

***စာမျက်နှာ ၆ ကော်လံ ၁***

# ဘုရှ်ကြောင့် ကန်၏ စီးပွားရေးတိုးတက်မှုနှေးကွေး
## သမ္မတလောင်း ဂျွန်ကယ်ရီ ဝေဖန်ပြောကြား

ဒါလီစီးတီး ဩဂုတ် ၂၈

**အမေရိကန်ပြည်ထောင်စု၏ စီးပွားရေးတိုးတက်ဖြစ်ထွန်းမှု နှေးကွေးခြင်းသည် သမ္မတဘုရှ်ကြောင့် မျှော်မှန်းချက်များနှင့် ဖြစ်နိုင်ခြေရှိမှု အလားအလာများ လျော့နည်းလာကြောင်းကို သက်သေထူလျက်ရှိသည်ဟု ဒီမိုကရက်တစ်သမ္မတလောင်း ဂျွန်ကယ်ရီက သောကြာနေ့၌ နောက်ဆုံး ဝေဖန်ပြောကြားလိုက်သည်။**

ဆန်ဖရန်စစ္စကိုအနီးရှိ ကျောင်းတစ်ကျောင်း၌ပြုလုပ်သော စီးပွားရေးဆိုင်ရာ ဖိုရမ်၌ မိန့်ခွန်းပြောကြားရာတွင် အမေရိကန်ပြည်သူများကို အကျိုးဖြစ်ထွန်းစေမည့် စီးပွားရေးတစ်ရပ် လိုအပ်ကြောင်း၊ ဖြစ်ပျက်နေသည်များကို နားလည်သဘောပေါက်သော သမ္မတလိုအပ်ကြောင်း ကယ်ရီက ပြောကြားသည်။

### ကျဆင်း

ဒုတိယသုံးလပတ်အတွက် နှစ်ပတ်လည်စုစုပေါင်း ပြည်တွင်းထုတ်ကုန်တန်ဖိုး ၂ ဒသမ ၈ ရာခိုင်နှုန်းသည် လွန်ခဲ့သည့်လက ခန့်မှန်းထားသည့် ၃ ရာခိုင်နှုန်းနှင့် ပထမသုံးလပတ်က ၄ဒသမ ၅ရာခိုင်နှုန်းမှ ကျဆင်းခဲ့ကြောင်း ကုန်သွယ်ရေးဌာနက ပြောကြားခဲ့သည်။ ဘတ်ဂျက်လိုငွေ စံချိန်တင်ခဲ့မှုနှင့် အလုပ်အကိုင်အကြီးမားဆုံး ဆုံးရှုံးခဲ့မှုတို့အား မည်သို့ဖြေရှင်းမည်ဆိုသောအစီအစဉ် ဘုရှ်အစိုးရ၌ မရှိကြောင်း ကယ်ရီက ပြောကြားသည်။

**အမ်အင်အေ၊ရိုက်တာ**

ရေနံပိုက်လိုင်း မီးလောင်

**ဘာဆာရာမြို့တောင်ဘက်တွင် ရေနံပိုက်လိုင်းတစ်ခု တိုက်ခိုက်ခံရမှုကြောင့် မီးလောင်နေသည်ကို ဩဂုတ် ၂၆ ရက်က တွေ့ရစဉ်။** (ဓာတ်ပုံ-အင်တာနက်)

# ပြည်ပရှိသံတမန်အဖွဲ့ အားလုံး နိုးနိုးကြားကြားရှိကြရန် ဖိလစ်ပိုင်က ညွှန်ကြားထား

**မနီလာ ဩဂုတ် ၂၇**

အီရတ်လက်နက်ကိုင် ပြောက်ကျားအုပ်စုက ဖိလစ်ပိုင်နိုင်ငံ၏သံရုံးများအား တိုက်ခိုက်မည်ဟု ခြိမ်းခြောက်ခဲ့ပြီးနောက် ပြည်ပရှိ ဖိလစ်ပိုင်သံတမန်အဖွဲ့ အားလုံးကို နိုးနိုးကြားကြားရှိကြရန် ဖိလစ်ပိုင်က ညွှန်ကြားထားသည်။

ဖိလစ်ပိုင်သံရုံးများနှင့် ကောင်စစ်ဝန်ရုံးများအား ၎င်းတို့၏အဆောက်အအုံများနှင့် လူပုဂ္ဂိုလ်များအတွက် လုံခြုံရေးအတိုင်းအတာကို အရှိန်မြှင့်တင်ထားရန်နှင့် အထူးသတိဝီရိယဖြင့် နိုးနိုးကြားကြားရှိကြရန် အကြံပြုတိုက်တွန်းထားကြောင်း နိုင်ငံခြားရေးဝန်ကြီး အယ်လ်ဘာတိုရိုမြူလိုက ကြေညာချက်တစ်စောင် ထုတ်ပြန်ခဲ့သည်။

လုံခြုံရေးဆိုင်ရာ ညွှန်ကြားချက်များ ပေးထားပြီးဖြစ်သော နိုင်ငံခြား၌ အမှုထမ်းသည့် ပုဂ္ဂိုလ်များအားလုံးသည် သံရုံးများနှင့် ကောင်စစ်ဝန်ရုံးများက အကောင်အထည်ဖော်သော လုံခြုံရေးလုပ်ငန်း ဆောင်ရွက်ချက်များကို သတိပြုရမည်ဟု ရိုမြူလိုက ပြောကြားသည်။ **အမ်အင်အေ၊ဆင်ဟွာ**

# အီရတ်၌ဖမ်းဆီးခံထားရသော အီရန်သတင်းထောက်ပြန်လည်လွတ်မြောက်လာ

**တီဟီရန် ဩဂုတ် ၂၉**

အီရတ်ရဲအဖွဲ့၏ ဖမ်းဆီးခြင်းခံခဲ့ရသော အီရန်နိုင်ငံ၏ အိုင်အာအင်အေသတင်းထောက် မိုစတာဖာဒါဘန်သည် ပြန်လည်လွတ်မြောက်လာခဲ့ပြီးနောက် အီရန်သို့ သောကြာနေ့မွန်းလွဲပိုင်း၌ ပြန်ရောက်လာခဲ့ကြောင်း အိုင်အာရ်အင်အေက သတင်းဖော်ပြသည်။

ဒါဘန်အား ဒေသအရာရှိများထံ လွှဲပြောင်းပေးခဲ့ပြီးနောက် အီရန်အနောက်အပိုင်းရှိ ကာမန်ရှာမြို့သို့ ပြန်ပို့ပေးခဲ့ကြောင်း အိုင်အာရ်အင်အေက သတင်းဖော်ပြသည်။ ဒါဘန်က မိမိအား ဖမ်းဆီးထိန်းသိမ်းမှုနှင့် စပ်လျဉ်း၍ မိမိကိုယ်တိုင် အသေအချာ မသိရသေးကြောင်း နားလည်မှုလွဲမှားခြင်းသာ ဖြစ်မည်ဟု ယုံကြည်ကြောင်း ပြောဆိုသည်။

**အမ်အင်အေ၊ဆင်ဟွာ**

**မိုဆူးလ်မြို့တွင် ကားဗုံးပေါက်ကွဲမှုကြောင့် ပျက်စီးသွားသော မော်တော်ယာဉ်တစ်စီးကို ဩဂုတ် ၂၆ရက်က တွေ့ရစဉ်။** (ဓာတ်ပုံ-အင်တာနက်)

မြန်မာ့အလင်း နိုင်ငံတကာသတင်းများ

# အမေရိကန်တပ်ဖွဲ့ဝင် ၁၂ဦး ဘဂ္ဂဒက်၌ လက်ပစ်ဗုံးထိမှန် ဒဏ်ရာရ

ဘဂ္ဂဒက် ဩဂုတ် ၂၈

**ဘဂ္ဂဒက်မြို့လယ်ကောင်၌ လက်ပစ်ဗုံးဖြင့် သီးခြားတိုက်ခိုက်မှုများ သောကြာနေ့က ဖြစ်ပွားခဲ့ရာတွင် အမေရိကန်တပ်ဖွဲ့ဝင် ၁၂ဦး ဒဏ်ရာရခဲ့ကြောင်း အမေရိကန်စစ်ဘက်က ပြောကြားသည်။**

### လက်ပစ်ဗုံးဖြင့်ပစ်ခတ်

အီရတ် ခုခံတိုက်ခိုက်ရေးသမားများက သောကြာနေ့နံနက် ၁၀နာရီခန့်၌ အမေရိကန်တပ်ဖွဲ့ဝင်များအား လက်ပစ်ဗုံးရှစ်လုံးဖြင့် ပစ်ခတ်ခဲ့သဖြင့် တပ်ဖွဲ့ဝင်ငါးဦး ဒဏ်ရာရခဲ့သည်။ နောက်တစ်နာရီအကြာ၌ ခုခံတိုက်ခိုက်ရေးသမားများက လက်ပစ်ဗုံးနှစ်လုံးဖြင့် ပစ်ခတ်ခဲ့ပြန်ရာ နောက်ထပ် တပ်ဖွဲ့ဝင်ငါးဦး ထပ်မံဒဏ်ရာရခဲ့ပြီး တတိယအကြိမ်ပစ်ခတ်မှုတွင် တပ်ဖွဲ့ဝင်နှစ်ဦး ဒဏ်ရာရခဲ့သည်။ ညတစ်နာရီ၌ ကင်းလှည့်ပြီးသော တပ်ဖွဲ့ဝင်များအား လက်ပစ်ဗုံးနှစ်လုံးဖြင့် ပစ်ခတ်ခဲ့သော်လည်း ဒဏ်ရာရခြင်းမရှိဟု အမေရိကန်စစ်ဘက်က ပြောကြားသည်။

**အမ်အင်အေ၊ ဆင်ဟွာ**

# နာဂျက်ဖ် တိုက်ခိုက်မှု အဆုံးသတ်ရန် ကြိုးပမ်းအားထုတ်မှုများ ကိုဖီအာနန် ကြိုဆို

ကုလသမဂ္ဂ ဩဂုတ် ၂၇

**ကုလသမဂ္ဂအထွေထွေအတွင်းရေးမှူးချုပ် ကိုဖီအာနန်သည် ကြာသပတေးနေ့က နာဂျက်ဖ်မြို့တွင် ဖြစ်ပွားနေသော ရက်သတ္တသုံးပတ်ကြာတိုက်ပွဲများအဆုံးသတ်ရန် ကြိုးပမ်းမှုများကို ကြိုဆိုထောက်ခံလိုက်သည်။**

### ထောက်ခံ

ကိုဖီအာနန်သည် နာဂျက်ဖ်မြို့တွင် ဖြစ်ပွားနေသော တိုက်ခိုက်မှုများကို ငြိမ်းချမ်းသောနည်းဖြင့်အဖြေရှာမှုကို ကြိုဆိုကြောင်း၊ နာဂျက်ဖ်မြို့တွင် လက်နက်ကိုင်တိုက်ခိုက်မှုများ ရပ်စဲရန် သဘောတူညီမှုရရှိခဲ့သောကြောင့် ကြိုဆိုထောက်ခံကြောင်း ၎င်း၏ အစီရင်ခံစာတွင် ဖော်ပြထားသည်။

### စိုးရိမ်

ကိုဖီအာနန်ကလည်း အီရတ်နိုင်ငံကူဖာမြို့နှင့် အခြားဒေသများတွင် တိုက်ခိုက်မှုများ ပြင်းထန်နေမှုအတွက် စိုးရိမ်ပူပန်ကြောင်း၊ အပြစ်မဲ့ပြည်သူများသေကျေဆုံးရှုံးရပြီး ပစ်ခတ်တိုက်ခိုက်မှုများကြောင့် သေဆုံးမှုနှင့် ဒဏ်ရာရရှိမှုများသည်လည်း အရေအတွက် ပိုမိုမြင့်တက်လာကြောင်း ၎င်း၏ အစီရင်ခံစာတွင် ဖော်ပြထားသည်။

### အသင့်ရှိ

ကုလသမဂ္ဂအဖွဲ့ကြီးအနေဖြင့် အီရတ်နိုင်ငံ၏ သဘောထားကွဲလွဲမှုများကို ငြိမ်းချမ်းသော နည်းဖြင့် အဖြေရှာပြီး နိုင်ငံရေးပြုပြင်ပြောင်းလဲမှု ပြုလုပ်ခြင်းကို အထောက်အကူပေးရန် အသင့်ရှိကြောင်း ကိုဖီအာနန်က ထပ်လောင်း ပြောဆိုသည်။

### သဘောတူညီ

အီရတ်ကြားဖြတ်အစိုးရသည် နာဂျက်ဖ်မြို့မှ နိုင်ငံခြားတပ်ဖွဲ့ဝင်များအား ရုပ်သိမ်းရန် အီရတ်အမျိုးသားအစောင့်တပ်ဖွဲ့ဝင်များက တာဝန်ယူရန် ထိခိုက်ခံစားရမှုများကို အာဏာပိုင်များက အလျော်ပေးရန် နောက်ပိုင်း၌ သဘောတူညီခဲ့သည်။

**အမ်အင်အေ၊ဆင်ဟွာ**

# အိန္ဒိယ၏ အရေးကြီးသော စီမံကိန်းအများအပြား အမေရိကန်၏ ပိတ်ပင်မှုကြောင့်နှောင့်နှေး

**နယူးဒေလီ ဩဂုတ် ၂၇**

၁၉၉၈ ခုနှစ်တွင် အိန္ဒိယနိုင်ငံက နျူကလီးယားစမ်းသပ်မှုများပြုလုပ်ခဲ့သဖြင့် အမေရိကန်နှင့် အခြားနိုင်ငံများက အိန္ဒိယနိုင်ငံအား ပိတ်ပင်အရေးယူခဲ့ကြသည်။ ထိုသို့ ပိတ်ပင်အရေးယူမှုကြောင့် အသေးစားတိုက်ခိုက်ရေးလေယာဉ်တီဂျာစ် တည်ဆောက်ရေး စီမံကိန်းတစ်ခုအပါအဝင် အိန္ဒိယနိုင်ငံ၏ အရေးကြီးသော ကာကွယ်ရေးစီမံကိန်းအများအပြား နှောင့်နှေးကြန့်ကြာခဲ့ရသည်။

### တုံ့ပြန်

အရေးကြီးသော စီမံကိန်းများ ကာကွယ်ရေးသုတေသနအစီအစဉ်များသည် ထိုသို့ ပိတ်ပင်အရေးယူမှုကြောင့် ကြန့်ကြာနေခဲ့သည်ဟု ကာကွယ်ရေးဝန်ကြီး ပရာနက်ဗ်မူကာဂျီက အောက်လွှတ်တော်၌ မေးမြန်းချက်ကို တုံ့ပြန်ပြောကြားခဲ့သည်။

ပိတ်ပင်အရေးယူမှုသည် တစ်စိတ်တစ်ပိုင်းရှိမြဲရှိနေဆဲဖြစ်ကြောင်း ၎င်းက ပြောကြားသည်။ အစိုးရ၏လုပ်ဆောင်ချက်များသည် သုတေသနလုပ်ငန်း အစိတ်အပိုင်းပစ္စည်းများ တိုးတက်မှုရှိရေးတို့နှင့်ဆိုင်ကြောင်း ၎င်းကပြောကြားသည်။ **(ပီတီအိုင်)**

## မြန်မာ့အလင်း နိုင်ငံခြားသတင်းများ

# အီရတ်တွင် အကျဉ်းသားများအား ညှဉ်းပန်းနှိပ်စက်မှု ကန်ထောက်လှမ်းရေးတပ်ဖွဲ့ဝင်ကိုးဦး တရားစွဲဆိုခံရမည်

ဝါရှင်တန် ဩဂုတ် ၂၇

**အီရတ်အကျဉ်းသားများအား နှိက်စက်ညှဉ်းပန်းမှုတွင် ပါဝင်မှုဖြင့် ကွန်နက်တီကက်အခြေစိုက် စစ်ထောက်လှမ်းရေးတပ်ဖွဲ့ဝင်ကိုးဦး တရားစွဲခံရမည်ဖြစ်ကြောင်း သိရသည်။**

ဝါတာဗျူရီအခြေစိုက် အမှတ်(၃၂၅)စစ်ထောက်လှမ်းရေးတပ်မှ တပ်ဖွဲ့ဝင် နှစ်ဦး ထက်မနည်းအား အဘူဂါရိပ်အကျဉ်းစခန်းတွင် အကျဉ်းသားများကို ညှဉ်းပန်းနှိပ်စက်မှုအတွက် မကြာမီ တရားစွဲဆိုမည်ဖြစ်သည်။

### အပြစ်ဒဏ်ပေးမည်

အမှုများကို ပြန်လည်သုံးသပ်ပြီးသည့်အခါ တပ်ဖွဲ့မှူးတစ်ဦးချင်းအား ထိုက်သင့်သော အပြစ်ဒဏ်များပေးမည်ဖြစ်ကြောင်း အမေရိကန်စစ်ဘက်ပြောရေးဆိုခွင့်ရှိ အမျိုးသမီး ဒုတိယဗိုလ်မှူးကြီး ပင်မ်မလာဟတ်က ပြောကြားသည်။

စစ်ဘက်ထောက်လှမ်းရေးတပ်ဖွဲ့ဝင် ၂၃ဦးနှင့် အရပ်သား ကန်ထရိုက်လေးဦး အကျဉ်းသားများအား နှိက်စက်မှု၌ ပါဝင်ပတ်သက်ကြောင်း အမှုစစ်ဆေးသူများက ဗုဒ္ဓဟူးနေ့၌ အစီရင်ခံသည်။

### တရားစွဲထား

ယခုအထိ ရာထူးအဆင့်နိမ့်သော ထောက်လှမ်းရေးတပ်ဖွဲ့ဝင် ခုနစ်ဦးကိုသာ အဘူဂါရိပ်အကျဉ်းသားနှိပ်စက်မှုနှင့် ဆက်စပ်ပြီး တရားစွဲထားသည်။

**(အင်တာနက်)**

# ဓားစာခံများ ပြန်လွှတ်ပေးရန် ကူဝိတ်ကုမ္ပဏီ တောင်းဆို

နယူးဒေလီ ဩဂုတ် ၂၈

**အီရတ်၌ဖမ်းဆီးထားသည့် အိန္ဒိယ ဓားစာခံသုံးဦး အလုပ်လုပ်ကိုင်သော ကူဝိတ်ကုမ္ပဏီ ကေဂျီအယ်လ်က အီရတ်၌ ယင်း၏လုပ်ငန်းမရှိတော့ကြောင်း၊ ပြန်ပေးသမားများ ယုံကြည်ပြီး ဖမ်းထားသူများကို လွှတ်ပေးရန် တောင်းဆိုကြောင်း သောကြာနေ့က ပြောကြားလိုက်သည်။**

တောင်းဆိုချက်များအားလုံး စွန့်လွှတ်လိုက်သည့် ပြန်ပေးသမားများ ကြာသပတေးနေ့ ညက ထုတ်ပြန်ခဲ့သော ကြေညာချက်ကို တုံ့ပြန်ရာတွင် ထိုသို့ပြောကြားလိုက်ခြင်း ဖြစ်သည်။

### မျှော်လင့်

ဖြစ်ပေါ်ပြောင်းလဲမှုကို ကြိုဆိုကြောင်း၊ တစ်လကြာခဲ့သော အရေးကိစ္စ စောစီးစွာအဆုံးသတ်ရန် မျှော်လင့်ကြောင်း ကေဂျီအယ်လ်ကုမ္ပဏီ ပြောရေးဆိုခွင့်ရှိသူက ပြောကြားသည်။

ပြန်ပေးဆွဲသူများက ၎င်းတို့၏ တောင်းဆိုချက်များ အားလုံးကို စွန့်လွှတ်ခဲ့သော်လည်း ဓားစာခံများအား လွှတ်ရေး သေချာစေရန်အတွက် အီရတ်၌ ကုမ္ပဏီ၏ လုပ်ငန်းများအဆုံးသတ်ရန် တောင်းဆိုခဲ့သည်။

**အမ်အင်အေ၊ပီတီအိုင်**

နာဂျက်ဖ်မြို့တွင် အီရတ်ပြောက်ကျားတို့နှင့် အမေရိကန်တပ်ဖွဲ့ဝင်များ တိုက်ပွဲဖြစ်ပွားစဉ် ဒုံးကျည်ထိမှန်မှုကြောင့် ပျက်စီးသွားသော အိမ်တစ်လုံးကို ဩဂုတ် ၂၈ရက်က တွေ့ရစဉ်။ (ဓာတ်ပုံ-အင်တာနက်)

# အီရတ်ဝန်ကြီးတစ်ဦး၏ ဆွေမျိုးတစ်ဦးအား ခုခံတိုက်ခိုက်ရေးသမားများက ပြန်လွှတ်ပေး

ဒူဘိုင်း ဩဂုတ် ၂၈

**အီရတ်ကာကွယ်ရေးဝန်ကြီး ဟာဇင်မ်အယ်လ်ရှာလန်း၏ ဆွေမျိုးနှစ်ဦးကို ပြန်ပေးဆွဲခဲ့သော ခုခံတိုက်ခိုက်ရေးသမားများက တစ်ဦးအား ပြန်လွှတ်ပေးလိုက်ကြောင်း အယ်လ်ဂျာဇီရာက သောကြာနေ့၌ သတင်းထုတ်လွှင့်ခဲ့သည်။**

အီရတ်ရဲအဖွဲ့က ခုခံတိုက်ခိုက်ရေးသမား မော့တာဒါအယ်လ်ဆာဒါ၏ လက်ထောက် အလီဆမီဆင်မ်အား လွှတ်ပေးရန်တောင်းဆိုသည်ကို လိုက်လျောဖြည့်ဆည်းပေးခဲ့သဖြင့် ယခုကဲ့သို့ ကာကွယ်ရေးဝန်ကြီး၏ ဇနီးဘက်မှ ဆွေမျိုးတစ်ဦးကို လွှတ်ပေးလိုက်ခြင်းဖြစ်ကြောင်း ကြေညာချက်၌ ဖော်ပြထားသည်။

### မသိရ

ကာကွယ်ရေးဝန်ကြီးဘက်မှ တော်စပ်သည့် ဆွေမျိုးနှင့်စပ်လျဉ်း၍ ဘာမျှ မသိရဟု ဆိုသည်။ ရိုက်ကူးထားသော ဗီဒီယိုတိပ်ခွေတွင် ထိုနှစ်ဦးအား မျက်နှာဖုံးစွပ်ထားသူများ၏ရှေ့၌ ဒူးထောက်လျက် ထိုင်ခိုင်းထားသည်ကို တွေ့ရသည်။

### ပြန်ပေးဆွဲ

အီရတ်ခုခံတိုက်ခိုက်ရေးသမားများသည် နာဂျက်ဖ်မြို့မှ အမေရိကန်တပ်များ ထွက်သွားရန် တောင်းဆိုခဲ့ကြပြီး လူတစ်ဦးချင်း၊ ကုမ္ပဏီများနှင့် တပ်ဖွဲ့ဝင်များ အီရတ်မှထွက်သွားစေရန် လူအများအပြားကို ပြန်ပေးဆွဲခဲ့ကြသည်။

**အမ်အင်အေ၊ရိုက်တာ**

# စတုတ္ထမြောက် ကင်ညာလူမျိုးတစ်ဦး ပြန်ပေးဆွဲခံရဆိုမှု ကင်ညာအစိုးရက အတည်မပြုနိုင်သေးကြောင်း ပြောကြား

နိုင်ရိုဘီ ဩဂုတ် ၂၇

**အီရတ်တွင် စတုတ္ထမြောက် ကင်ညာလူမျိုးတစ်ဦး ပြန်ပေးဆွဲခံရသည်ဆိုသောသတင်းကို ကင်ညာအစိုးရက အတည်မပြုနိုင်သေးကြောင်း ကင်ညာအစိုးရ ပြောခွင့်ရှိသူက ဗုဒ္ဓဟူးနေ့၌ ပြောကြားသည်။**

ထိုသတင်း မှန်မမှန်ကို အသေအချာသိအောင် ကင်ညာနိုင်ငံက ကြိုးပမ်းနေကြောင်း ပြောရေးဆိုခွင့်ရှိသူ အယ်လ်ဖရက်ဒ်မြူတူအာက ပြောကြားသည်။

### ပါဝင်

အီရတ်တွင် ခုခံတိုက်ခိုက်ရေးသမားများသည် လူ ဒါဇင်များစွာကို ပြန်ပေးဆွဲခဲ့ရာတွင် ကင်ညာ သုံးဦးနှင့် ကျော်ဒန် ထရပ်ကားမောင်းသူများနှင့် စီးပွားရေးလုပ်ကိုင်သူများ ပါဝင်ခဲ့သည်။

### ကြိုးပမ်း

ဘလက်ဘင်နာအုပ်စုဟုဆိုသော ခုခံတိုက်ခိုက်ရေးသမားများ ဇူလိုင် ၂၁ ရက်၌ အီရတ်တွင် ပြန်ပေးဆွဲသွားခဲ့သည့် ကင်ညာဓားစာခံလွတ်ရေး အာမခံချက်ရှိရန် ဆက်လက် ကြိုးပမ်းနေကြောင်း မြူတူအာက ပြောကြားသည်။

ထိုဓားစာခံများလွတ်ရေးကို ဆော်ဒီအာရေဗျဆိုင်ရာ ကင်ညာ သံအမတ်ကြီးက ဦးဆောင်ကြိုးပမ်းနေကြောင်း ၎င်းက ပြောကြားသည်။ **အမ်အင်အေ၊ဆင်ဟွာ**

# နာဂျက်ဖ် ငြိမ်းချမ်းရေး သဘောတူညီချက်ရရှိ

**နာဂျက်ဖ် ဩဂုတ် ၂၈**

ထောင်ပေါင်းများစွာသော အီရတ်များသည် ကြွေးကြော်သံများ ဟစ်အော်၍ နာဂျက်ဖ်မြို့ရှိ ထင်ရှားသော အဆောက်အအုံအတွင်းသို့ သောကြာနေ့က ဝင်ရောက်လာကြရာ ၎င်းတို့အား ဆာဒါ၏ ခုခံတိုက်ခိုက်ရေးသမားများက ကြိုဆိုနှုတ်ဆက်ခဲ့ကြသည်။

ငြိမ်းချမ်းရေးအတွက် အကျိုးဆောင်ပေးခဲ့သော အယ်လ်စစ္စတာနီ၏ ထောက်ခံသူများသည် ခုခံတိုက်ခိုက်ရေးသမားများက ၎င်းတို့အား အဆောက်အအုံအတွင်းသို့ ဝင်ရောက်ခွင့်မပေးမီ အဆောက်အအုံ၏ အပြင်ဘက်နံရံများကို နမ်းရှုပ်ခဲ့ကြသည်။

လမ်းတစ်လျှောက်တွင် အယ်လ်ဆာဒါ၏ သစ္စာခံ လက်နက်ကိုင်ဆောင်ထားသော လူငယ်များနှင့် ပြည့်နှက်နေခဲ့သည်။

ပြီးခဲ့သော ကြာသပတေးနေ့က အီရတ်ခေါင်းဆောင် စစ္စတာနီသည် ဆာဒါအား နာဂျက်ဖ်မြို့တွင် ဖြစ်ပွားနေသော ရင်ဆိုင်တိုက်ခိုက်မှုများ အဆုံးသတ်စေရန်အတွက် ဖျောင်းဖျပြောဆိုခဲ့သည်။ ရင်ဆိုင်တိုက်ခိုက်မှုများကြောင့် လူ ၇၄ ဦး ကျော် သေဆုံးခဲ့ရသည်ဟု ဆိုသည်။

**အမ်အင်အေ၊ရိုက်တာ**

# စစ္စတာနီနှင့်ဆာဒါတို့၏ ငြိမ်းချမ်းရေးသဘောတူချက် အီရတ်ကြားဖြတ်အစိုးရလက်ခံ

ဘဂ္ဂဒက် ဩဂုတ် ၂၈

**အီရတ်ကြားဖြတ်အစိုးရသည် နာဂျက်ဖ်မြို့ ပျက်သုဉ်းလုနီးပါးအခြေအနေတွင် အီရတ်ခေါင်းဆောင် အယ်လ်စစ္စတာနီနှင့် အယ်လ်ဆာဒါတို့ ရရှိခဲ့သော ငြိမ်းချမ်းရေးသဘောတူညီချက်အား လက်ခံခဲ့သည်ဟု အီရတ်ကြားဖြတ်အစိုးရအဖွဲ့ ဝန်ကြီး ဒါအွဒ်က ကြာသပတေးနေ့၌ ပြောဆိုသည်။**

အီရတ်ခေါင်းဆောင် အယ်လ်စစ္စတာနီက အမေရိကန်တို့ထံ တင်ပြထားသော ငြိမ်းချမ်းစွာ အဖြေရှာရန်အစီစဉ်ကို အီရတ်ကြားဖြတ်အစိုးရက လက်ခံခဲ့ကြောင်း ဒါအွဒ်က သတင်းစာရှင်းလင်းပွဲတွင် ထုတ်ဖော်ပြောကြားခဲ့သည်။

အယ်လ်ဆာဒါသည် ၎င်းသွားချင်သောနေရာများကို လွတ်လပ်စွာသွားလာနိုင်ပြီး ၎င်းသည် နာဂျက်ဖ်မြို့ရှိ သူ၏နေအိမ်တွင် နေထိုင်နိုင်မည် ဖြစ်သည်။ ၎င်းလုပ်ချင်သောအရာများကို အီရတ်ပြည်သူများကဲ့သို့ပင် လွတ်လပ်စွာ လုပ်ဆောင်နိုင်ကြောင်း ၎င်းက ပြောဆိုသည်။

**အမ်အင်အေ၊ဆင်ဟွာ**

### မီးလောင်

**ဘဂ္ဂဒက်မြို့ ဆာဒါစီးတီးအရပ်တွင် အီရတ်ပြောက်ကျားများနှင့် အမေရိကန်တပ်ဖွဲ့ဝင်များ တိုက်ပွဲဖြစ်ပွားမှုကြောင့် မီးလောင်နေသည်ကို ဩဂုတ် ၂၈ရက်က တွေ့ရစဉ်။** (ဓာတ်ပုံ-အင်တာနက်)

စာမျက်နှာ ၃ မှ

နိုင်ငံရေးကဏ္ဍတွင် အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီ နိုင်ငံတော်ကြီး ပေါ်ထွန်းလာရေးအတွက် နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ်ကို ချမှတ်ကာ ဆောင်ရွက်လျက်ရှိရာတွင် ပထမဆင့်ဖြစ်သည့် အမျိုးသားညီလာခံကြီးကို ကျင်းပပေးလျက်ရှိကြောင်း။

အမျိုးသားညီလာခံကျင်းပခြင်း အပါအဝင် နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ်ကို အဆင့်ဆင့်ဆောင်ရွက်သွားမည်ဖြစ်ရာ ယခုဆိုလျှင် ပထမဆင့်ဖြစ်သော အမျိုးသားညီလာခံ၏ အပိုင်းကဏ္ဍတစ်ရပ်ကို အောင်မြင်စွာ ကျင်းပနိုင်ခဲ့ပြီဖြစ်ကြောင်း၊ ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် ဒီမိုကရေစီနိုင်ငံတော်ကြီး ထူထောင်နိုင်ရေးအတွက် အသွင်ကူးပြောင်းဆောင်ရွက်သည့်နေရာတွင် အခြေခံလိုအပ်ချက် သုံးချက်ရှိရမှာဖြစ်ကြောင်း၊ ပထမအခြေခံလိုအပ်ချက်အနေဖြင့် နိုင်ငံတော် တည်ငြိမ်အေးချမ်းပြီး တရားဥပဒေစိုးမိုးရေးဖြစ်ထွန်းနေရန်လိုကြောင်း၊ ဒုတိယအခြေခံလိုအပ်ချက်အနေဖြင့် နိုင်ငံတော်၏ စီးပွားရေးခိုင်မာတောင့်တင်းပြီး ပြည်သူအများ စားဝတ်နေရေးဖူလုံပြည့်စုံလျက် လူနေမှုဘဝအဆင့်အတန်း တိုးတက်မြင့်မားနေရန်လိုကြောင်း၊ တတိယ အခြေခံလိုအပ်ချက်မှာ ပြည်သူများ အသိဉာဏ်မြင့်မားမှု၊ ဆင်ခြင်တုံတရားပြည့်ဝမှု အရည်အသွေးများ တိုးတက်ဖြစ်ထွန်းစေရေးပင်ဖြစ်ကြောင်း၊ သို့မှသာ ပြည်သူများသည် မိမိတို့ လိုလားတောင့်တနေကြသည့် ခေတ်မီဖွံ့ဖြိုးတိုးတက်သော ဒီမိုကရေစီနိုင်ငံတော်သို့ တက်လှမ်းနိုင်မှာဖြစ်ကြောင်း။

### တက်ညီလက်ညီပူးပေါင်း

သို့ဖြစ်၍ အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် ဒီမိုကရေစီ နိုင်ငံတော်ကြီး ပေါ်ထွန်းရေးအတွက် အခြေခံလိုအပ်ချက်တစ်ရပ်ဖြစ်သည့် အမျိုးသားစီးပွားတောင့်တင်းခိုင်မာရေးတွင် စိုက်ပျိုးရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးသည် အဓိကကျသည့် အခန်းကဏ္ဍက ပါဝင်လျက်ရှိနေကြောင်း၊ ထိုကဲ့သို့ အမျိုးသားစီးပွားရေးဘဝ တောင့်တင်းခိုင်မာရေးအတွက် အားလုံးက တက်ညီလက်ညီ ပူးပေါင်းဆောင်ရွက်သွားကြရန်လိုကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် ဘားလားဒေသမှ တောင်သူလယ်သမားများက ရေကျနောက်စိုက် မိုးစပါးများ ပြန်လည်စိုက်ပျိုးဆောင်ရွက်ခဲ့မှုများနှင့် လိုအပ်ချက်များကို ရှင်းလင်းတင်ပြကြသည်။

### ဖြည့်စွက်ရှင်းလင်း

ဆက်လက်၍ မြန်မာ့စိုက်ပျိုးရေးလုပ်ငန်းမှ တိုင်းမန်နေဂျာ ဦးအောင်ဆန်းက ဘားလားရေကြီးကွင်း၊ ရေနက်ကွင်းအပါအဝင် ရန်ကုန်တိုင်းအတွင်း၌ ရေကျနောက်စိုက် မိုးစပါးများ အချိန်မီစိုက်ပျိုးနိုင်ရန် ပံ့ပိုးဆောင်ရွက်ပေးခဲ့မှု၊ သီးနှံအထွက်နှုန်း တိုးတက်ရရှိရေးအတွက် စိုက်စနစ်မှန်ကန်ရေး၊ သီးနှံအလိုက် အထွက်ကောင်းမျိုးများ သုံးစွဲရေး၊ ဓာတ်မြေဩဇာနှင့် သဘာဝမြေဩဇာ ပေါင်းစပ်သုံးစွဲရေး ပညာပေးဆောင်ရွက်ခဲ့မှုများနှင့် မိုးစပါး၊ နွေစပါးအပြင် ဆီထွက်သီးနှံများဖြစ်သည့် နေကြာ၊ နှမ်းနှင့် အခြားသီးနှံများကို စိုက်ပျိုးရန် ပညာပေး ဆောင်ရွက်နေမှုများနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြရာ မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးထွန်းသန်းက ဖြည့်စွက်ရှင်းလင်းတင်ပြသည်။

တင်ပြချက်များနှင့်စပ်လျဉ်း၍ အတွင်းရေးမှူး(၂) ဒုတိယဗိုလ်ချုပ်ကြီး သိန်းစိန်က လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးပြီး နံနက်ပိုင်းတွင် ဘားလားစိုက်ကွင်းမှ ပြန်လည်ထွက်ခွာသွားသည်။ **(သတင်းစဉ်)**

# တောင်သာမြို့နယ် ဝဲလောင်အထက ပညာရည်ချွန်ဆုပေးပွဲကျင်းပ
# ဝန်ကြီးဦးအောင်သောင်း တက်ရောက် ဂုဏ်ပြုဆုချီးမြှင့်

ရန်ကုန် ဩဂုတ် ၂၉

**ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး အမှတ်(၁)စက်မှုဝန်ကြီးဌာနဝန်ကြီး ဦးအောင်သောင်းသည် ဩဂုတ် ၂၇ရက် မွန်းလွဲ ၁နာရီတွင် မန္တလေးတိုင်း တောင်သာမြို့နယ် ဝဲလောင်အခြေခံပညာအထက်တန်းကျောင်း ဗိုလ်ရာညွန့်ခန်းမဆောင်၌ကျင်းပသည့် နဝမအကြိမ်မြောက် ပညာရည်ချွန်ဆုပေးပွဲအခမ်းအနားသို့ တက်ရောက်သည်။**

အစီအစဉ်အရ ဝန်ကြီး ဦးအောင်သောင်းက အမှာစကားပြောကြားသည်။

ဆက်လက်၍ ဝဲလောင်အခြေခံပညာအထက်တန်းကျောင်း ကျောင်းအုပ်ဆရာကြီး ဦးသာထူးက ကျောင်းသား ကျောင်းသူများ၏ ပညာရပ်မြင့်တင်ရေးဆောင်ရွက်မှု အခြေအနေများကို တင်ပြသည်။

### ဂုဏ်ပြုဆုချီးမြှင့်

ယင်းနောက် ဝန်ကြီး ဦးအောင်သောင်းက ၂၀၀၃-၂၀၀၄ခု ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ဂုဏ်ထူးရရှိအောင် သင်ကြားပြသခဲ့ကြသော ကျောင်းအုပ်ဆရာကြီးနှင့် ဆရာ ဆရာမများအား ဂုဏ်ပြု ဆုများ ချီးမြှင့်သည်။

ဆက်လက်၍ ဝန်ကြီးသည် ၂၀၀၃-၂၀၀၄ခု ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင်သုံးဘာသာ ဂုဏ်ထူးရရှိကြသော မောင်ကျော်ဇင်သိန်းနှင့် မောင်ချမ်းမင်းကိုကိုတို့အား ဂုဏ်ပြုဆုများ ပေးအပ်သည်။

ထို့နောက် ဝန်ကြီး၏ဇနီး ဒေါ်ခင်ခင်ရီက နှစ်ဘာသာဂုဏ်ထူးရရှိကြသော မောင်ဇော်မင်းထွန်း၊ မောင်ဟန်လင်းမောင်၊ မောင်သန့်ဇင်ဝင်းနှင့် မောင်အောင်ဇင်ဦးတို့အား ဂုဏ်ပြုဆုများပေးအပ်သည်။

ဆက်လက်၍ မြန်မာ့အထည်အလိပ်လုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးဦးသိန်းမောင်၊ မြန်မာ့စားသောက်ကုန်လုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဒုတိယဗိုလ်မှူးကြီး စိုးလှိုင်နှင့် မြင်းခြံခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးဝင်းမြင့်တို့က တစ်ဘာသာဂုဏ်ထူးရရှိကြသူများအား ဂုဏ်ပြုဆုများ ပေးအပ်သည်။

ထို့နောက် ၂၀၀၃-၂၀၀၄ခု ပညာသင်နှစ် နဝမတန်းမှ သူငယ်တန်းအထိ အတန်းလိုက် ပထမ၊ဒုတိယ၊ တတိယ ရရှိကြသည့် ကျောင်းသားကျောင်းသူများအား တာဝန်ရှိသူအသီးသီးက ဆုများ ပေးအပ်ကြသည်။

ဝန်ကြီးသည် ညနေ ၃ နာရီတွင် တောင်သာမြို့နယ် တလိုင်းရပ်ရွာသစ် အခြေခံပညာ အထက်တန်းကျောင်း ဦးအာလောကခန်းမဆောင်၌ ကျင်းပသည့် အဋ္ဌမအကြိမ် ပညာရည်ချွန်ဆုပေးပွဲအခမ်းအနားသို့ တက်ရောက်ပြီး ၂၀၀၃-၂၀၀၄ခု ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် နှစ်ဘာသာ ဂုဏ်ထူးရရှိသူ မနှင်းလဲ့ညို အားလည်းကောင်း၊ တစ်ဘာသာ ဂုဏ်ထူးရရှိကြသော မောင်ထွန်းလှဖြူ၊ မမြမြမိုး၊ မောင်သူရိန်ထွန်းနှင့် မအေးဇာမိုးတို့အားလည်းကောင်း ဂုဏ်ပြုဆုများပေးအပ်သည်။

ဆက်လက်၍ ဝန်ကြီး၏ဇနီး ဒေါ်ခင်ခင်ရီက ဂုဏ်ထူးရရှိအောင် သင်ကြားပြသပေးကြသော ဆရာ ဆရာမများကိုယ်စား ကျောင်းအုပ်ဆရာမကြီးဒေါ်ခင်ဝင်းအား ဂုဏ်ပြုဆုများ ပေးအပ်သည်။

ထို့နောက် နဝမတန်းမှ သူငယ်တန်းအထိ အတန်းလိုက် ပထမ၊ ဒုတိယနှင့် တတိယ ရရှိကြသည့် ကျောင်းသား ကျောင်းသူများအား မန္တလေးတိုင်း ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဦးတင်မောင်ဦး၊ မြင်းခြံခရိုင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဦးအောင်ဇံ၊ တောင်သာမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဦးသောင်းစိန်နှင့် တာဝန်ရှိသူတို့က ဂုဏ်ပြုဆုများ ပေးအပ်ကြသည်။

### ဖြည့်ဆည်းပေး

ဝန်ကြီးသည် ညနေ ၄ နာရီတွင် ဝဲလောင်တိုက်နယ်ဆေးရုံသို့ ရောက်ရှိပြီး လိုအပ်ချက်များကို ဖြည့်ဆည်းပေးသည်။

ထိုမှတစ်ဆင့် ဝန်ကြီးသည် တောင်သာမြို့နယ် ဆီမီးကန် အခြေခံပညာ အထက်တန်းကျောင်းခွဲသို့ ရောက်ရှိပြီး ခန်းမဆောင်တည်ဆောက်ရန်အတွက် ပန္နက်တင်ပေးသည်။

ထို့နောက်ဝန်ကြီးသည် ဆီမီးကန် အခြေခံပညာအထက်တန်းကျောင်းခွဲနှင့် ရုံးတောအခြေခံပညာ အထက်တန်းကျောင်းတို့၏ ဆဋ္ဌမအကြိမ် ပညာရည်ချွန်ဆုချီးမြှင့်ပွဲ အခမ်းအနားသို့ တက်ရောက်ပြီး ၂၀၀၃-၂၀၀၄ခု ပညာသင်နှစ်တက္ကသိုလ်ဝင် စာမေးပွဲတွင် ဂုဏ်ထူးတစ်ဘာသာဖြင့် အောင်မြင်ကြသူ မောင်စိုင်းကိုကိုနှင့် မောင်ကျင်အောင်ဝေတို့အား ဂုဏ်ပြုဆုများ ပေးအပ်သည်။

ဆက်လက်၍ ဝန်ကြီး၏ဇနီးက ဂုဏ်ထူးရရှိအောင် သင်ကြားပြသပေးကြသော ဆရာ ဆရာမများအား ဂုဏ်ပြုဆုများ ပေးအပ်ပြီး တာဝန်ရှိသူများက ၂၀၀၃-၂၀၀၄ခု ပညာသင်နှစ် နဝမတန်းမှ သူငယ်တန်းအထိ အတန်းလိုက် ပထမ၊ဒုတိယ၊ တတိယ ရရှိကြသူများအား ဆုများပေးအပ်ကြသည်။

ထို့နောက်ဝန်ကြီးက ဆီမီးကန် အခြေခံပညာ အထက်တန်းကျောင်းခွဲ ခန်းမဆောင်တည်ဆောက်ရန် ငွေကျပ် ၁၀ သိန်း ပေးအပ်လှူဒါန်းသည်။

### တွေ့ဆုံမှာကြား

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဦးအောင်သောင်းသည် ညနေ ၆နာရီတွင် ကျောက္ကာကျေးရွာ မဟာဗောဓိ ကျောင်းဝင်းအတွင်း၌ တောင်သာမြို့နယ်အတွင်းရှိ ကျေးရွာအုပ်စု ခုနစ်အုပ်စုတို့မှ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း စည်းရုံးရေးမှူးများအား တွေ့ဆုံမှာကြားကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး အမှတ်(၁)စက်မှုဝန်ကြီးဌာနဝန်ကြီး ဦးအောင်သောင်း မန္တလေးတိုင်း တောင်သာမြို့နယ် ဝဲလောင်အခြေခံ ပညာအထက်တန်းကျောင်း နဝမအကြိမ်မြောက် ပညာရည်ချွန်ဆုပေးပွဲ အခမ်းအနားတွင် ဆုရကျောင်းသားတစ်ဦးအား ဆုချီးမြှင့်စဉ်။ (စက်မှု-၁)

# ဝန်ကြီးဗိုလ်ချုပ်သိန်းဆွေနှင့်ကော်မတီဝင်များ
# မော်တော်ယာဉ်မသုံးစွဲရနေ့ စစ်ဆေးရေးအဖွဲ့များအား လှည့်လည်စစ်ဆေး

**ရန်ကုန် ဩဂုတ် ၂၉**

မော်တော်ယာဉ်မသုံးစွဲရနေ့ စစ်ဆေးကြပ်မတ်ရေးကော်မတီ ဒုတိယဥက္ကဋ္ဌ ဝန်ကြီးချုပ်ရုံး ဝန်ကြီး ဗိုလ်ချုပ်သိန်းဆွေသည် ကော်မတီဝင်များဖြစ်ကြသော ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်ဘုန်းဆွေ၊ ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်အေးမြင့်ကြူ၊ ရဲချုပ် ဗိုလ်မှူးချုပ်ခင်ရီ၊ စစ်ထောက်ချုပ်ရုံးမှ ဒုတိယဗိုလ်မှူးကြီးအောင်သူ၊ တပ်ထိန်းတပ် တပ်မှူး ဗိုလ်မှူးဝင်းမြင့်ထွန်း၊ ညွှန်ကြားရေးမှူးချုပ် ဦးသိုက်ထွန်း၊ ညွှန်ကြားရေးမှူးများဖြစ်ကြသော ဒုတိယဗိုလ်မှူးကြီးတင်မောင်ကြည်နှင့် ဦးမျိုးညွန့်၊ အတွင်းရေးမှူး အစိုးရအဖွဲ့ရုံး ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးစိန်လှ၊ တွဲဖက်အတွင်းရေးမှူး ရန်ကုန်တိုင်း ကြိုးမဲ့ကြေးနန်းနှင့် ယာဉ်ထိန်းတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီး အောင်နိုင်တို့လိုက်ပါလျက် ယနေ့နံနက်ပိုင်းနှင့် ညနေပိုင်းတို့တွင် မော်တော်ယာဉ်မသုံးစွဲရနေ့ စစ်ဆေးရေးအဖွဲ့များက တပ်မတော်မော်တော်ယာဉ်များနှင့် ဌာနဆိုင်ရာမော်တော်ယာဉ်များ သွားလာသုံးစွဲမှု စစ်ဆေးနေကြသည်တို့ကို လှည့်လည်စစ်ဆေး ကြပ်မတ်ကြသည်။ **(အပေါ်ပုံ)**

နိုင်ငံတော်အစိုးရပိုင် မော်တော်ယာဉ်များမသုံးစွဲရနေ့ဖြစ်သော ယနေ့တွင် စစ်ဆေးရေးအဖွဲ့များသည် နံနက် ၇နာရီမှ ညနေ ၅နာရီအထိ ရန်ကုန်မြို့၏ အဓိကအချက်အချာကျသောနေရာများ၌ တပ်မတော်မော်တော်ယာဉ်များနှင့် ဌာနဆိုင်ရာမော်တော်ယာဉ်များ သွားလာသုံးစွဲရာတွင် မော်တော်ယာဉ်မသုံးစွဲရနေ့ စည်းကမ်းချက်များဖြစ်သည့် သက်ဆိုင်ရာ တပ်၊ ဌာနများ၏ မော်တော်ယာဉ်သုံးစွဲခွင့်လက်မှတ် (Dry Day Pass)၊ ယာဉ်မောင်းလိုင်စင်၊ ယာဉ်လိုင်စင်(ဗီးတက်)နှင့် ဌာနဆိုင်ရာဝတ်စုံများ ဝတ်ဆင်ခြင်းတို့ကို လိုက်နာဆောင်ရွက်ခြင်း ရှိ မရှိနှင့် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းချိုးဖောက်မှုများကိုပါ စစ်ဆေးကြသည်။ **(သတင်းစဉ်)**


## ကျေးရွာတိုင်း ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်ရှိသင့်သည်

* ကျေးရွာတိုင်း ကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်များဖွင့်လှစ်နိုင်ရန် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနနှင့် ဆက်သွယ်ပါ။

* ကျေးရွာကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်များအတွက် သုတ/ ရသစာအုပ်များလှူဒါန်းနိုင်ပါသည်။

ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန

# လျှပ်စစ်နှင့်စက်သုံးဆီသုံးစွဲမှုကြီးကြပ်စစ်ဆေးရေးကော်မတီဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဝင်ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်း ဌာနဆိုင်ရာရုံးများ၌လျှပ်စစ်မီးချွေတာသုံးစွဲမှုလှည့်လည်ကြည့်ရှုစစ်ဆေး

ရန်ကုန် ဩဂုတ် ၂၉

လျှပ်စစ်နှင့်စက်သုံးဆီသုံးစွဲမှု ကြီးကြပ်စစ်ဆေးရေးကော်မတီဥက္ကဋ္ဌ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် တပ်မတော်လေ့ကျင့်ရေးအရာရှိချုပ် ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းသည် ဒုတိယတပ်မတော်လေ့ကျင့်ရေးအရာရှိချုပ် ဗိုလ်ချုပ်ဝင်းမြင့်၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ ဒုတိယဥက္ကဋ္ဌ ဒုတိယမြို့တော်ဝန် ဗိုလ်မှူးကြီးမောင်ပါနှင့် တာဝန်ရှိသူများလိုက်ပါလျက် ဩဂုတ် ၂၈ရက် ည ၈နာရီတွင် ရန်ကုန်တိုင်း အလုံမြို့နယ်အတွင်းရှိ စက်သုံးဆီအရောင်းဆိုင်များ၊ အလုံဓာတ်အားပေးစက်ရုံ၊ မြို့တော်ခန်းမ၊ မဟာဗန္ဓုလပန်းခြံ၊ ဝန်ကြီးများရုံး၊ ရန်ကုန်စာတိုက်ကြီး၊ မြန်မာ့လေကြောင်း၊ အကောက်ခွန်ဦးစီးဌာန၊ ခြောက်ထပ်ရုံး၊ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနနှင့် ဗိုလ်ချုပ်ဈေးတို့သို့ လှည့်လည်သွားရောက်၍ လျှပ်စစ်ဓာတ်အားသုံးစွဲမှုနှင့် ချွေတာသုံးစွဲမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးရာ သက်ဆိုင်ရာဝန်ကြီးဌာနနှင့် ရုံးများမှ တာဝန်ရှိသူများက လိုက်လံပြသရှင်းလင်းတင်ပြကြသည်။

## မှာကြား

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းက သက်ဆိုင်ရာရုံးခန်းများအလိုက် ညအချိန်လုပ်ငန်းဆောင်ရွက်ရာတွင် လုံလောက်သော မီးအလင်းရောင်ကိုသာ အသုံးပြုရန်၊ မီးချောင်းအရေအတွက် တစ်ချောင်းနှင့်လုံလောက်လျှင် တစ်ချောင်းသာအသုံးပြုပြီး ကျန်မီးချောင်းများ ပိတ်ထားရန်၊ ညအချိန်တာဝန်မှူးရုံးခန်းနှင့် လုံခြုံရေးအတွက် လိုအပ်သည့်နေရာများ၌သာ မီးထွန်းထားရန်နှင့် အလင်းရောင်ရရှိလာချိန်တွင် မီးများပိတ်ရန်၊ ပန်းခြံနှင့် ဈေးများအတွင်း၌ လုံခြုံရေးအတွက် လိုအပ်သောမီးများမှအပ ကျန်မီးများပိတ်ထားပြီး လုံခြုံရေးမီးများကိုလည်း မိုးလင်းအထိ မထွန်းမိကြစေရေး ဂရုပြုဆောင်ရွက်ရန်၊ လမ်းမီးများကိုလည်း အမှောင်စပျိုးချိန်ဖွင့်စေပြီး အလင်းရောင်သန်းလာသည်နှင့် မီးအားလုံးပိတ်ရန်တို့ကို မှာကြားသည်။

## လှည့်လည်ကြည့်ရှု

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းသည် ရန်ကုန်မြို့တော်အတွင်း မြို့နယ်များအလိုက် လျှပ်စစ်ဓာတ်အားရရှိ၊ သုံးစွဲနေမှုအခြေအနေများကို မော်တော်ယာဉ်များဖြင့် လှည့်လည်ကြည့်ရှု စစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

## ကြည့်ရှုစစ်ဆေး

**လျှပ်စစ်နှင့် စက်သုံးဆီသုံးစွဲမှု ကြီးကြပ်စစ်ဆေးရေး ကော်မတီ ဥက္ကဋ္ဌ နိုင်ငံတော် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဝင် တပ်မတော် လေ့ကျင့်ရေး အရာရှိချုပ် ဒုတိယဗိုလ်ချုပ်ကြီး ကျော်ဝင်း ခြောက်ထပ်ရုံးတွင် လျှပ်စစ်မီး ချွေတာသုံးစွဲမှုကို လှည့်လည်ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)**

# ဂျပန်နိုင်ငံ နင်ဘုစုရှု ကမ္ဘာ့ဗုဒ္ဓဘာသာထိပ်သီးညီလာခံ ကျင်းပရေးလုပ်ငန်းကော်မတီ အတွင်းရေးမှူးရောက်ရှိ

**ရန်ကုန် ဩဂုတ် ၂၉**

မြန်မာနိုင်ငံ၌ ကျင်းပမည့်စတုတ္ထအကြိမ် ကမ္ဘာ့ဗုဒ္ဓဘာသာထိပ်သီးညီလာခံ ကြိုတင်ညှိနှိုင်းအစည်းအဝေးသို့ တက်ရောက်ရန် ဂျပန်နိုင်ငံ နင်ဘုစုရှု ကမ္ဘာ့ဗုဒ္ဓဘာသာထိပ်သီးညီလာခံကျင်းပရေး လုပ်ငန်းကော်မတီ အတွင်းရေးမှူး ဘုန်းတော်ကြီး ဟီရိုရှိ ဖူဂျီကုရ ဦးဆောင်သောအဖွဲ့ဝင် ၂၄ဦးတို့သည် ယနေ့ညပိုင်းတွင် ရန်ကုန်မြို့သို့ ရောက်ရှိလာရာ သာသနာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်သူရအောင်ကို၊ အကြံပေးပုဂ္ဂိုလ် ဦးအုံ့မောင်၊ သာသနာရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာမျိုးမြင့်၊ သာသနာတော်ထွန်းကားပြန့်ပွားရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးစန်းလွင်၊ အပြည်ပြည်ဆိုင်ရာ ထေရဝါဒဗုဒ္ဓသာသနာပြုတက္ကသိုလ် ဒုတိယပါမောက္ခချုပ်(စီမံ) ဒေါက်တာမြင့်ကြည်နှင့် တာဝန်ရှိသူများက ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်တွင် ကြိုဆိုနှုတ်ဆက်ကြသည်။ **(သတင်းစဉ်)**

# ဇီဝလောင်စာသုံးစွဲမှုဆွေးနွေးပွဲတက်ရောက်ရန် ဒုတိယဝန်ကြီးဗိုလ်မှူးချုပ်သန်းရွှေ ထိုင်းနိုင်ငံသို့ထွက်ခွာ

**ရန်ကုန် ဩဂုတ် ၂၉**

စွမ်းအင်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်သန်းရွှေသည် ထိုင်းနိုင်ငံ ဗန်ကောက်မြို့၌ ကျင်းပမည့် ဇီဝလောင်စာသုံးစွဲမှုဆိုင်ရာ ဆွေးနွေးပွဲ (Conference on Biofuel) သို့တက်ရောက်ရန် ထိုင်းနိုင်ငံသို့ ယနေ့နံနက်ပိုင်းတွင် လေကြောင်းခရီးဖြင့်ထွက်ခွာသွားရာ စွမ်းအင်ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်လွန်းသီနှင့် ဌာနဆိုင်ရာအကြီးအကဲများ၊ မိသားစုများက ပို့ဆောင်နှုတ်ဆက်ကြသည်။ **(ယာပုံ)**

## လိုက်ပါ

ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်သန်းရွှေနှင့်အတူ အဖွဲ့ဝင်အဖြစ် မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်းမှ ညွှန်ကြားရေးမှူး(စီမံရေး) ဦးသောင်းမြင့် လိုက်ပါသွားကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

## မြန်မာ့ရုပ်မြင်သံကြား

**၁၃၆၆ ခုနှစ် ဝါခေါင်လပြည့်နေ့ (ဥပုသ်နေ့)**
**၃၀–၈–၂၀၀၄ (တနင်္လာနေ့)**

**နံနက်ပိုင်း**

- ၇:၀၀ ၁။ အဘိဓေ အဂ္ဂမဟာ သဒ္ဓမ္မဇောတိက တောင်တန်းသာသာနာပြု ဆရာတော်ကြီး ဦးဥတ္တမသာရ၏ ပရိတ်တရားတော်
- ၇:၁၅ ၂။ တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တ သီရိန္ဒာဘိဝံသ (ယောဆရာတော်) ဟောကြားတော်မူအပ်သော ဥပ္ပါတသန္တိပါဠိတော်
- ၇:၃၀ ၃။ နံနက်ခင်းသတင်း
- ၇:၄၀ ၄။ နိုင်ငံတော် သံဃမဟာနာယက အဖွဲ့ တွဲဖက်အကျိုးတော်ဆောင် မန္တလေးတိုင်း မြင်းခြံမြို့ ဇေယျာလင်္ကာရ ပရိယတ္တိစာသင်တိုက် ပဓာန နာယက ဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တ ကိတ္တိ ဟောကြားတော်မူသည့် **'မေတ္တာအခါတော်နေ့တရားတော်'**
- ၈:၁၅ ၅။ သံသာချိုအေး မင်္ဂလာတေး
- ၈:၃၀ ၆။ International News
- ၈:၄၅ ၇။ Islands of Dhamma
- ၈:၅၀ ၈။ ဘဒ္ဒန္တ ဇောတိပါလ (အဘိဓေ မဟာရဋ္ဌဂုရု အဘိဓေ အဂ္ဂမဟာ သဒ္ဓမ္မဇောတိက) နိုင်ငံတော် ဩဝါဒါစရိယ ဆရာတော် သိရီမင်္ဂလာ ကြခတ်ဝိုင်းကျောင်းတိုက် ပဲခူးမြို့ထံမှ နဝင်္ဂဥပေါသထ သီလ ခံယူဆောက်တည်ခြင်း

**ညပိုင်း**

- ၁၆:၀၀ ၁။ စစ်ချီတေး၊ စစ်သည်တေး
- ၁၆:၁၅ ၂။ မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ
- ၁၆:၃၀ ၃။ ရန်ကုန်တိုင်း အမှတ် (၃) အခြေခံပညာဦးစီးဌာန ဆဋ္ဌမအကြိမ် ဓမ္မစကြာဝတ်ရွတ်ပူဇော်ပွဲ(တတိယဆု) (အထက–၁၊ ကျောက်တန်း) (အမျိုးသမီး ဝတ်ရွတ်အဖွဲ့)
- ၁၇:၀၀ ၄။ ဓမ္မပူဇာတေးအစီအစဉ်
- ၁၇:၁၀ ၅။ အဝေးသင်တက္ကသိုလ် ပညာရေးရုပ်မြင်သံကြား သင်ခန်းစာ ဒုတိယနှစ် (ရူက္ခဗေဒ အထူးပြုများ) (ရုက္ခဗေဒ)
- ၁၇:၂၅ ၆။ စက်မှုစွမ်းအား ခေတ်ကျော်လွှား
- ၁၇:၃၅ ၇။ တေးဂီတအစီအစဉ် (မြန်မာ့အသံ ခေတ်ပေါ်တေးဂီတအဖွဲ့ ဖျော်ဖြေခန်း)
- ၁၇:၄၅ ၈။ ပြည်ထောင်စုတိုင်းရင်းသားရိုးရာ အဆို အကများ
- ၁၇:၅၅ ၉။ မဟာဝံသ မြတ်ဗုဒ္ဓ (ဒုတိယပိုင်း) **'ဗုဒ္ဓပူဇာ အဖွင့်တေးအလင်္ကာ'** (ဘုရားပွင့်ဦး နိမိတ်ထူး) (ဣန္ဒာဆွေ ရေးသားပူဇော်၍ ရာဇာဝင်းတင့် သီဆိုပူဇော်သည်)
- ၁၈:၁၀ ၁၀။ Discovery
- ၁၈:၁၅ ၁၁။ နိုင်ငံခြားကာတွန်းဇာတ်လမ်းတွဲ **'မျောက်မင်းဂူခုန်း'** (အပိုင်း–၁၉)
- ၁၈:၃၀ ၁၂။ ညနေခင်းသတင်း
- ၁၉:၀၀ ၁၃။ မိုးလေဝသအခြေအနေ
- ၁၉:၀၅ ၁၄။ မြန်မာ့ဆေးလောက၏ သမိုင်းမှတ်တိုင်သစ် (အသည်းအစားထိုး ကုသခြင်း) (အပိုင်း–၃)
- ၁၉:၂၀ ၁၅။ သာသနာတော်သုံးရပ် ပြန့်ပွားစေရန် လှူဒါန်းကြပါစို့ သဒ္ဒါထက်သန်
- ၁၉:၄၀ ၁၆။ သီတဂူဆရာတော် အရှင်ဉာဏိဿရ၏ မေတ္တာသုတ္တန်တရားတော်
- ၂၀:၀၀ ၁၇။ ပြည်တွင်းသတင်း
- ၁၈။ နိုင်ငံတကာသတင်းများ
- ၁၉။ မိုးလေဝသအခြေအနေ
- ၂၀။ နိုင်ငံခြားဇာတ်လမ်းတွဲ **" တစ်ရံရောအခါ "** (အပိုင်း–၁၇)
- ၂၁။ မင်းကွန်း ဆရာတော်ဘုရားကြီး ဦးဝိစိတ္တသာရာဘိဝံသ၏ အရပ်ဆယ်မျက်နှာ မေတ္တာဘာဝနာပွားများခြင်း တရားတော်

# တနင်္သာရီကမ်းရိုးတန်းနှင့်ကမ်းလွန်ပင်လယ်ပြင်တွင် မိုးသက်လေပြင်းများကျရောက်ပြီး လှိုင်းကြီးနိုင်

ရန်ကုန် ဩဂုတ် ၂၉

**ယနေ့နံနက် ၉နာရီခွဲအထိ မိုးလေဝသတိုင်းထွာချက်အရ လွန်ခဲ့သော ၂၄ နာရီအတွင်းက စစ်ကိုင်းတိုင်းနှင့်ဧရာဝတီတိုင်းတို့တွင် နေရာကွက်ကျား၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်၊ ရခိုင်ပြည်နယ်၊ ကယားပြည်နယ်၊ မန္တလေးတိုင်းနှင့်မကွေးတိုင်းတို့၌ နေရာကျဲကျဲနှင့် ကျန်ဒေသများတွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာခဲ့ပြီး ကချင်ပြည်နယ်၊ မွန်ပြည်နယ်၊ မန္တလေးတိုင်းနှင့် တနင်္သာရီတိုင်းတို့၌ နေရာကွက်၍ မိုးကြီးခဲ့သည်။**

**ဘင်္ဂလားပင်လယ်အော်မြောက်ပိုင်းနှင့် အလယ်ပိုင်းတို့တွင် မုတ်သုံလေအားအသင့်အတင့်ရှိနေပြီး၊ ကျန်ဘင်္ဂလားပင်လယ်အော်၌ မုတ်သုံလေအားကောင်းနေသည်။**

**ဩဂုတ် ၃၀ ရက် ညနေအထိခန့်မှန်းချက်အရ စစ်ကိုင်းတိုင်းအောက်ပိုင်းနှင့် မကွေးတိုင်းတို့တွင် နေရာကွက်ကျား၊ ကချင်ပြည်နယ်၊ ချင်းပြည်နယ်၊ ရှမ်းပြည်နယ်၊ ရခိုင်ပြည်နယ်၊ စစ်ကိုင်းတိုင်းအထက်ပိုင်း၊ မန္တလေးတိုင်း၊ ပဲခူးတိုင်းနှင့် ဧရာဝတီတိုင်းတို့၌ နေရာကျဲကျဲနှင့် ကျန်ဒေသများတွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး မွန်ပြည်နယ်နှင့် တနင်္သာရီတိုင်းတို့၌ နေရာကွက်၍မိုးကြီးနိုင်သည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။**

**မြန်မာ့ပင်လယ်ပြင်တွင် မွှန်၊ တနင်္သာရီကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံ မိုးသက်လေပြင်းများကျရောက်ပြီး လှိုင်းအသင့်အတင့်မှ လှိုင်းကြီးနိုင်ပြီး မိုးသက်လေပြင်းကျစဉ် ရေပြင်/မြေပြင်လေသည် တစ်နာရီလျှင် ၃၅ မိုင်မှ မိုင် ၄၀ထိ တိုက်ခတ်နိုင်သည်။ကျန်မြန်မာ့ပင်လယ်ပြင်တွင် လှိုင်းအသင့်အတင့်ရှိမည်ဖြစ်ကြောင်း မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနက သတင်းထုတ်ပြန်ထားသည်။**

(မြန်မာ့အလင်း)

## မှတ်သားဖွယ်ရာမိုးရေချိန်

**၂၈–၈–၂၀၀၄**

| | | |
|---|---|---|
| **ရေးမြို့** | ၄ ဒသမ | ၉၆ လက်မ |
| **ထားဝယ်မြို့** | ၄ ဒသမ | ၃၃ လက်မ |
| **မချမ်းဘောမြို့** | ၄ ဒသမ | ၀၂ လက်မ |
| **မိုးကုတ်မြို့** | ၃ ဒသမ | ၁၉ လက်မ |
| **ပူတာအိုမြို့** | ၂ ဒသမ | ၇၆ လက်မ |

## လျှပ်စစ်ဓာတ်အား ခြိုးခြံချွေတာရေး

- ✻ သဘာဝအလင်းရောင်ကိုသာ အဓိကထားသုံးစွဲပါ။
- ✻ သဘာဝအလင်းရောင် မလုံလောက်မှသာ အနည်းဆုံး လိုအပ်သော လျှပ်စစ်ဓာတ်အားကို သုံးစွဲပါ။
- ✻ ကုန်ထုတ်လုပ်ငန်းများနှင့် ဝန်ဆောင်မှုလုပ်ငန်းများတွင်လည်း လိုအပ်သည့် အနည်းဆုံးဓာတ်အားကိုသာ သုံးစွဲပါ။
- ✻ ဓာတ်အားအလေအလွင့်နှင့် ပြုန်းတီးမှုမရှိအောင် သုံးစွဲခြင်းဖြင့် မိမိနှင့် အများအတွက်ပါ အကျိုးရှိစေနိုင်ပါသည်။

**ရန်ကုန်မြို့တွင် လျှပ်စစ်ဓာတ်အားသုံးစွဲသူအိမ်ထောင်စု ၅သိန်းခန့်ရှိသည်။ လျှပ်စစ်ဓာတ်အားသုံးစွဲသူတိုင်းက ၄ပေမီးချောင်း တစ်ချောင်းစီ ချွေတာသုံးစွဲခြင်းဖြင့် မဂ္ဂါဝပ်၂၀ ရှိသည့် ဓာတ်အားပေးစက်ရုံတစ်ရုံ တည်ဆောက်ပေးသည်နှင့်ညီမျှသည်။**

**နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၂) စစ်ရေးချုပ် ဒုတိယဗိုလ်ချုပ်ကြီး သိန်းစိန် ရန်ကုန်အရှေ့ပိုင်းခရိုင် တောင်ဥက္ကလာပမြို့နယ်အတွင်းရှိ ပရိယတ္တိစာသင်တိုက် ၁၇ တိုက်သို့ တပ်မတော်(ကြည်း၊ရေ၊လေ)မိသားစုများနှင့် စေတနာရှင်ပြည်သူများက ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ဆေး၊ ပဲနှင့် ဆွမ်းပဒေသာပင်အလှူတော်ငွေများ ပေးအပ်လှူဒါန်းပွဲ အခမ်းအနားတွင် လှူဒါန်းသောငွေများကို လက်ခံစဉ်။ (သတင်းစဉ်)**

■ *ကျောဖုံးမှ*

အခမ်းအနားသို့ တောင်ဥက္ကလာပမြို့နယ် ငွေကြာရံပရိယတ္တိ စာသင်တိုက်ကြီး၏ နာယကအဖွဲ့ဝင် စာချဆရာတော်ဓမ္မာစရိယ ဒီဃဘာဏက ဘဒ္ဒန္တဓမ္မဒိန္န အမှူးပြုသော တောင်ဥက္ကလာပမြို့နယ်အတွင်းရှိ ပရိယတ္တိစာသင်တိုက်များမှ ဆရာတော် သံဃာတော်များ ကြွရောက်တော်မူကြပြီး ရန်ကုန်တိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေ၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဝန်ကြီးဗိုလ်ချုပ်စိန်ထွား၊ သာသနာရေးဝန်ကြီးဌာနဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်သူရအောင်ကို၊ ကာကွယ်ရေးဝန်ကြီးဌာနမှ တပ်မတော်အရာရှိကြီးများ၊ ဌာနဆိုင်ရာအကြီးအကဲများ၊ ရန်ကုန်အရှေ့ပိုင်းခရိုင် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊ မြို့နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ ဘာသာရေးဝတ်အသင်းအဖွဲ့ဝင်များနှင့် အလှူရှင်များ တက်ရောက်ကြည်ညိုကြသည်။

ရှေးဦးစွာ အခမ်းအနားကို နမောတဿ သုံးကြိမ်ရွတ်ဆို ဘုရားကန်တော့၍ ဖွင့်လှစ်ပြီး တောင်ဥက္ကလာပမြို့နယ် ငွေကြာရံပရိယတ္တိ စာသင်တိုက် နာယကအဖွဲ့ဝင် စာချဆရာတော် ဓမ္မာစရိယဒီဃဘာဏက ဘဒ္ဒန္တဓမ္မဒိန္နထံမှ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၂) စစ်ရေးချုပ် ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်နှင့်အဖွဲ့ဝင်များ၊ ဧည့်ပရိသတ်များက ငါးပါးသီလခံယူဆောက်တည်ကြသည်။

**ဆက်ကပ်လှူဒါန်း**

ထို့နောက် ငွေကြာရံပရိယတ္တိ စာသင်တိုက်နာယက အဖွဲ့ဝင်စာချဆရာတော် ဓမ္မာစရိယ ဒီဃဘာဏက ဘဒ္ဒန္တဓမ္မဒိန္နအား အတွင်းရေးမှူး(၂) စစ်ရေးချုပ်ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်က လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းသည်။

ဆက်လက်၍ ဆရာတော် သံဃာတော်များအား ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေ၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်စိန်ထွား၊ သာသနာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်သူရအောင်ကိုနှင့် တပ်မတော်အရာရှိကြီးများက လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။

**ဆွမ်းဆန်တော်လှူဒါန်း**

ထို့နောက် ရန်ကုန်တိုင်းအေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီမှ လှူဒါန်းသော ဆွမ်းဆန်တော်များကို ရန်ကုန်တိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေက လည်းကောင်း၊ သာသနာရေးဦးစီးဌာနမှ လှူဒါန်းသော ဆွမ်းဆန်တော်များကို သာသနာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်သူရအောင်ကိုက လည်းကောင်း၊ ရန်ကုန်အရှေ့ပိုင်းခရိုင် အေးချမ်းသာယာရေးနှင့်

ဖွံ့ဖြိုးရေးကောင်စီနှင့် တောင်ဥက္ကလာပမြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီတို့မှ လှူဒါန်းသော ဆွမ်းဆန်တော်များကို ရန်ကုန်အရှေ့ပိုင်းခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီး မောင်မောင်ရှိန်နှင့် တာဝန်ရှိသူများက လည်းကောင်း၊ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီမှ လှူဒါန်းသော ဆွမ်းဆန်တော်များကို ရန်ကုန်မြို့တော်စည်ပင်သာယာရေး ကော်မတီဝင် ဗိုလ်မှူးကြီးတင်စိုးက လည်းကောင်း၊ မြန်မာနိုင်ငံငါးလုပ်ငန်းရှင်များအသင်းမှ လှူဒါန်းသော ဆွမ်းဆန်တော်များကို အသင်းအတွင်းရေးမှူး ဦးမျိုးအောင်က လည်းကောင်း၊ တောင်ဥက္ကလာပမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်းမှ လှူဒါန်းသော ဆွမ်းဆန်တော်များကို တာဝန်ရှိသူတစ်ဦးက လည်းကောင်း၊ ပြည်ထောင်စုမြန်မာနိုင်ငံစီးပွားရေးဦးပိုင်လီမိတက်မှ လှူဒါန်းသောဆီနှင့် ဆပ်ပြာများကို တာဝန်ရှိသူတစ်ဦးကလည်းကောင်း၊ သတ္တုတွင်းဝန်ကြီးဌာန မြန်မာ့ဆားနှင့် အဏ္ဏဝါဓာတုဗေဒပစ္စည်း ထုတ်လုပ်ရေးနှင့် ရောင်းဝယ်ရေးလုပ်ငန်းနှင့် ရန်ကုန်တိုင်းဆားစက်လုပ်ငန်းရှင်များအသင်းမှ လှူဒါန်းသော အိုင်အိုဒင်းဆားနှင့် သွားတိုက်ဆားဘူးများကို တာဝန်ရှိသူများက လည်းကောင်း၊ ကျန်းမာရေးဝန်ကြီးဌာန တိုင်းရင်းဆေးပညာဦးစီးဌာန ဝန်ထမ်းမိသားစုများနှင့် တိုင်းရင်းဆေးတိုက်ပိုင်ရှင်များမှ လှူဒါန်းသောတိုင်းရင်းဆေးမျိုးစုံကို တိုင်းရင်းဆေးပညာဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာမြတ်မြတ်အုန်းခင်ကလည်းကောင်း ဆရာတော် သံဃာတော်များထံ ဆက်ကပ်လှူဒါန်းကြသည်။

ဆက်လက်၍ အလှူရှင်များက ဆွမ်းဆန်တော်နှင့် တိုင်းရင်းဆေးများကို ဆရာတော် သံဃာတော်များထံ ဆက်ကပ်လှူဒါန်းကြသည်။

ယင်းနောက် ပရိယတ္တိစာသင်တိုက်များသို့ စေတနာရှင်အလှူရှင်များက ဆွမ်းပဒေသာပင် အလှူတော်ငွေများပေးအပ်လှူဒါန်းကြရာ အလှူရှင်များဖြစ်ကြသည့် တပ်မတော်(ကြည်း၊ ရေ၊ လေ)မိသားစုများက အလှူငွေကျပ် ၁၇၀၀၀၀၊ ရန်ကုန်တိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက ငွေကျပ် ၅၁၀၀၀၊ ဦးဗိုလ်ဆိုင်း(စက်မှုဇုန်ဥက္ကဋ္ဌ တောင်ဥက္ကလာပ)က အလှူငွေကျပ် ၁၃၀၀၀၀၀၊ တောင်ဥက္ကလာပမြို့နယ် စက်မှုဇုန်က အလှူတော်ငွေကျပ် ၁၀၀၀၅၀၀၊ ဦးအောင်မြတ် Mother Trading Co.,Ltd. က ငွေကျပ် ၃၀၀၀၀၀၊ Grade Nine Construction Co.,Ltd. မှမန်နေဂျင်းဒါရိုက်တာ ဦးအိုက်လင်းက ငွေကျပ် ၃၀၀၀၀၀၊ Naing Group ဆောက်လုပ်ရေးနှင့် ချယ်ရီဦးနာရီဆိုင်မှ ဦးကျော်နိုင်ဦးက ငွေကျပ် ၃၀၀၀၀၀၊မြန်မာပြည်သားဟော့ကုမ္ပဏီမှ ဦးတင်ဝင်း- ဒေါ်စန်းစန်းဝင်းက ငွေကျပ် ၃၀၀၀၀၀၊ သမားတော် ဦးဘိုကြီး-ဒေါ်သန်းသန်း(ရွှေပဒေသာပြည်လုံးချမ်းသာဆေးတိုက်)က အလှူတော်ငွေကျပ်နှစ်သိန်း၊ BTBကုမ္ပဏီမှ ဦးသိုင်းဝင်း-ဒေါ်ငွေငွေညွန့် မိသားစုက အလှူတော်ငွေကျပ်နှစ်သိန်း၊ ပြည်ထောင်စု မြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှု လုပ်ငန်းရှင်များအသင်းချုပ် ဥက္ကဋ္ဌ ဦးဝင်းမြင့်က အလှူတော်ငွေကျပ်နှစ်သိန်း၊ ဂရိတ်ဝေါ (စိန်နှင့်ဆန်း ကုမ္ပဏီ)၊ ဦးခင်ဇော် (ကျားကိုးကောင်မော်တော်ယာဉ်ထုတ်လုပ်ရေး)၊ Silver Shine Co.,Ltd. မှဦးဖေလှိုင်၊ အမှတ်(၁၁)ရပ်ကွက် သာသနာ့ဟိတနိဗ္ဗာန်ဆော်လှူငယ်များအဖွဲ့တို့က ငွေကျပ်တစ်သိန်းစီ၊ ဦးမျိုးအောင်-ဒေါ်ခင်ရည်မွန်(ဆန်းမြန်မာကုမ္ပဏီ)က ငွေကျပ် ၈၀၀၀၀၊ တောင်ဥက္ကလာပမြို့နယ် ပညာရေးဝန်ထမ်းများက ငွေကျပ် ၅၉၀၀၀၊ ချမ်းမြေ့စတိုးမှ ဦးသန်းမောင်-ဒေါ်ငွေကြည်မိသားစုက ငွေကျပ် ၅၄၀၀၀၊ ဆရာဦးရွှေမှူး-ဒေါ်ခင်ယုံ(တိုင်းရင်းသမားတော်ကြီး)၊ ကေသီပန်ဦးကြည်စိုး(ကေသီပန်တိုင်းရင်းဆေးထုတ်လုပ်ရေး)၊ ထွန်းရွှေဝါဆေးတိုက်မှ ဦးထွန်းရွှေမိသားစု၊ မြန်မာနိုင်ငံပဲနှမ်းကုန်သည်ကြီးများအသင်း၊ တောင်ဥက္ကလာပမြို့နယ် ဆန်ကုန်သည်ကြီးများအသင်း၊ ဦးဇော်အောင်မိသားစု အမှတ် ၁၀၄၅ သုမင်္ဂလာလမ်း (၄)ရပ်ကွက်၊ ဒေါ်သန်းစိန် မိသားစု အမှတ် ၈၀၆ စာဂ ၁၉လမ်း(၄)ရပ်ကွက်၊ဒေါ်လီလီခိုင် မိသားစု အမှတ် ၁၂၆၀၊ ၃လမ်း (၆) ရပ်ကွက်၊ ဦးမျိုးအေး-ဒေါ်ထွေးထွေး မိသားစု အမှတ်၃၀၇သုမင်္ဂလာလမ်း ဒဏ်ကြေမိသားစုက ငွေကျပ်နှစ်သိန်း၊ ရန်ကုန်အရှေ့ပိုင်းခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီနှင့် မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက အလှူတော်ငွေကျပ်နှစ်သိန်း၊ စန္ဒီပရဆေး(ဦးသိန်းမောင်)-ဒေါ်ပါးပါးတို့က အလှူတော်ငွေကျပ် ၁၅၀၀၉၀၊ သမ္မတသက်န်းတိုက်မှ ဦးသန်းနိုင်-ဒေါ်ကြည်ကြည်ဆွေ မိသားစုက အလှူတော်ငွေကျပ် ၁၂၀၀၀၀၊ဝင်းရတနာခရီးသွားလုပ်ငန်းမှ ဦးတင်အောင်-ဒေါ်လှလှနွယ်တို့က အလှူတော်ငွေ ကျပ် ၁၀၈၀၀၀၊ မြန်မာနိုင်ငံ ဆန်ကုန်သည်များအသင်း၊ မြန်မာနိုင်ငံဆီကုန်သည်များအသင်း၊ ကိုအောင်မွန်-ဒေါ်လှလှမွန်(မြင့်မြတ်စပါးရောင်းဝယ်ရေး)၊ ဦးတင့်ဆန်း (ACE) ဆောက်လုပ်ရေး၊ဒေါက်တာဝင်းဇော် (Lizstar Enterprise Co.,Ltd.)၊ ဒေါက်တာမိုးတင်၊ ဦးကိုကိုလတ်-ဒေါ်တင်တင်မေ(ကြည်သာရွှေဆိုင်) သဃ်န်းကျွန်း၊ သီရိသုဓမ္မမဏိဇောတရေ ဦးစိန်လှဝင်း

**ရန်ကုန်အရှေ့ပိုင်းခရိုင် တောင်ဥက္ကလာပမြို့နယ်အတွင်းရှိ ပရိယတ္တိစာသင်တိုက် ၁၇ တိုက်သို့ တပ်မတော် (ကြည်း၊ရေ၊လေ)မိသားစုများနှင့် စေတနာရှင်ပြည်သူများက ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ဆေး၊ ပဲနှင့် ဆွမ်းပဒေသာပင် အလှူတော်ငွေများ ပေးအပ်လှူဒါန်းပွဲ အခမ်းအနားတွင် ရန်ကုန်တိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေက ရန်ကုန်တိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီမှ လှူဒါန်းသော ဆွမ်းဆန်တော်များကို ဆရာတော်ထံ ဆက်ကပ်လှူဒါန်းစဉ်။ (သတင်းစဉ်)**

**ရန်ကုန်အနောက်ပိုင်းခရိုင် ဒဂုံမြို့နယ်အတွင်းရှိ ဒဂုံပရိယတ္တိစာသင်တိုက်၊ ဒက္ခိဏာရုံစာသင်တိုက်နှင့် ကျားကူးကျောင်းတိုက်သို့ တပ်မတော်(ကြည်း၊ရေ၊လေ)မိသားစုများနှင့် စေတနာရှင်ပြည်သူများက ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ဆေး၊ ပဲနှင့် ဆွမ်းပဒေသာပင် အလှူငွေများ ပေးအပ်လှူဒါန်းပွဲတွင် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဝန်ကြီးဗိုလ်ချုပ်စိန်ထွားထံ အလှူရှင်တစ်ဦးက အလှူငွေများ ပေးအပ်လှူဒါန်းစဉ်။ (သတင်းစဉ်)**

ယင်းနောက် တပ်မတော်(ကြည်း၊ ရေ၊လေ)မိသားစုများက လှူဒါန်းသော ဆွမ်းဆန်တော်၊ ဆီနှင့်ပဲများကို မိသားစုများကိုယ်စား တွဲဖက်စစ်ရေးချုပ် ဗိုလ်မှူးချုပ်လှရွှေ၊ ကာကွယ်ရေးဦးစီးချုပ်ရုံး(ရေ)မှဗိုလ်မှူးချုပ်မော်သိန်း၊ ကာကွယ်ရေး ဦးစီးချုပ်ရုံး(လေ)မှ ဒုတိယဗိုလ်မှူးကြီးနေဝင်းတို့က ဆရာတော် သံဃာတော်များထံ ဆက်ကပ်လှူဒါန်းကြသည်။

**နိုင်ငံတော် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၂)စစ်ရေးချုပ် ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန် ရန်ကုန်အနောက်ပိုင်းခရိုင် ဒဂုံမြို့နယ်အတွင်းရှိ ဒဂုံပရိယတ္တိစာသင်တိုက်၊ ဒက္ခိဏာရုံစာသင်တိုက်နှင့် ကျားကူးကျောင်းတိုက်သို့ တပ်မတော် (ကြည်း၊ရေ၊လေ)မိသားစုများနှင့် စေတနာရှင်ပြည်သူများက ဆွမ်းဆန်တော်၊ဆီ၊ ဆား၊ ဆေး၊ ပဲနှင့် ဆွမ်းပဒေသာပင်အလှူတော်ငွေများ ပေးအပ်လှူဒါန်းပွဲ အခမ်းအနားတွင် ဆရာတော်များအား လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းစဉ်။ (သတင်းစဉ်)**

ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်စိန်ထွား၊သာသနာရေး ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ် သူရမြင့်မောင်၊ တပ်မတော်အရာရှိကြီးများ၊ ဌာနဆိုင်ရာ အကြီးအကဲများ၊ ရန်ကုန်အနောက်ပိုင်းခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးကျော်တင့်နှင့် အဖွဲ့ဝင်များ၊ ဒဂုံမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့များနှင့် ဝတ်အသင်းအဖွဲ့ဝင်များ၊ အလှူရှင်များနှင့်ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ နမောတဿ သုံးကြိမ်ရွတ်ဆိုဘုရားကန်တော့၍ အခမ်းအနားကို ဖွင့်လှစ်ပြီး ဒဂုံမြို့နယ် သံဃနာယကအဖွဲ့ဥက္ကဋ္ဌ ကမ္ဘာအေးကျောင်းဆရာတော် ဘဒ္ဒန္တ ရေဝတထံမှ အတွင်းရေးမှူး(၂) စစ်ရေးချုပ် ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန် အမှူးပြုသော ပရိသတ်များက ငါးပါးသီလခံယူဆောက်တည်ကြသည်။

## ဆက်ကပ်လှူဒါန်း

ထို့နောက် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၂)စစ်ရေးချုပ် ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်၊ တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေ၊ ဝန်ကြီးများနှင့် တပ်မတော်အရာရှိကြီးများက ဆရာတော် သံဃာတော်များအား လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။

ယင်းနောက် ဒဂုံမြို့နယ်အတွင်းရှိ ကျောင်းတိုက်များသို့ တပ်မတော် (ကြည်း၊ရေ၊လေ) မိသားစုများက လှူဒါန်းသည့် ဆွမ်းဆန်တော်၊ ဆီ၊ ပဲ တို့ကို မိသားစုများကိုယ်စား တွဲဖက်စစ်ရေးချုပ်ဗိုလ်မှူးချုပ်လှရွှေ၊ကာကွယ်ရေးဦးစီးချုပ်ရုံး(ရေ)မှ ဗိုလ်မှူးချုပ်မော်သိန်းနှင့် ကာကွယ်ရေးဦးစီးချုပ်ရုံး(လေ)မှ ဒုတိယဗိုလ်မှူးကြီး ချန်မောင်တို့က မြို့နယ်သံဃနာယကအဖွဲ့ဥက္ကဋ္ဌ ဆရာတော်ထံ ဆက်ကပ်လှူဒါန်းကြသည်။

ဆက်လက်၍ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တိုင်းမှူးဗိုလ်ချုပ်မြင့်ဆွေက ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက လှူဒါန်းသည့် ဆွမ်းဆန်တော်များ၊ သာသနာရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရမြင့်မောင်က သာသနာရေးဝန်ကြီးဌာနက လှူဒါန်းသည့် ဆွမ်းဆန်တော်များ၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီဝင် ဗိုလ်မှူးကြီးတင်စိုးက ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီက လှူဒါန်းသည့် ဆွမ်းဆန်တော်များကို လှူဒါန်းကြပြီး ပြည်ထောင်စုမြန်မာနိုင်ငံ စီးပွားရေးဦးပိုင်လီမိတက်က ဆီ ၃၈ပိဿာနှင့် ဆပ်ပြာအတောင့် ၈၃၀၊ သတ္တုတွင်းဝန်ကြီးဌာန မြန်မာ့ဆားနှင့် အဏ္ဏဝါဓာတုဗေဒပစ္စည်း ထုတ်လုပ်ရေးနှင့် ရောင်းဝယ်ရေးလုပ်ငန်းနှင့် ရန်ကုန်တိုင်း ဆားစက်လုပ်ငန်းရှင်များအသင်းတို့က အိုင်အိုဒင်းဆား ၄၁၅ ပိဿာနှင့် သွားတိုက်ဆားဘူး ၈၁ ဘူး၊ ကျန်းမာရေးဝန်ကြီးဌာန တိုင်းရင်းဆေးပညာဦးစီးဌာန ဝန်ထမ်းမိသားစုက တိုင်းရင်းဆေးဘူး ၁၀၀ နှင့် ဦးအောင်ဇော်မြင့်-ဒေါက်တာမြတ်မြတ်အုန်းခင် (မြတ်သဇင်ဆေးတိုက်) မိသားစုက တိုင်းရင်းဆေးဘူး ၄၀ စုစုပေါင်း တိုင်းရင်းဆေးဘူး ၁၄၀၊ ထွန်းရွှေဝါဆေးတိုက်နှင့် ကေသီပန်ဆေးတိုက်တို့က တိုင်းရင်းဆေးဘူး စုစုပေါင်း ၇၄၀၊ ဂရိတ်ဝေါဆေးတိုက် မိသားစုက ရှမ်းရိုးမလိမ်းဆေးဘူး ၇၂၀၊ ဂဠုန်ရာဇာတိုင်းရင်းဆေးလုပ်ငန်းက တိုင်းရင်းဆေး ၈၄ ဘူး၊ တိုင်းရင်းဆေးဆရာဦးရွှေမြက သွားတိုက်ဆားဘူး ၂၅၀၊ (ဦးသိန်းမောင်)-ဒေါ်ပါးပါး (စန္ဒီပရဆေး) မိသားစု၊ ဒဂုံမြို့နယ် ပြည်လမ်းအရှေ့ရပ်ကွက်နှင့် ရန်ကုန်တိုင်း ငါးလုပ်ငန်းအဖွဲ့ချုပ်က ဆွမ်းဆန်တော်ငါးအိတ်စီ၊ ဒဂုံမြို့နယ် မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ သီရိသုဓမ္မသီင်္ဂီ သီဟသုဓမ္မသီင်္ဂီ ဒေါ်မိမိခင်က ဆွမ်းဆန်တော်တစ်အိတ်၊ ယဉ်ကျေးမှုဝန်ကြီးဌာန အကြံပေးပုဂ္ဂိုလ် ဒေါက်တာဖေဉာဏ်က ရဋ္ဌပါလ မဂ္ဂဇင်းအုပ်ရေ ၆၀ နှင့် ရန်ကုန်အနောက်ပိုင်းခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီနှင့် ဒဂုံမြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီတို့က ဆွမ်းဆန်တော်ငါးအိတ်တို့ကို ဆက်ကပ်လှူဒါန်းကြသည်။

ထို့နောက် ကျောင်းတိုက်ကြီးများအတွက် ဆွမ်းပဒေသာပင်အလှူတော်ငွေအဖြစ် တပ်မတော် (ကြည်း၊ရေ၊လေ)မိသားစုများက ငွေကျပ် ၄၀၀၀၀၊ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက ငွေကျပ် ၁၂၀၀၀၊ ရန်ကုန်အနောက်ပိုင်းခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီနှင့် ဒဂုံမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီတို့က ငွေကျပ် တစ်သိန်း၊ အဂ္ဂမဟာသီရိသုဓမ္မသီင်္ဂီ ဒေါ်ဆယ် (လူမှုထူးချွန်ပထမဆင့်) ငွေဆယ်ကုမ္ပဏီမိသားစု၊ ဒဂုံမြို့နယ် သီင်္ဂီရွှေရည်ဓာတ်ပုံတိုက်မှ ဒေါ်မေသန်းနွယ်၊ မြန်မာပြည်သားဟော့ KN ကုမ္ပဏီမိသားစုနှင့် ဂရိတ်ဝေါတိုင်းရင်းဆေးလုပ်ငန်းမှ ဦးမောင်မောင်မိသားစုတို့က ငွေကျပ် နှစ်သိန်းစီ၊ (ဦးသိန်းမောင်)-ဒေါ်ပါးပါး (စန္ဒီပရဆေး)မိသားစုက ငွေကျပ် ၁၅၀၀၉၀၊ ဘီတီဘီကုမ္ပဏီ ဦးသိုင်းဝင်း-ဒေါ်ငွေငွေညွန့် မိသားစုနှင့် သမားတော်ဦးဘိုကြီး-ဒေါ်သန်းသန်း (ပြည်လုံးချမ်းသာဆေးတိုက်) မိသားစုတို့က ငွေကျပ် ၁၅၀၀၀၀ စီ၊ ဦးသန်းနိုင်-ဒေါ်ကြည်ကြည်ဆွေ (သမ္မတသက်န်းတိုက်)မိသားစု က ငွေကျပ် ၁၂၀၀၀၀၊ ဦးတင်အောင်-ဒေါ်လှလှနွယ် (ဝင်းရတနာခရီးသည် ပို့ဆောင်ရေးလုပ်ငန်း)က ငွေကျပ် ၁၀၈၀၀၀၊ မြန်မာနိုင်ငံ ဆန်စပါးကုန်သည်များအသင်းဥက္ကဋ္ဌ ဦးအောင်သန်းဦး မိသားစုနှင့် မြန်မာနိုင်ငံ ဆီကုန်သည်နှင့် ဆီလုပ်ငန်းရှင်များအသင်းတို့က ငွေကျပ် တစ်သိန်းစီ၊ ဦးဇော်ဇော်နိုင်-ဒေါ်ရီရီမြင့် (မေခလာကုမ္ပဏီ) ဒဂုံ(၇)ရပ်ကွက်၊ ဦးဆုံမင်း-ဒေါ်သန်းရီ မိသားစု အမှတ်၂၉၆ သစ္စာလမ်း (၁၀)ရပ်ကွက်၊ ဒေါ်လှကြည်မိသားစု သစ္စာလမ်း(၁၀)ရပ်ကွက်၊ အဝေယာဆေးခန်းမိသားစု မေတ္တာလမ်း (၁၀) ရပ်ကွက်တို့က အလှူတော်ငွေကျပ် ငါးသောင်းစီအပါအဝင် စေတနာရှင်ပြည်သူများက အလှူငွေများကိုအသီးသီးပေးအပ်လှူဒါန်းကြရာနိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအတွင်းရေးမှူး(၂) စစ်ရေးချုပ် ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်၊ တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေ၊ ဝန်ကြီးနှင့် ဒုတိယဝန်ကြီးများ၊ ကာကွယ်ရေးဝန်ကြီးဌာနမှ တပ်မတော်အရာရှိကြီးများက လက်ခံကြသည်။

မြို့နယ်က ငွေကျပ် ၁၀၃၅၀၀၊ မြင့်မြတ် စပါးစိုက်ပျိုးရေးလုပ်ငန်း မိသားစု၊ ဒဂုံမြို့နယ် အိုလံပစ်ဟိုတယ် မိသားစုနှင့် ဒဂုံမြို့နယ် အင်းပရက်စ် မြန်မာမီဒီယာမှ ဒေါ်နန်းအေးသန်းတို့က ငွေကျပ်တစ်သိန်းစီ၊ ဆန်းမြန်မာမိသားစုက ငွေကျပ် ၈၀၀၀၀၊ ထွန်းရွှေဝါဆေးတိုက်နှင့် ကေသီပန် တိုင်းရင်းဆေးလုပ်ငန်းတို့ကငွေကျပ် ၅၀၀၀၀စီ စုစုပေါင်းငွေကျပ်တစ်သိန်း၊ တိုင်းရင်းဆေးဆရာကြီး ဦးရွှေမြက ငွေကျပ် ၅၀၀၀၀၊ ဦးရှိန်ဝင်း မိသားစု(တက်လမ်းဆောက်လုပ်ရေး)နှင့် ဦးစိုးလှိုင် မိသားစု (ပြည့်ဝဆောက်လုပ်ရေး) တို့က ငွေကျပ် တစ်သိန်းစီ၊ ဒဂုံမြို့နယ် ဘုရားကြီးရပ်ကွက် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက ငွေကျပ် ၄၀၀၀၀၊ ဒဂုံမြို့နယ် အမျိုးသမီးရေးရာအဖွဲ့က ငွေကျပ် ၃၅၀၀၀၊ ဦးအောင်ဇော်မြင့်-ဒေါက်တာဒေါ်မြတ်မြတ်အုန်းခင် မိသားစု(မြတ်သဇင်တိုင်းရင်းဆေးလုပ်ငန်း)၊ ဂဠုန်ရာဇာတိုင်းရင်းဆေးလုပ်ငန်း၊ အမှတ်(၁)စက်မှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးခင်မောင်မောင်အား ရည်စူး၍ သီရိသုဓမ္မသီင်္ဂီ သီဟသုဓမ္မသီင်္ဂီ ဒေါ်မိမိခင် မိသားစုနှင့် ဦးစိုးမြင့်အောင်(နိုကာသောက်ရေသန့်) မိသားစုတို့က ငွေကျပ် ၃၀၀၀၀ စီ၊ ဒဂုံမြို့နယ် အထက(၁)၊ အထက(၂)၊ အထက(၃)နှင့် အလက(၁)တို့က စုပေါင်းလှူဒါန်းငွေကျပ် ၆၀၀၀၀ အပါအဝင် အလှူရှင်များက အလှူငွေများ ပေးအပ်လှူဒါန်းကြရာ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၂) စစ်ရေးချုပ် ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်၊ တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေ၊ ဝန်ကြီးများနှင့် တွဲဖက်စစ်ရေးချုပ်တို့က လက်ခံယူကြသည်။

## ရေစက်သွန်းချအမျှဝေ

ယင်းနောက် ကာကွယ်ရေးဦးစီးချုပ်ရုံး(လေ)မှ ဒုတိယဗိုလ်မှူးကြီး ချန်မောင်က တပ်မတော်(ကြည်း၊ရေ၊လေ) မိသားစုများ ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ဆေး၊ ပဲလှူဒါန်းရခြင်း၏ ရည်ရွယ်ချက်ကို ရှင်းလင်းလျှောက်ထားပြီး ဒဂုံမြို့နယ် သံဃနာယကအဖွဲ့ဥက္ကဋ္ဌ ကမ္ဘာအေးကျောင်း ဆရာတော် ဘဒ္ဒန္တ ရေဝတထံမှ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၂) စစ်ရေးချုပ် ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန် အမှူးပြုသော ပရိသတ်များ၊ အလှူရှင်များက အနုမောဒနာတရား နာယူကြပြီး လှူဒါန်းမှုအစုစုအတွက် ရေစက်သွန်းချအမျှပေးဝေကြသည်။

ထို့နောက် ဒဂုံမြို့နယ် အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်းမှ ကျောင်းသူလေးများ၏ ဝတ်အသင်းအဖွဲ့က အရပ်ဆယ်မျက်နှာမေတ္တာပို့သကြပြီး တက်ရောက်လာကြသူများက ဗုဒ္ဓသာသနံ စိရံတိဋ္ဌတု သုံးကြိမ်ရွတ်ဆိုဆုတောင်း၍ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

အဆိုပါ လှူဒါန်းပွဲအခမ်းအနားတွင် တပ်မတော်(ကြည်း၊ရေ၊လေ)မိသားစုများနှင့် စေတနာရှင်ပြည်သူများ၏ လှူဒါန်းမှုအစုစုမှာ ဆွမ်းဆန်တော် ၁၂၂ အိတ်၊ဆီပိဿာ ၄၀ နှင့် ၅၀ ကျပ်သား၊ ပဲ၈၁ပိဿာ၊ အိုင်အိုဒင်းဆား ၄၁၅ ပိဿာ၊ သွားတိုက်ဆားဘူး ၈၁ ဘူး၊ တိုင်းရင်းဆေးမျိုးစုံ ၁၉၃၄ ဘူးနှင့် ဆွမ်းပဒေသာပင် အလှူတော်ငွေကျပ် ၃၀၆၈၅၉၀ ဖြစ်သည်။

**(သတင်းစဉ်)**

## ဒဂုံမြို့နယ်၌လှူဒါန်း

အလားတူ ရန်ကုန်အနောက်ပိုင်းခရိုင် ဒဂုံမြို့နယ်အတွင်းရှိ ဒဂုံပရိယတ္တိစာသင်တိုက်၊ဒက္ခိဏာရုံစာသင်တိုက်နှင့် ကျားကူးကျောင်းတိုက်တို့သို့ တပ်မတော်(ကြည်း၊ရေ၊လေ)မိသားစုများနှင့် စေတနာရှင်ပြည်သူများက ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ဆေး၊ ပဲနှင့် ဆွမ်းပဒေသာပင်အလှူငွေများပေးအပ်လှူဒါန်းပွဲအခမ်းအနားကို ညနေ ၃ နာရီတွင် ဒဂုံမြို့နယ် ရွှေတိဂုံဘုရားလမ်းရှိ ကျားကူးဓမ္မပိဋကန်၌ကျင်းပရာ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၂) စစ်ရေးချုပ် ဒုတိယဗိုလ်ချုပ်ကြီး သိန်းစိန် တက်ရောက်ကြည်ညို၍ လှူဖွယ်ပစ္စည်း ဆက်ကပ်လှူဒါန်းသည်။

အဆိုပါအခမ်းအနားသို့ ဒဂုံမြို့နယ် သံဃနာယကအဖွဲ့ဥက္ကဋ္ဌ ဆရာတော်အမှူးပြုသော မြို့နယ်အတွင်းရှိ ကျောင်းတိုက်များမှ ဆရာတော် သံဃာတော်များ ကြွရောက်ချီးမြှင့်တော်မူကြပြီး နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၂) စစ်ရေးချုပ် ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်နှင့်အတူ ရန်ကုန်တိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ရန်ကုန်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေ၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ...

## ရှင်းလင်းလျှောက်ထား

ထို့နောက် ကာကွယ်ရေးဦးစီးချုပ်ရုံး(လေ)မှ ဒုတိယဗိုလ်မှူးကြီးနေဝင်းက တပ်မတော်(ကြည်း၊ရေ၊လေ) မိသားစုများနှင့် စေတနာရှင်ပြည်သူများက ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ဆေး၊ ပဲနှင့် အလှူငွေများလှူဒါန်းရခြင်း၏ရည်ရွယ်ချက်များကို ရှင်းလင်းလျှောက်ထားသည်။

ဆက်လက်၍ တောင်ဥက္ကလာပမြို့နယ် ငွေကြာရံပရိယတ္တိစာသင်တိုက်ကြီး၏ နာယကအဖွဲ့ဝင်၊ စာချဆရာတော်ဓမ္မာစရိယ ဒီဃဘာဏက ဘဒ္ဒန္တ ဓမ္မဒိန္နက သာဓုအနုမောဒနာတရား ဟောကြားချီးမြှင့်တော်မူရာ အတွင်းရေးမှူး(၂)စစ်ရေးချုပ် ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်နှင့်အဖွဲ့ဝင်များ၊ ညီ့ပရိသတ်များက နာကြားကြပြီး လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချ အမျှပေးဝေကြကာ အခမ်းအနားကို ဗုဒ္ဓသာသနံစိရံတိဋ္ဌတု သုံးကြိမ်ရွတ်ဆိုဆုတောင်း၍ ရုပ်သိမ်းလိုက်သည်။

ယနေ့ကျင်းပသော ရန်ကုန်အရှေ့ပိုင်းခရိုင် တောင်ဥက္ကလာပမြို့နယ်အတွင်းရှိ ပရိယတ္တိစာသင်တိုက်၁၇တိုက်သို့တပ်မတော်(ကြည်း၊ရေ၊လေ)မိသားစုများနှင့် စေတနာရှင်ပြည်သူများက လှူဒါန်းခဲ့ကြသော လှူဒါန်းမှုအစုစုမှာ ဆွမ်းဆန်တော် ၄၃၃ အိတ်၊ ဆီပိဿာ ၁၆၀၊ ပဲပိဿာ ၃၀၀၊ အိုင်အိုဒင်းဆားပိဿာ ၁၆၄၀၊ တိုင်းရင်းဆေးမျိုးစုံ ၆၃၆၄ ဘူး၊ သွားတိုက်ဆား ၃၂၈ ဘူး၊ ပဒုမ္မာဆပ်ပြာတောင့် ၃၂၈၀နှင့် ဆွမ်းပဒေသာပင် အတွက်အလှူတော်ငွေကျပ် ၈၉၆၄၅၉၀ ဖြစ်သည်။

**ရန်ကုန်အနောက်ပိုင်းခရိုင် ဒဂုံမြို့နယ်အတွင်းရှိ ဒဂုံပရိယတ္တိစာသင်တိုက်၊ ဒက္ခိဏာရုံစာသင်တိုက်နှင့် ကျားကူးကျောင်းတိုက်သို့ တပ်မတော် (ကြည်း၊ရေ၊လေ)မိသားစုများနှင့် စေတနာရှင်ပြည်သူများက ဆွမ်းဆန်တော်၊ဆီ၊ဆား၊ဆေး၊ပဲနှင့် ဆွမ်းပဒေသာပင်အလှူငွေများ လှူဒါန်းပွဲတွင် တပ်မတော်(ကြည်း၊ရေ၊လေ)မိသားစုများလှူဒါန်းသော ဆွမ်းဆန်တော်၊ ဆီနှင့် ပဲများကို တွဲဖက်စစ်ရေးချုပ် ဗိုလ်မှူးချုပ်လှရွှေ၊ ကာကွယ်ရေး ဦးစီးချုပ်ရုံး (ရေ)မှ ဗိုလ်မှူးချုပ်မော်သိန်း၊ ကာကွယ်ရေးဦးစီးချုပ်ရုံး(လေ)မှ ဒုတိယဗိုလ်မှူးကြီးချန်မောင်တို့က မြို့နယ်သံဃနာယကအဖွဲ့ ဥက္ကဋ္ဌ ဆရာတော်ထံ ဆက်ကပ်လှူဒါန်းစဉ်။ (သတင်းစဉ်)**

**ရန်ကုန်အရှေ့ပိုင်းခရိုင် တောင်ဥက္ကလာပမြို့နယ်အတွင်းရှိ ပရိယတ္တိစာသင်တိုက် ၁၇ တိုက်သို့ တပ်မတော် (ကြည်း၊ရေ၊လေ)မိသားစုများနှင့် စေတနာရှင်ပြည်သူများက ဆွမ်းဆန်တော်၊ဆီ၊ဆား၊ဆေး၊ပဲနှင့် ဆွမ်းပဒေသာပင် အလှူတော်ငွေများ ပေးအပ်လှူဒါန်းပွဲတွင် တပ်မတော်(ကြည်း၊ရေ၊လေ) မိသားစုများလှူဒါန်းသော ဆွမ်းဆန်တော်၊ ဆီနှင့် ပဲများကို တွဲဖက်စစ်ရေးချုပ် ဗိုလ်မှူးချုပ်လှရွှေ၊ ကာကွယ်ရေးဦးစီးချုပ်ရုံး(ရေ)မှ ဗိုလ်မှူးချုပ်မော်သိန်း၊ ကာကွယ်ရေးဦးစီးချုပ်ရုံး(လေ)မှ ဒုတိယဗိုလ်မှူးကြီး နေဝင်းတို့က ဆရာတော်ထံ ဆက်ကပ်လှူဒါန်းစဉ်။ (သတင်းစဉ်)**

# အာဟာရပြည့်လျှင် ရောဂါစင်၊ ပျော်ရွှင်ကျန်းမာ စိတ်ချမ်းသာ

သက်တမ်းစေ့ ကျန်းမာစွာ အသက်ရှည်နေနိုင်ရေးသည် လူတိုင်းလိုချင်တောင့်တသည့် အကြီးမားဆုံးဆန္ဒပင်ဖြစ်သည်။ ယင်းဆန္ဒပြည့်ဝရေးသည် ကံ၊ စိတ်၊ ဥတု၊ အာဟာရတည်းဟူသော အကြောင်းတရားအမျိုးမျိုးပေါ်တွင် မူတည်လျက်ရှိရာ အာဟာရသည် လူတို့ပြုပြင်ဖန်တီးနိုင်သော အကြောင်းတစ်ရပ်ဖြစ်သည်။

အာဟာရ အခြေအနေသည် အစာစားသုံးမှုဆိုင်ရာ ဓလေ့ထုံးစံနှင့် အမူအကျင့်များပေါ်တွင် တည်မှီနေသည်။ မိမိပတ်ဝန်းကျင်တွင် ရရှိနိုင်သည့် အစားအစာအမျိုးအစား၊ စီးပွားရေးအခြေအနေ၊ အာဟာရဗဟုသုတရှိခြင်း မရှိခြင်းတို့ကို မူတည်၍ လူတစ်ယောက်နှင့်တစ်ယောက်၊ မိသားစုတစ်စုနှင့်တစ်စု၊ နေရာတစ်နေရာနှင့်တစ်နေရာ အစားအသောက်ဆိုင်ရာ အမူအကျင့်များ၊ ဓလေ့ထုံးစံများ ကွဲပြားခြားနားကြသည်။ ကြုံတွေ့ရသည့် အာဟာရပြဿနာချင်းလည်း မတူကြပေ။

အကယ်စင်စစ် ဤကမ္ဘာတွင် အာဟာရပြဿနာကင်းရှင်းသော နိုင်ငံဟူ၍ မရှိချေ။ ယခင်ကဆိုလျှင် ဖွံ့ဖြိုးဆဲနိုင်ငံများ၏ ပြဿနာသည် အာဟာရချို့တဲ့မှုများဖြစ်ပြီး ဖွံ့ဖြိုးပြီးနိုင်ငံများ၏ ပြဿနာသည် အာဟာရလွန်ကဲခြင်း၊ ဝဖြိုးခြင်းနှင့် နောက်ဆက်တွဲရောဂါများဖြစ်သည့် ဆီးချို၊ သွေးတိုး၊ နှလုံးသွေးကြောရောဂါများ ဖြစ်သည်ဟု ခွဲခြား၍ သတ်မှတ်ခဲ့ကြသည်။ သို့သော် ယခုအခါ ဖွံ့ဖြိုးဆဲနိုင်ငံအများအပြားတွင် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုနှင့် ဒွန်တွဲ၍ အစားအသောက်ဆိုင်ရာ အမူအကျင့်များ ပြောင်းလဲလာခြင်း၊ (ဆီအစားများလာခြင်း)၊ နေထိုင်ပုံအမူအကျင့်များ ပြောင်းလဲလာခြင်း (ကိုယ်လက်လှုပ်ရှားမှုနည်းလာခြင်း)စသည့် လူနေမှုပုံစံ အပြောင်းအလဲတို့ကြောင့် အာဟာရချို့တဲ့မှုပြဿနာ မပပျောက်မီမှာပင် ဆီးချို၊ သွေးတိုးနှင့် နှလုံးသွေးကြောရောဂါများကို နောက်တိုးပြဿနာအဖြစ် ကြုံတွေ့နေရပြီ ဖြစ်သည်။ ဤဆောင်းပါးတွင် ဖွံ့ဖြိုးဆဲနိုင်ငံများ၌ ကြုံတွေ့နေရသည့် အာဟာရပြဿနာအချို့ကို တင်ပြလိုသည်။

## ဗီတာမင်အေ ချို့တဲ့မှု

ဗီတာမင်အေ ချို့တဲ့မှုသည် ယခင်ကဆိုလျှင် ကမ္ဘာတစ်ဝန်း ဖွံ့ဖြိုးဆဲနိုင်ငံများတွင် ကလေးသူငယ်များ မျက်စိကွယ်ရသည့် အဓိကအကြောင်းရင်းတစ်ရပ်ဖြစ်ခဲ့သည်။ ဝက်သက်ရောဂါနှင့် ဗီတာမင်အေချို့တဲ့မှု ပေါင်းမိလျှင် အန္တရာယ်သည် ပို၍ကြီးမားသွားတတ်သည်။ ဗီတာမင်အေ ချို့တဲ့မှုကြောင့် မျက်စိကွယ်ရသော ကလေးများအနက် အချို့သည် တစ်နှစ်၊ နှစ်နှစ်အတွင်း ရောဂါအမျိုးမျိုးကြောင့် အသက်သေဆုံးကြရပြန်သည်။

**ကလေးကို အသားငါးကျွေးလျှင် သန်ထမည်၊ ဟင်းရွက်ကျွေးလျှင် ဗိုက်နာမည်၊ အသီးကျွေးလျှင် ဝမ်းပျက်မည်၊ ဥကျွေးလျှင် ဝမ်းပုပ်မည်၊ ပဲကျွေးလျှင် ဗိုက်ပွမည် စသည့် အကြောင်းအမျိုးမျိုးပြ၍ အာဟာရပြည့်ဝသော အစားများကို စုံလင်စွာ မကျွေးခြင်းသည် ကလေးများ အာဟာရချို့တဲ့ရခြင်း၏ အဓိကအကြောင်းတစ်ရပ် ဖြစ်နေသည်။**

ယခုအခါ အင်အားပြည့် ဗီတာမင်အေ ဆေးလုံးများ အချိန်မှန်တိုက်ကျွေးခြင်း၊ ဝက်သက်ရောဂါကာကွယ်ဆေး ထိုးနှံပေးခြင်းတို့ကြောင့် ကမ္ဘာတစ်ဝန်းမှ ထောင်ပေါင်းများစွာသော ကလေးသူငယ်များသည် မျက်စိကွယ်သည့်အန္တရာယ်၊ အသက်ဆုံးရှုံးမှု အန္တရာယ်တို့မှ ကင်းဝေးခဲ့ကြပြီ ဖြစ်သည်။ မြန်မာနိုင်ငံတွင် ဗီတာမင်အေ ဆေးလုံးတိုက်ကျွေးခြင်း စီမံချက်ကို ၁၉၉၀ ပြည့်နှစ်များ၏ အစပိုင်းမှ စတင်ခဲ့ပြီး ၁၉၉၆ခုနှစ်တွင် တစ်နိုင်ငံလုံးကို လွှမ်းခြုံနိုင်ခဲ့သည်။ အမျိုးသားကာကွယ်ဆေးတိုက်နေ့များတွင် ပိုလီယိုကာကွယ်ဆေးနှင့်အတူ ဗီတာမင်အေ ဆေးလုံးများ တိုက်ကျွေးခဲ့သည်ကို မှတ်မိကြလိမ့်ဦးမည် ထင်သည်။ ယခုအခါ မြန်မာနိုင်ငံတွင် ဗီတာမင်အေ ချို့တဲ့မှုကြောင့် မျက်စိကွယ်ရသည့်ကလေးမှာ မရှိတော့သလောက် ရှားသွားပြီဖြစ်သည်။

ဗီတာမင်အေသည် ကလေးသူငယ်များအား မျက်စိကွယ်ခြင်းအန္တရာယ်မှ ကာကွယ်ပေးနိုင်ရုံသက်သက်မဟုတ်၊ ကိုယ်ခံစွမ်းအားကို ကောင်းစေပြီး ကူးစက်ရောဂါအမျိုးမျိုးကို ခုခံတိုက်ဖျက်နိုင်သည့် အစွမ်းကိုလည်းပေး၏။ ကြီးထွားဖွံ့ဖြိုးမှုအတွက်လည်း အရေးပါ၏။ ထို့ကြောင့်ခြောက်လမှ ငါးနှစ်အရွယ်ရင်သွေးငယ်များအား ကိုယ်ခံစွမ်းအားမြင့်မားပြီး ကျန်းမာစေရန်၊ အစွမ်းကုန်ကြီးထွားဖွံ့ဖြိုးစေရန်၊ အနီးဆုံး ကျန်းမာရေးဌာနနှင့်ဆက်သွယ်၍ အင်အားပြည့်ဗီတာမင်အေဆေးလုံးကို မတ်လတွင်တစ်ကြိမ်၊ စက်တင်ဘာလတွင် တစ်ကြိမ် မပျက်မကွက် တိုက်ကျွေးပါရန် အသိပေး နှိုးဆော်လိုသည်။

## သံဓာတ်ချို့တဲ့မှု

သွေးအားနည်းရောဂါဖြစ်စေသော အကြောင်းအမျိုးမျိုး ရှိသည့်အနက် သံဓာတ်ချို့တဲ့မှုသည် အဖြစ်အများဆုံး အကြောင်းတစ်ရပ်ဖြစ်သည်။ ကိုယ်ဝန်ဆောင် မိခင်လောင်းများသည် သံဓာတ်ချို့တဲ့မှုကို အများဆုံးခံစားကြရပြီး ကလေးသူငယ်များနှင့် အရွယ်ရောက်ပြီးသူ အမျိုးသမီးများသည်လည်း သံဓာတ်ချို့တဲ့မှုအန္တရာယ်ကို ကြုံတွေ့ရတတ်သူများဖြစ်ကြသည်။ ဖွံ့ဖြိုးဆဲနိုင်ငံများတွင် ကိုယ်ဝန်ဆောင်မိခင် ၅၈ရာခိုင်နှုန်းသည် သွေးအားနည်းနေသည်ဟု ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကြီးက ခန့်မှန်းထား၏။ သွေးအားနည်းနေသည့် အမျိုးသမီးများသည် ကျန်းမာရေးချို့တဲ့ကြသည်။ မောပန်းလွယ်ပြီး အလုပ်ကို အင်တိုက်အားတိုက် မလုပ်နိုင်ကြပေ။ ကိုယ်ဝန်ဆောင်ခြင်း၊ မီးဖွားခြင်းတို့နှင့် ဆက်နွှယ်နေသော အန္တရာယ်အမျိုးမျိုးကို ပို၍ခံစားကြရတတ်သည်။ လမစေ့ ပေါင်မပြည့်သော ကလေးများ မွေးဖွားတတ်သည်။

သံဓာတ်ချို့တဲ့မှုသည် သိရှိနားလည် မှတ်သားခြင်းဆိုင်ရာ ဦးနှောက်ဖွံ့ဖြိုးမှု (Cognitive development )နှင့် အာရုံစူးစိုက်မှု (Concentration power)တို့ကို ထိခိုက်စေသဖြင့် သွေးအားနည်းသော ကလေးများသည် ကျောင်းသင်ခန်းစာများကို ကောင်းစွာ မလိုက်နိုင်ကြပေ။ ကိုယ်ခံစွမ်းအားနည်းပြီး ကျန်းမာရေးလည်း ချို့တဲ့ကြသည်။

အသည်း၊ အသား၊ သွေးခဲတို့သည် သံဓာတ်ကြွယ်ဝသော တိရစ္ဆာန်ထွက်အစာများဖြစ်ကြသည်။ ကောက်နှံ၊ ပဲအမျိုးမျိုးနှင့် အစိမ်းရောင် အရွက်ဖားဖားဟင်းရွက်များတွင် သံဓာတ်ပါဝင်သော်လည်း ထိုသံဓာတ်ကို လူ၏ခန္ဓာကိုယ်သည် တိရစ္ဆာန်ထွက် အစာများတွင်ပါဝင်သည့် သံဓာတ်ကဲ့သို့ လွယ်ကူစွာ စုပ်ယူအသုံးပြုနိုင်ခြင်းမရှိပေ။ မြန်မာတို့သည် တိရစ္ဆာန်ထွက် အစားအစာများထက် ထမင်းနှင့်ဟင်းသီးဟင်းရွက်တို့ကိုသာ ပိုမိုနှစ်ခြိုက်စွာ စားလေ့ရှိကြပေရာ ပျိုဖော်ဝင်အရွယ်မှစ၍ အရွယ်ရောက်ပြီးသူ အမျိုးသမီးတိုင်းသည် သံဓာတ်ပါသည့် အားဆေးတစ်မျိုးမျိုးကို ရက်သတ္တတစ်ပတ်လျှင် နှစ်ကြိမ်မှန်မှန် မှီဝဲခြင်းဖြင့်လည်းကောင်း၊ ကိုယ်ဝန်ဆောင်မိခင်များသည် နေ့စဉ်မှန်မှန် မှီဝဲခြင်းဖြင့်လည်းကောင်း သံဓာတ်ချို့တဲ့ သွေးအားနည်းရောဂါ ဖြစ်ခြင်းမှ ကာကွယ်သင့်ပါကြောင်း တင်ပြလိုသည်။

**ဒေါက်တာလှကြည်**

မိခင်နို့တစ်မျိုးတည်းတိုက်ကျွေးသော ကလေးများသည် အသက်ခြောက်လအထိ သံဓာတ်ချို့တဲ့ သွေးအားနည်းရောဂါ ဖြစ်ပွားလေ့မရှိသဖြင့် အသက်ခြောက်လအောက် ကလေးများအား သံဓာတ်အားဆေး တိုက်ကျွေးရန်မလိုအပ်ပေ။ (တိုက်ကျွေးခြင်းဖြင့် အူအတွင်းရှိ ဘက်တီးရီးယားပိုးများကို အားပေးရာရောက်ပြီး ဝမ်းပျက်ဝမ်းလျှောရောဂါများ ဖြစ်ပွားသည့်အန္တရာယ် ပို၍များပါသည်။) အသက် ခြောက်လပြည့်ပြီးသည့်နောက်တွင်မူ သံဓာတ်ကြွယ်ဝသည့် ဖြည့်စွက်စာများနှင့်အတူ သံဓာတ်ပါဝင်သည့် အားဆေးတစ်မျိုးမျိုးကို တိုက်ခြင်းဖြင့် သံဓာတ်ချို့တဲ့မှုမှ ကာကွယ်နိုင်ကြောင်းကိုလည်း တင်ပြလိုပါသည်။

## အိုင်အိုဒင်းချို့တဲ့မှု

အိုင်အိုဒင်းချို့တဲ့မှုသည် သန္ဓေသားနှင့်ကလေးသူငယ်များ၏ ဦးနှောက်ဖွံ့ဖြိုးမှုကို ထိခိုက်စေသည့် အကြောင်းရင်းများအနက် အလွယ်တကူ ကာကွယ်နိုင်သော အကြောင်းရင်းတစ်ရပ်ဖြစ်သည်။ အိုင်အိုဒင်းအာဟာရ ချို့တဲ့သော မိခင်မှ မွေးဖွားလာသည့်ကလေးသည် လုံးဝစာသင်၍မရအောင် ဉာဏ်ရည်နိမ့်ကျနိုင်သကဲ့သို့ လမ်းမလျှောက်နိုင်လောက်အောင် ခြေလက်များ မသန်မစွမ်းဖြစ်နိုင်သည်။ စာသင်၍ရသည့်တိုင် ထူးချွန်ထက်မြက်သည့် ကလေးဖြစ်လာမည် မဟုတ်ပေ။ လမ်းလျှောက်နိုင်သည့်တိုင် ခြေလက်များကို သွက်သွက်လက်လက် မလှုပ်ရှားနိုင်သည့် အခြေအနေမျိုးကို ကြုံတွေ့နိုင်သည်။

လည်ပင်းကြီးရောဂါဖြစ်ခြင်းသည် အိုင်အိုဒင်းချို့တဲ့မှု၏ မြင်သာသော လက္ခဏာဖြစ်၏။ အိုင်အိုဒင်းချို့တဲ့သောလူကြီးများသည် နိုးကြားဖျတ်လတ်မှု မရှိခြင်း၊ ထုံထိုင်းနှေးကွေးခြင်း၊ ကြံရည်ဖန်ရည် မရှိခြင်းတို့ကြောင့် မိသားစု၏ စီးပွားရေး၊ လူမှုရေးအခြေအနေများ နိမ့်ကျနေခြင်းကိုမူ အလွယ်တကူ မသိမြင်တတ်ကြပေ။ ကလေးများ ဉာဏ်ရည်ထက်မြက်ရေး၊ မိသားစု၏လူမှုရေး၊ စီးပွားရေး အခြေအနေများ တိုးတက်မြင့်မားရေးတို့အတွက် ကိုယ်ဝန်ဆောင်နှင့် နို့တိုက်မိခင်များအပါအဝင် မိသားစုတစ်စုလုံး၊ ကျားမမရွေး၊ အသက်အရွယ်မရွေး၊ အိုင်အိုဒင်းဆားကို နေ့စဉ်စားသုံးခြင်းဖြင့် အိုင်အိုဒင်းအာဟာရအခြေအနေကို မြှင့်တင်ဖို့ အရေးကြီးကြောင်းကိုလည်း တင်ပြလိုသည်။

## အာဟာရ ပြည့်ဝသည့်အစားအစာများကို စုံလင်စွာစားပါ

မိခင်နို့သည် အသက်ခြောက်လအောက် ကလေးအတွက် လိုအပ်သည့် အာဟာရဓာတ်မျိုးစုံပါဝင်သည့် တစ်ခုတည်းသောအစာဖြစ်၏။ သို့သော် အသက်ခြောက်လ ပြည့်ပြီးချိန်မှစ၍ လူတစ်ယောက်အတွက် အာဟာရဓာတ်မျိုးစုံကို စုံလင်စွာပေးနိုင်သည့် တစ်ခုတည်းသောအစာဟူ၍ မရှိပေ။ ဆန်၊ ဂျုံ၊ ပြောင်းစသည့် ကောက်နှံများ၊ သစ်ဥသစ်ဖုများ၊ ဆီ၊ အသား၊ ငါး၊ ပုစွန်၊ ပဲအမျိုးမျိုး၊ ဥအမျိုးမျိုး၊ ဟင်းသီးဟင်းရွက် သစ်သီးဝလံများကို စုံစုံလင်လင် မျှမျှတတ စားသောက်ဖို့လို၏။

**ကလေးကို အသားငါးကျွေးလျှင် သန်ထမည်၊ ဟင်းရွက်ကျွေးလျှင် ဗိုက်နာမည်၊ အသီးကျွေးလျှင်ဝမ်းပျက်မည်၊ ဥကျွေးလျှင် ဝမ်းပုပ်မည်၊ ပဲကျွေးလျှင် ဗိုက်ပွမည် စသည့် အကြောင်းအမျိုးမျိုးပြ၍ အာဟာရပြည့်ဝသောအစားများကို စုံလင်စွာမကျွေးခြင်းသည် ကလေးများ အာဟာရချို့တဲ့ရခြင်း၏ အဓိက အကြောင်းတစ်ရပ်ဖြစ်နေသည်။** သန်ထခြင်း၊ ဝမ်းပျက်ခြင်းတို့သည် တစ်ကိုယ်ရေသန့်ရှင်းမှု အားနည်းခြင်း၊ အစားအစာ သန့်ရှင်းလတ်ဆတ်မှုမရှိခြင်း၊ ပတ်ဝန်းကျင်သန့်ရှင်းမှု အခြေအနေ ညံ့ဖျင်းခြင်းတို့နှင့် ပို၍သက်ဆိုင်၏။ အသား၊ ငါး၊ ဥအမျိုးမျိုး၊ ပဲအမျိုးမျိုးတို့သည် ခန္ဓာကိုယ်ကြီးထွားဖွံ့ဖြိုးစေသော အစာများဖြစ်သဖြင့် ကလေးအား တတ်နိုင်သမျှ မဖြစ်မနေ ကျွေးဖို့လိုအပ်သည်။ ဟင်းသီးဟင်းရွက် သစ်သီးဝလံများသည် ဗီတာမင်နှင့်သတ္တုဓာတ်များ ကြွယ်ဝပြီး ဗီတာမင်အေချို့တဲ့မှု၊ သံဓာတ်ချို့တဲ့မှုစသည့် အဏုအာဟာရချို့တဲ့မှု များမှ ကာကွယ်ပေးနိုင်သဖြင့် ကလေးများအား နေ့စဉ်ကျွေးသင့်သည့် အစာများဖြစ်သည်။

ကိုယ်ဝန်ဆောင်အမျိုးသမီးများသည် မိမိအတွက်ရော သန္ဓေသားအတွက်ပါ နှစ်ယောက်စာစားဖို့ လိုအပ်သည်။ အစားပိုစားလျှင် ကလေးထွားပြီး မွေးဖွားရာတွင် ခက်ခဲမည်ဟု ယူဆခြင်းသည် မှားယွင်း၏။ အာဟာရ ပြည့်ဝမှ ကျန်းမာမည်၊ အားရှိမည်၊ မွေးဖွားရာတွင် လွယ်ကူမည်ဖြစ်သည်။ ကိုယ်ဝန်ဆောင်များ အားနည်းခြင်း၊ ကျီးကန်းပါးစပ်ဖြစ်ခြင်း၊ လျှာကွဲခြင်း၊ ထုံနာကျဉ်နာဖြစ်ခြင်းတို့သည် မလိုအပ်ဘဲ အစားရှောင်သောကြောင့်ဖြစ်ရသည့် အာဟာရချို့တဲ့ခြင်း၏ လက္ခဏာများဖြစ်သည်။

နို့တိုက်မိခင်အချို့သည် ကိုယ်ဝန်ဆောင်ဘဝမှာထက်ပင် အစားရှောင်တတ်ကြသေး၏။ ကလေးဗိုက်နာမှာ၊ ဝမ်းပျက်မှာ၊ နေမကောင်းဖြစ်မှာ စိုးရိမ်ခြင်းတို့သည် အစားရှောင်ရခြင်း၏အဓိက အကြောင်းပြချက်များ ဖြစ်သည်။ အမှန်မှာ နို့တိုက်မိခင်သည် မိမိအတွက်ရော နို့စို့ကလေးအတွက်ပါ နှစ်ယောက်စာ စားရမည်။ နို့တိုက်မိခင်သည် ကိုယ်ဝန်ဆောင်ဘဝမှာထက်ပင် အစာစုံလင်စွာ ပို၍စားဖို့ လိုအပ်သည်။ နို့တိုက်မိခင် အစားရှောင်လွန်းသဖြင့် ထုံနာကျဉ်နာစွဲကပ်ခြင်း၊ သူမ၏ နို့ကို စို့နေရသော သုံးလေးလသားအရွယ် ကလေးသည် ဗီတာမင်ဘီဝမ်း (Vitamin B1)ချို့တဲ့ပြီး သူငယ်နာ ဘယ်ရီဘယ်ရီ (Infantile beriberi)ရောဂါဖြင့် ရုတ်တရက် သေဆုံးရခြင်းတို့ကို ရံဖန်ရံခါ ကြုံတွေ့နေရဆဲ ဖြစ်၏။ ဗီတာမင် ဘီဝမ်း ချို့တဲ့ခြင်းသည် မစားနိုင်ခြင်းကြောင့်မဟုတ်၊ မစားတတ်ခြင်းကြောင့် (Vitamin B1 deficiency is not a disease of poverty but it is a disease of imbalanced diet)ဖြစ်ရာ ကျန်းမာရေးဝန်ထမ်းများ အကြံပေးသည့်အတိုင်း မှတ်သားလိုက်နာပြီး အစားအစာစုံလင်စွာ စားသုံးသည့်ဓလေ့ကို ထူထောင်ဖို့ အလွန်အရေးကြီးကြောင်း တင်ပြလိုသည်။

## အာဟာရဓာတ်များ မဆုံးရှုံးအောင် ပြင်ဆင်ချက်ပြုတ်ခြင်း

အာဟာရဓာတ်ကြွယ်ဝသော အစားအစာပင်ဖြစ်စေ၊ ပြင်ဆင်ချက်ပြုတ်ရာတွင် နည်းလမ်းမမှန်ပါက အရေးကြီးသော အာဟာရဓာတ်များ ဆုံးရှုံးသွားတတ်သည်။ အာဟာရဓာတ်များ ရေတွင်မျောပါဆုံးရှုံးခြင်းမဖြစ်စေရန်–

* ကြက်သား၊ ဘဲသား၊ ငါးတို့ကို အကောင်လိုက် ရေဆေးပါ။ ရေဆေးပြီးမှ တုံးတစ်ပါ။ တုံးတစ်ပြီးလျှင် ရေထဲတွင်စိမ်မထားပါနှင့်။
* အမဲသား၊ ဆိတ်သားတို့ကို ဝယ်လာသည့် အတုံးကြီးအတိုင်း ရေဆေးပါ။ ရေဆေးပြီးမှ အတုံးသေးသေးတုံးပါ။ အတုံးသေးသေး တုံးပြီးလျှင် ရေထဲတွင် စိမ်မထားပါနှင့်။
* ဟင်းရွက်များကို အခက်လိုက် ရေဆေးပါ။ ရေဆေးပြီးမှ ဖြတ်တောက်ပါ။ ဖြတ်တောက်ပြီးလျှင် ရေထဲတွင် စိမ်မထားပါနှင့်။ ဟင်းရွက်များကို ကြာရှည်စွာ အပူပေး၍ မပြုတ်ပါနှင့်၊ ရေနွေးကို ဆူအောင်တည်ပြီးမှ ဟင်းရွက်ကိုခပ်ပါ၊ ချက်ချင်း အဖုံးပိတ်၍ မီးဖိုမှချပါ။
* သစ်သီးများကို အလုံးလိုက် ရေဆေးပါ။ ရေဆေးပြီးမှ အခွံနွှာ၍ ထက်ခြမ်း ခြမ်းပါ၊ ခွဲစိတ်ပါ။ ထက်ခြမ်းခြမ်းပြီး၊ ခွဲစိတ်ပြီးလျှင် ရေထဲတွင် စိမ်မထားပါနှင့်။
* ဆန်ကို အလွန့်အလွန် ဖြူဆွတ်သွားအောင် မကြိတ်ခွဲပါနှင့်၊ လျှော့ကြိတ်ပါ။
* ဆန်ကို ရေတွင်စိမ်ထားခြင်း၊ အထပ်ထပ်ဆေးခြင်း၊ လက်နှင့် ကြမ်းကြမ်းတမ်းတမ်းပွတ်၍ ဆေးခြင်းမပြုလုပ်ပါနှင့် သင့်တင့်ရုံ ညင်ညင်သာသာ ဆေးပါ။
* ထမင်းကို ရေခန်းချက်စားပါ။

## ဥပဒ်ကင်းအောင် ချက်ပြုတ်စားသုံးပါ

ကြက်ဥကို အစိမ်းသောက်ခြင်း၊ ကြက်ဥ၊ဘဲဥတို့ကို မကျက်တကျက်ပြုတ်၍ စားခြင်း၊ အသား၊ ငါးတို့ကို မကျက်တကျက်စားခြင်း၊ ငါး၊ ပုစွန်တို့ကို အစိမ်းစားခြင်း၊ နို့ကို အစိမ်းသောက်ခြင်းတို့ကို အားမပေးပါ။ ထိုသို့စားသုံးခြင်းဖြင့် ဝမ်းပျက်ဝမ်းလျှောရောဂါ၊ အစာအဆိပ်သင့်ရောဂါ၊ ဝက်သားနှင့် အမဲသားတို့တွင် ပါလာနိုင်သည့် သန်ပြားကောင်(Tape Worm)ရောဂါ၊ နွားနို့တွင် ပါလာနိုင်သည့် တီဘီရောဂါများကို ရရှိနိုင်သည်။ ထို့ကြောင့် အစားအသောက်ဥပဒ်ကင်းရေးအတွက်–

* **နွားနို့ကိုဆူပွက်အောင်ကျိုပြီးမှ သောက်ပါ။**
* **ဥများကို ကျက်အောင်ပြုတ်ပြီးမှ စားပါ။**
* **အသား၊ ငါးတို့ကို နူးနူးနပ်နပ် ချက်ပြုတ်စားသုံးပါ။ အသားကို အတုံးသေးသေးတုံး၍ ကျက်အောင် (အတုံး၏အလယ်ကောင်တွင် အပူချိန် ၇၀ ဒီဂရီ စင်တီဂရိတ်ရောက်အောင်)ချက်ပြုတ်ပြီးမှ စားသုံးပါ။**
* **ဟင်းလျာများကို ချက်ပြုတ်ပြီးလျှင် ပူပူနွေးနွေးစားသုံးပါ။**
* **ချက်ပြုတ်ပြီး အချိန်အနည်းငယ်ကြာမှ စားမည်ဆိုလျှင် (နွေးရုံသက်သက်မဟုတ်) ဆူပွက်အောင် အပူပေးပြီးမှ စားသုံးပါ။**
* **ဖြစ်နိုင်လျှင် မနက်ဘက်ချက်ထားသော အစာကို ညနေမှ စားခြင်း၊ ညနေဘက် ချက်ထားသောအစာကို နောက်တစ်နေ့စားခြင်းမှရှောင်ကြဉ် ပါဟု တင်ပြလိုပါသည်။ ။**

# ပြည်နယ်နှင့်တိုင်း စစ်တုရင်ပြိုင်ပွဲ စွယ်စုံတံခွန်စိုက်ဒိုင်း ရန်ကုန်တိုင်းဆွတ်ခူး

**သတင်းဆောင်းပါး-သိန်းဝင်းလေး(မြန်မာ့အလင်း)၊ ဓာတ်ပုံ-ကျော်ခိုင်(အား/ကာ)**

ရန်ကုန် ဩဂုတ် ၂၉

**အားကစားဝန်ကြီးဌာန အားကစားနှင့် ကာယပညာဦးစီးဌာနနှင့် မြန်မာနိုင်ငံစစ်တုရင်အဖွဲ့ချုပ်တို့ ကြီးမှူးကျင်းပသည့် (၂၉)ကြိမ်မြောက် ပြည်နယ်နှင့်တိုင်း စစ်တုရင်ပြိုင်ပွဲ ဗိုလ်လုပွဲနှင့်ဆုပေးပွဲအခမ်းအနားကို ယမန်နေ့ မွန်းလွဲ ၂ နာရီက အောင်ဆန်းအားကစားပြိုင်ဝင်း မိုးလုံလေလုံခန်းမတွင်ကျင်းပရာ ရန်ကုန်တိုင်းအသင်းက စွယ်စုံတံခွန်စိုက် ဒိုင်းဆုကြီးကို အမှတ်ပေါင်း ၂၄၃မှတ်ဖြင့် ဆွတ်ခူးရရှိသွားသည်။**

အပြည်ပြည်ဆိုင်ရာ စစ်တုရင် အသင်းလိုက် ပြိုင်ပွဲတွင် လက်ရှိ ချန်ပီယံ ရခိုင်ပြည်နယ်အသင်းက ၁၀ပွဲကစား ကိုးပွဲနိုင်၊ တစ်ပွဲသရေ ရှုံးပွဲမရှိ စံချိန်တင်သွားပြီး နှစ်နှစ်ဆက်တိုက် ပထမရရှိသည်။ ရန်ကုန်တိုင်းက ဒုတိယရရှိပြီး ဧရာဝတီတိုင်းက တတိယရရှိသည်။ ဆုများကို မြန်မာနိုင်ငံ စစ်တုရင်အဖွဲ့ချုပ် ဥက္ကဋ္ဌ ဦးကျော်သန်းက ပေးအပ်ချီးမြှင့်သည်။

**အပြည်ပြည်ဆိုင်ရာ စစ်တုရင်ပြိုင်ပွဲ ပထမဖြင့် နှစ်နှစ်ဆက်တိုက် ချန်ပီယံ ရခိုင်ပြည်နယ်အသင်းအား မြန်မာနိုင်ငံ အိုလံပစ်ကော်မတီ အထွေထွေအတွင်းရေးမှူး အားကစားနှင့်ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသောင်းထိုက်က ဒိုင်းဆုချီးမြှင့်စဉ်။**

**ဓာတ်ပုံ–ကျော်ခိုင်(အား/ကာ)**

## မြန်မာ့ရိုးရာစစ်တုရင်

မြန်မာ့ရိုးရာစစ်တုရင် အသင်းလိုက်ပြိုင်ပွဲတွင် ပထမဆုကို မန္တလေးတိုင်းက လေးမှတ်ခွဲဖြင့် ရရှိသွားပြီး ရန်ကုန်တိုင်းက ဒုတိယရရှိကာ ဧရာဝတီတိုင်းက တတိယရရှိသည်။

အသက် ၂၀ အောက်လူငယ် စစ်တုရင် အသင်းလိုက်ပြိုင်ပွဲတွင် ပထမ မန္တလေးတိုင်း၊ ဒုတိယ ရန်ကုန်တိုင်းနှင့် တတိယ ရခိုင်ပြည်နယ်တို့ ရရှိသည်။ ဆုများကို အားကစားနှင့် ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူး ဦးသန်းဇော်(ယှဉ်/လေ့) က ပေးအပ်ချီးမြှင့်သည်။

အသက် ၂၀ အောက် လူငယ် တစ်ဦးချင်းပြိုင်ပွဲ ပထမ နေလင်းထွန်း(မန္တလေး)၊ ဒုတိယ ထက်ပိုင်အောင်(ရန်ကုန်)၊ တတိယ ဟိန်းမြင့်မြတ်ကျော်(ရန်ကုန်)၊ စတုတ္ထ သိန်းထွေးနိုင်(ရန်ကုန်)၊ ပဉ္စမ ငြိမ်းချမ်း(မွန်ပြည်နယ်)တို့ ရရှိသွားပြီး ဆုများကို မြန်မာနိုင်ငံ စစ်တုရင်အဖွဲ့ချုပ် အမှုဆောင် ဦးမင်းသိန်းက ပေးအပ်ချီးမြှင့်သည်။

မြန်မာ့ရိုးရာ စစ်တုရင်တစ်ဦးချင်း ပြိုင်ပွဲတွင် ပထမ ဝင်းဇော်ထွန်း(ရန်ကုန်)၊ ဒုတိယ ဦးတင့်ဝေ (ဧရာဝတီ)၊ တတိယ ဝင်းထွန်း(ရန်ကုန်)၊ စတုတ္ထ စိုးတင့်(ဧရာဝတီ)တို့ ရရှိသွားသည်။ ဆုများကို အားကစားနှင့် ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူး ဦးမောင်ဝင်းက ပေးအပ်ချီးမြှင့်သည်။

ပြိုင်ပွဲများမှ ကစားခုံရရှိသူ ၄၃ ဆုအား အားကစားနှင့် ကာယပညာဦးစီးဌာနမှတာဝန်ရှိသူများနှင့် မြန်မာနိုင်ငံ စစ်တုရင်အဖွဲ့ချုပ် အမှုဆောင်များက အလှည့်ကျပေးအပ်ချီးမြှင့်သည်။

## စွယ်စုံဒိုင်းချီးမြှင့်

အသက် ၂၀အောက် လူငယ် တံခွန်စိုက် စစ်တုရင်ပြိုင်ပွဲ အသင်းလိုက်ပထမ မန္တလေးတိုင်း၊မြန်မာ့ရိုးရာ စစ်တုရင်ပြိုင်ပွဲ အသင်းလိုက် ပထမ မန္တလေးတိုင်း၊ အပြည်ပြည်ဆိုင်ရာ အလွတ်တန်းပြိုင်ပွဲ ပထမ ရခိုင်ပြည်နယ်နှင့် စွယ်စုံတံခွန်စိုက် ဒိုင်းဆုရ ရန်ကုန်တိုင်းအသင်းတို့အား မြန်မာနိုင်ငံ အိုလံပစ်ကော်မတီ အထွေထွေအတွင်းရေးမှူး အားကစားနှင့် ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသောင်းထိုက်က ဒိုင်းဆုကြီးနှင့် ဆင့်ပွားဒိုင်းများ ပေးအပ်ချီးမြှင့်သည်။

ဆုပေးပွဲအပြီးတွင် စွယ်စုံတံခွန်စိုက် ဒိုင်းဆုရ ရန်ကုန်တိုင်းအသင်း နည်းပြဆရာ ဒုအရာခံဗိုလ်ဝင်းမြင့်ဦးနှင့်တွေ့ဆုံ၍ ပြိုင်ပွဲတွင် လူရွေးချယ်မှု ပြိုင်ပွဲအတွေ့အကြုံများကို မြန်မာ့အလင်းက တွေ့ဆုံမေးမြန်းခဲ့သည်။

ရန်ကုန်တိုင်းအသင်း နည်းပြဆရာ ဒုအရာခံဗိုလ် ဝင်းမြင့်ဦးက "မိမိတို့ ၂၀၀၄ခုနှစ်ဧပြီလတွင်ကျင်းပသည့် သက်တန်းအလိုက် လူငယ်စစ်တုရင်ပြိုင်ပွဲမှ ဆုရရှိသူနှင့် အလားအလာရှိသူများကို ရွေးချယ်၍ အသက် ၂၀ အောက် အပြည်ပြည်ဆိုင်ရာ စစ်တုရင်ပြိုင်ပွဲအတွက် လေ့ကျင့်ပေးခဲ့ကြောင်း၊ အကြီးတန်း အပြည်ပြည်ဆိုင်ရာ စစ်တုရင်ပြိုင်ပွဲအတွက် ဇူလိုင်လတွင် ကျင်းပသည့် ဝန်ကြီးဌာနပေါင်းစုံ စစ်တုရင်ပြိုင်ပွဲမှ အလားအလာရှိပြီး လက်ရည်ကောင်းမွန်သည့် သူများကို ရွေးချယ်လေ့ကျင့်ပေးခဲ့ကြောင်း၊ တိုင်းအားကစားမှူး ဦးလှဝင်းနှင့် ရန်ကုန်တိုင်း စစ်တုရင်ဆပ်ကော်မတီ ဥက္ကဋ္ဌ အုပ်ချုပ်မှုဒါရိုက်တာ ဦးစိုးနိုင်(အောင်မြန်မာဆောက်လုပ်ရေးကုမ္ပဏီ)တို့က အနီးကပ် ကြပ်မတ်ပေးပြီးလိုအပ်ချက်များကို ဖြည့်ဆည်းပေးကြောင်း၊ မိမိနှင့် နည်းပြဖြစ်သူ ဦးတင်ဌေး(အဖွဲ့ချုပ်)တို့က စာတွေ့၊လက်တွေ့၊ကွန်ပျူတာများဖြင့် လေ့ကျင့်ပေးခဲ့ကြောင်း၊ မိမိတို့အသင်း လူငယ်ပြိုင်ပွဲတွင် ဒုတိယရပြီး မြန်မာ့ရိုးရာ စစ်တုရင်ပြိုင်ပွဲတွင် ယမန်နှစ်ချန်ပီယံ ဧရာဝတီ၊ ယခုနှစ်ချန်ပီယံ မန္တလေးတို့နှင့် သရေကစားနိုင်သော်လည်း ဒုတိယသာရရှိခဲ့ကြောင်း၊ လူငယ်အသင်းနှင့် ရိုးရာအသင်းတို့ ရမှတ် နည်းခဲ့သဖြင့် အလွတ်တန်းပြိုင်ပွဲတွင် မန္တလေးတိုင်းကိုအနိုင်ရမှသာ စွယ်စုံတံခွန်စိုက်ဒိုင်း ရယူနိုင်မည်ဖြစ်သဖြင့် ကစားသမားများအား စိတ်ဓာတ်ရေးရာမြှင့်တင်မှုများ ပြုလုပ်ပေးခြင်း၊ ကစားသမားတစ်ဦးစီ၏ အားသာချက်၊ အားနည်းချက်များအား ကွန်ပျူတာဖြင့် ရှာဖွေပေးခြင်းတို့ဖြင့် လေ့ကျင့်စေပြီး မန္တလေးတိုင်းနှင့် ယှဉ်ပြိုင်ရာမှာ မိမိတို့ သုံးပွဲ–တစ်ပွဲဖြင့် အနိုင်ယူလိုက်နိုင်၍ ယခုကဲ့သို့ စွယ်စုံတံခွန်စိုက် ဒိုင်းကြီးကို ရရှိခြင်းဖြစ်ကြောင်း" မြန်မာ့အလင်းသို့ ရှင်းပြသည်။

## နှစ်နှစ်ဆက်တိုက် ချန်ပီယံရခိုင်ပြည်နယ်

ဆက်လက်၍အပြည်ပြည်ဆိုင်ရာ စစ်တုရင်အသင်းလိုက် နှစ်နှစ်ဆက်တိုက် ချန်ပီယံ ရခိုင်ပြည်နယ်အသင်း အုပ်ချုပ်သူ ဦးအောင်ကျော်ထွန်းနှင့် တွေ့ဆုံ၍ လူရွေးချယ်ယှဉ်ပြိုင်ပုံများကို မေးမြန်းဖြစ်သည်။

ရခိုင်ပြည်နယ်အသင်း အုပ်ချုပ်သူ ဦးအောင်ကျော်ထွန်းက "မိမိတို့ မနှစ်က ချန်ပီယံဆုရရှိစဉ် ပါဝင်သူများကို အမာခံထားပြီး စခန်းသွင်းလေ့ကျင့်ပေးခဲ့ကြောင်း၊ ဩဂုတ်လတွင် မိမိတို့ပြည်နယ်၌ ကျင်းပသည့် ခရိုင်ပေါင်းစုံစစ်တုရင်ပြိုင်ပွဲမှ ဆုရရှိသူများ၊ အလားအလာရှိသူများကို ထပ်မံအားဖြည့်၍ ချန်ပီယံဘွဲ့ဆက်ထိန်းရန်ကြိုးပမ်းပြင်ဆင်ခဲ့၍ ရှုံးပွဲမရှိ စံချိန်တင်ခဲ့ပြီး ပထမတံခွန်စိုက်ဒိုင်းကြီးကိုပြန်လည်ရယူနိုင်ခြင်းဖြစ်ကြောင်း"ရှင်းပြသွားသည်။ ။

**(မြန်မာ့အလင်း)**

**စွယ်စုံတံခွန်စိုက်ဒိုင်းဆုရ ရန်ကုန်တိုင်းအသင်း**

**(၂၉)ကြိမ်မြောက် ပြည်နယ်နှင့်တိုင်း စစ်တုရင်ပြိုင်ပွဲ စွယ်စုံတံခွန်စိုက်ဒိုင်းဆုရ ရန်ကုန်တိုင်းအသင်းအား ဆုယူအပြီး ဒိုင်းဆုကြီးနှင့်အတူ တွေ့ရစဉ်။**

**ဓာတ်ပုံ–ကျော်ခိုင်(အား/ကာ)**

# ပရီမီယာလိဂ် အာဆင်နယ်ဆက်လက်ဦးဆောင် မန်ယူနှင့်အဲဗာတန် ယနေ့ယှဉ်ပြိုင်ကစားမည်

**ရန်ကုန် ဩဂုတ် ၂၉**

အင်္ဂလိပ် ပရီမီယာလိဂ် ပွဲစဉ်(၄)ကို ဩဂုတ်၂၈ရက်က ဆက်လက်ကျင်းပရာ လက်ရှိချန်ပီယံ အာဆင်နယ်က နော်ဝှစ်ချ်အသင်းကို လေးဂိုး–တစ်ဂိုး ဖြင့်နိုင်ကာ အမှတ်ပေးဇယားထိပ်ဆုံးက ဦးဆောင်လျက်ရှိသည်။ နာမည်ကြီး မန်ယူက ဘလက်ဘန်းနှင့် တစ်ဂိုးစီ သရေကျသွားပြီး ချယ်လ်ဆီးက ဆောက်သမ်တန်ကို နှစ်ဂိုး–တစ်ဂိုးဖြင့် အနိုင်ရရှိသည်။

အခြားပွဲစဉ်များတွင် အက်စတွန်ဗီလာက နယူးကာဆယ်ကို လေးဂိုး–နှစ်ဂိုး၊ တော့တင်ဟမ်ဟော့စပါးက ဘာမင်ဂမ်ကို တစ်ဂိုး–ဂိုးမရှိ၊ မစ်ဒယ်ဘရော့က ခရစ္စတယ်ပဲလေ့စ်ကို နှစ်ဂိုး–တစ်ဂိုး၊ မန်စီးတီးက ချာလ်တန် ကို လေးဂိုး–ဂိုးမရှိ၊ အဲဗာတန်က ဝက်စ်ဘရွန်းကို နှစ်ဂိုး–တစ်ဂိုးဖြင့် အနိုင်ရရှိသွားကြသည်။

## ပွဲကျန်

ဩဂုတ် ၃၀ ရက်**(ယနေ့)** မြန်မာစံတော်ချိန် ညနေ၅နာရီခွဲတွင် ပရီမီယာလိဂ်ပွဲကျန်အဖြစ် မန်ချက်စတာယူနိုက်တက်နှင့် အဲဗာတန်တို့ ယှဉ်ပြိုင် ကစားကြရမည်ဖြစ်သည်။ မန်ယူကွင်း အိုးထရက်ဖို့၌ ကစားရမည်ဖြစ်၍ အနိုင်ရရန် အလားအလာ ကောင်းနေသည်။ ပွဲစဉ်(၄)၌ ဘလက်ဘန်းကို တစ်ဂိုးစီ သရေကျခဲ့ရာ မန်ယူအသင်း အမှတ်ပေးဇယား၌ အဆင့်၁၂သို့ ဆင်းသွားခဲ့ရပြီး ထိပ်ဆုံးမှ အာဆင်နယ်နှင့် ရှစ်မှတ်ကွာခြားလျက်ရှိသည်။

အဲဗာတန်အသင်းသည် ပွဲစဉ်(၄)၌ ဝက်စ်ဘရွန်းကို နှစ်ဂိုး–တစ်ဂိုးဖြင့် အနိုင်ရရှိသဖြင့် အမှတ်ပေးဇယား၌ အဆင့်ခုနစ်သို့ တက်လာနိုင်သည်။ ယမန်နှစ်ဆုံတွေ့မှု၌ မန်ယူက အဲဗာတန်ကို နှစ်ပွဲစလုံး အနိုင်ရရှိခဲ့သည်။ ၁၉၉၉ ခုနှစ်မှ ၂၀၀၄ ခုနှစ်အထိ မန်ယူနှင့် အဲဗာတန်တို့ ငါးကြိမ်ဆုံတွေ့ခဲ့ရာ မန်ယူက ငါးပွဲစလုံး အနိုင်ရရှိခဲ့သည်။

မန်ချက်စတာယူနိုက်တက်အသင်းသည် ယခုနှစ်ဘောလုံးရာသီ၌ အိမ်ကွင်း၌ ရှုံးပွဲမရှိသေးချေ။

ကစားပြီး သုံးပွဲတွင် တစ်ပွဲနိုင်၊ တစ်ပွဲသရေ၊ တစ်ပွဲရှုံးထား၍ အခြေမလှဖြစ်နေသော မန်ယူက အဲဗာတန်ကို အနိုင်ကစားမှသာ အခြေအနေကောင်းမည်ဖြစ်သည်။ **(မြန်မာ့အလင်း)**

**စမ်းချောင်းမြို့နယ် အမှတ်(၉) အခြေခံပညာမူလတန်းကျောင်း ၂၀၀၃–၂၀၀၄ခုနှစ် မိဘဆရာအသင်း နှစ်ပတ်လည်အစည်းအဝေးနှင့် ပညာရည်ချွန်ဆုပေးပွဲကို ဩဂုတ်၂၈ရက်က ကျောင်းခန်းမတွင်ကျင်းပရာ ငါးနှစ်ဆက်တိုက် ပထမဆု၊ လူမှုရေးဘာသာ ထူးချွန်ဆု၊ ဘာသာစုံ ဂုဏ်ထူးဆုရသူ စတုတ္ထတန်းမှ မနှင်းအိစံအား ကျောင်းအုပ်ဆရာမကြီး ဒေါ်ရီရီခိုင်က ဂုဏ်ပြုထူးချွန်ဆုချီးမြှင့်စဉ်။ (၁၂၉)**


အာဟာရပြည့်လျှံ ရောဂါစင်၊ ပျော်ရွှင်ကျန်းမာ စိတ်ချမ်းသာ

**အာဟာရဖွံ့ဖြိုးရေးရက်သတ္တပတ်**

(၁–၉–၂၀၀၄ မှ ၇–၉–၂၀၀၄)

မိသားစုတိုင်း အိုင်အိုဒင်းဆားကို စားသုံးပါ။
အသက်(၆)လမှ (၅)နှစ်အောက်ကလေးများအား
ဗီတာမင်အေဆေးလုံးတိုက်ပါ။
အရွယ်ရောက်ပြီးသောအမျိုးသမီးများ သံဓာတ်အားဆေးမှီဝဲပါ။

ကလေးသူငယ်များအား အာဟာရပြည့်ဝသည့်အစာများ စုံလင်စွာကျွေးပါ။

ကျန်းမာရေးဝန်ကြီးဌာန၊ ကမ္ဘာ့ကျန်းမာရေးအဖွဲ့၊ ကုလသမဂ္ဂကလေးများရန်ပုံငွေအဖွဲ့၊ သတ္တုတွင်းဝန်ကြီးဌာန။

ရန်ကုန်တိုင်း အေးချမ်းသာယာ ရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီ ဥက္ကဋ္ဌ ရန်ကုန်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေ သန်လျင်မြို့နယ် စိုက်ပျိုးရေးပညာ ပေးစခန်း၌ မိုးစပါး စိုက်ပျိုးနည်းပညာ စမ်းသပ်ကွက်ကို ကြည့်ရှု စစ်ဆေးစဉ်။ (ရန်ကုန်တိုင်း)

# သန်လျင်၊ ကျောက်တန်းနှင့် သုံးခွမြို့နယ် စိုက်ပျိုးရေးလုပ်ငန်းများ တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေစစ်ဆေး စိုက်ပျိုးနည်းပညာ တောင်သူလယ်သမားများ ကျယ်ကျယ်ပြန့်ပြန့် အသုံးချရေး ဆောင်ရွက်ရန်မှာကြား

ရန်ကုန် ဩဂုတ် ၂၉

**ရန်ကုန်တိုင်းအေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေသည် ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး ဒုတိယဗိုလ်မှူးကြီးမြင့်ကြည်နှင့်အဖွဲ့ဝင်များလိုက်ပါလျက် ဩဂုတ်၂၈ရက် နံနက်ပိုင်းက ရန်ကုန်တောင်ပိုင်းခရိုင် သန်လျင်မြို့နယ်၊ ကျောက်တန်းမြို့နယ်နှင့် သုံးခွမြို့နယ်တို့သို့ သွားရောက်၍ စိုက်ပျိုးရေးလုပ်ငန်းများကို ကြည့်ရှုစစ်ဆေးကာ ဒေသခံတောင်သူလယ်သမားများနှင့် တွေ့ဆုံပြီး လိုအပ်သည်များကို ပံ့ပိုးကူညီ ဖြည့်ဆည်းပေးသည်။**

ရှေးဦးစွာ တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေနှင့် အဖွဲ့သည် နံနက်၁၀နာရီခွဲတွင် ရန်ကုန်တောင်ပိုင်းခရိုင် ကျောက်တန်းမြို့နယ် ညောင်ဝိုင်းကျေးရွာ စိုက်ပျိုးရေးပညာပေးစခန်းသို့ ရောက်ရှိလာရာ ညောင်ဝိုင်းကျေးရွာ စိုက်ပျိုးရေးပညာပေးစခန်း မိုးစပါး ပန်းတိုင်အထွက်နှုန်းရရှိရေးအထူးဇုန် စိုက်ပျိုးနည်းပညာစမ်းသပ်ကွက်များ၌ အထူးဇုန်အတွင်း ဘန့်ဘွေးကုန်းဆည်ရေဖြင့် စပါးတစ်နှစ်သုံးသီးမှ ပထမစပါးစိုက်ပျိုးအောင်မြင်ဖြစ်ထွန်းနေမှု၊ ဒုတိယစပါး စိုက်ပျိုးရန်ခေတ်သစ်ဘောင်ပျိုးထောင်နည်းဖြင့် ပျိုးထောင်ထားရှိမှု၊ စပါးကို တိုက်ရိုက်မျိုးစေ့ချစနစ်ဖြင့် ယှဉ်ပြိုင် စိုက်ပျိုးထားရှိမှု၊ မိတ်ဖက်အချက်များကို အခြေခံပြီး သီးနှံပုံစံများဖြင့် စိုက်ပျိုးဖြစ်ထွန်းနေမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး တိုင်းစိုက်ပျိုးရေးမန်နေဂျာ ဦးအောင်ဆန်းက ဒေသခံ တောင်သူ လယ်သမားကြီးများအား သီးနှံစိုက်ပျိုးနည်းစနစ်များ၊ ပညာပေးဆောင်ရွက်နေမှုအခြေအနေများနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

## ပညာပေးဆောင်ရွက်

ယင်းနောက် တိုင်းမှူးဗိုလ်ချုပ်မြင့်ဆွေက တာဝန်ရှိသူများအား ကျောက်တန်းမြို့နယ်အတွင်း မိုးစပါး ပန်းတိုင်အထွက်နှုန်းရရှိစေရေးအတွက် စိုက်ပျိုးနည်းပညာများကို ဒေသခံတောင်သူလယ်သမားကြီးများ ကျယ်ကျယ်ပြန့်ပြန့် အသုံးချစိုက်ပျိုးနိုင်ရေးပညာပေးဆောင်ရွက်ကြရန် မှာကြားသည်။

## ကြည့်ရှုစစ်ဆေး

ထိုမှတစ်ဆင့် တိုင်းမှူးနှင့်အဖွဲ့သည် သန်လျင်မြို့နယ် စစ်ပင်ကွင်းကျေးရွာအနီး မိုးစပါး ပန်းတိုင်အထွက်နှုန်းရရှိရေးအထူးဇုန်၌ စပါး– စပါး– ပဲတီစိမ်း တစ်နှစ်သုံးသီး၊ တစ်မိုး စပါးနှစ်သီးစိုက်ခင်းမှ ပထမမိုးစပါးရိတ်သိမ်းနေမှု၊ ဒုတိယမိုးစပါးထွန်ယက်စိုက်ပျိုးနေမှု၊ တစ်နံ့မှ တစ်ကွင်း၊ တစ်ကွင်းမှ တစ်နိုင်ငံ ခေါင်နှံ့ဖြင့်ပျိုးထောင်စိုက်ပျိုးထားရှိမှု၊ ပျိုးသက်ငယ်ဖြင့် ကောက်ကွက်လက်ဆ စိုက်ပျိုးထားရှိမှု၊ ပန်းတိုင်အထွက်နှုန်းရရှိသည့် စပါးမျိုးများ အထွက်နှုန်း ယှဉ်ပြိုင်စမ်းသပ်စိုက်ပျိုးဖြစ်ထွန်းနေမှု အခြေအနေများနှင့် ရိတ်သိမ်းပြီး ပထမစပါး ခြွေလှေ့နေမှုအခြေအနေများကို လိုက်လံကြည့်ရှုစစ်ဆေးသည်။

## မှာကြားဖြည့်ဆည်းပေး

ထို့နောက် တိုင်းစိုက်ပျိုးရေးမန်နေဂျာ ဦးအောင်ဆန်းက သန်လျင်မြို့နယ်အတွင်း မိုးစပါး ပန်းတိုင်အထွက်နှုန်းရရှိရေးအတွက် ဆောင်ရွက်လျက်ရှိသည့်လုပ်ငန်းများနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြရာ တိုင်းမှူးက လိုအပ်သည်များကို မှာကြားဖြည့်ဆည်းပေးသည်။

## ရှင်းလင်းတင်ပြ

ဆက်လက်၍ တိုင်းမှူးနှင့်အဖွဲ့သည် သုံးခွမြို့နယ် သိုက်တူးကန် ကျေးရွာအနီး မိုးစပါး ပန်းတိုင်အထွက်နှုန်းရရှိရေး အထူးဇုန်သို့ ရောက်ရှိလာပြီး စပါး–စပါး–ပဲတီစိမ်း တစ်နှစ်သုံးသီး၊ တစ်မိုးစပါး နှစ်သီးစိုက်ခင်းမှ ပထမစပါး ရိတ်သိမ်းပြီး ဒုတိယစပါးစိုက်ပျိုးနေမှု၊ မြေတွင်းအာဟာရဓာတ်များ တည်ရှိမှု၊ စမ်းသပ်စိုက်ပျိုးထားရှိမှု၊ စပါးခင်းများအတွင်း အဇိုလာနှင့် ဘဲ တွဲဖက်မွေးမြူပြီး စပါးအထွက်နှုန်းတိုးရေး စမ်းသပ်ဆောင်ရွက်နေမှု၊ ပန်းတိုင်အထွက်နှုန်း ရရှိနိုင်သည့် သက်လျင်စပါးမျိုးများ ယှဉ်ပြိုင်စမ်းသပ်ကွက်၊ သက်လတ်စပါးမျိုးများ ယှဉ်ပြိုင်စိုက်ပျိုးဖြစ်ထွန်းနေမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးရာ တိုင်းစိုက်ပျိုးရေးမန်နေဂျာ ဦးအောင်ဆန်းက မိုးစပါး ပန်းတိုင်အထွက်နှုန်း ရရှိရေးနှင့် တစ်နှစ်သုံးသီး စိုက်ပျိုးနိုင်ရေး သီးနှံပုံစံချ ဆောင်ရွက်ထားရှိမှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ထို့နောက် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေက ရန်ကုန်တိုင်းအတွင်း တစ်မိုးစပါး (နှစ်)သီး၊ တစ်နှစ်သုံးသီး စိုက်ပျိုးနိုင်ရေးနည်းပညာများ စနစ်တကျအသုံးချဆောင်ရွက်သွားကြရန် မှာကြားပြီး လိုအပ်သည်များကို ဖြည့်ဆည်းပေးသည်။

## အမှာစကားပြောကြား

ဆက်လက်၍ တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေသည် သုံးခွမြို့နယ် သိုက်တူးကန် ကျေးရွာရှိ စိုက်ပျိုးရေး ပညာပေးစခန်း၌ ဒေသခံတောင်သူ လယ်သမားများနှင့် တွေ့ဆုံပြီး အမှာစကား ပြောကြားသည်။

ယင်းနောက် ဒေသခံတောင်သူလယ်သမားများက လိုအပ်သည်များကို တင်ပြကြရာ တိုင်းမှူးဗိုလ်ချုပ်မြင့်ဆွေက ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့် ညှိနှိုင်းဖြည့်ဆည်းပေးကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# ကာကွယ်ရေးဦးစီးချုပ်(လေ) တံခွန်စိုက်ဒိုင်း လက်ဝှေ့ပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုပေးပွဲကျင်းပ

ရန်ကုန် ဩဂုတ် ၂၉

(၁၂)ကြိမ်မြောက် ကာကွယ်ရေးဦးစီးချုပ်(လေ) တံခွန်စိုက်ဒိုင်း လက်ဝှေ့ပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုပေးပွဲအခမ်းအနားကို ဩဂုတ်၂၇ရက် ညနေ၆နာရီက မင်္ဂလာဒုံလေတပ်စခန်းဌာနချုပ် သူရမောင်သိန်းခန်းမ၌ကျင်းပရာ မင်္ဂလာဒုံလေတပ်စခန်းဌာနချုပ် ဌာနချုပ်မှူး ဗိုလ်မှူးချုပ်သိန်းမြင့်၊ ကာကွယ်ရေးဦးစီးချုပ်ရုံး(လေ)မှ အရာရှိကြီးများ၊ လေတပ်စခန်းမှူး၊ အုပ်မှူး၊ တပ်မှူး၊ ဌာနမှူးများ၊ မြန်မာနိုင်ငံလက်ဝှေ့အဖွဲ့ချုပ်၊ ရန်ကုန်တိုင်းစစ်ဌာနချုပ်၊ တပ်မတော်(လေ)၊ ပြည်သူ့ရဲတပ်ဖွဲ့နှင့်မြို့တော်စည်ပင်တို့မှ ဒိုင်လူကြီးများ၊ ဖိတ်ကြားထားသော ဧည့်သည်တော်များ၊ ပြိုင်ပွဲဝင်အသင်းခုနစ်သင်းတို့မှ အုပ်ချုပ်သူနှင့် အားကစားသမားများ၊ တပ်မိသားစုများ တက်ရောက်အားပေးကြသည်။

## ပေးအပ်ချီးမြှင့်

ကာကွယ်ရေးဦးစီးချုပ်(လေ) တံခွန်စိုက်ဒိုင်း လက်ဝှေ့ပြိုင်ပွဲနောက်ဆုံး ဗိုလ်လုပွဲ သတ်မှတ်ဝိတ်တန်းအလိုက် ယှဉ်ပြိုင်မှုတွင် မင်္ဂလာဒုံလေတပ်စခန်းဌာနချုပ်အသင်းက စုစုပေါင်းရမှတ်(၃၆)မှတ်ဖြင့် ကာကွယ်ရေးဦးစီးချုပ်(လေ) တံခွန်စိုက်ဒိုင်းဆုကြီးကို ဆွတ်ခူးရရှိသွားသည်။ ထို့နောက် ဆုချီးမြှင့်ပွဲကို ဆက်လက်ကျင်းပရာ ကာကွယ်ရေးဦးစီးချုပ်(လေ)ကိုယ်စား မင်္ဂလာဒုံလေတပ်စခန်းဌာနချုပ် ဌာနချုပ်မှူး ဗိုလ်မှူးချုပ်သိန်းမြင့်နှင့် တပ်မတော်(လေ)မှ အရာရှိကြီးများက ဆုများအသီးသီး ပေးအပ်ချီးမြှင့်ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# ကြည့်မြင်တိုင်မြို့နယ်တွင် အထူးသန့်ရှင်းရေးလုပ်ငန်းများ ဆောင်ရွက် ဒုတိယမြို့တော်ဝန် ဗိုလ်မှူးကြီးမောင်ပါ ကြည့်ရှုအားပေး

ရန်ကုန် ဩဂုတ် ၂၉

**ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း ဗဟိုအလုပ်အမှုဆောင်(ရန်ကုန်တိုင်းတာဝန်ခံ) ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ ဒုတိယဥက္ကဋ္ဌ ဒုတိယမြို့တော်ဝန်ဗိုလ်မှူးကြီးမောင်ပါသည် ဩဂုတ်၂၈ရက် နံနက်ပိုင်းက ရန်ကုန်အနောက်ပိုင်းခရိုင် ကြည့်မြင်တိုင်မြို့နယ် သန့်ရှင်းသာယာလှပရေး၊ ရေစီးရေလာကောင်းမွန်ရေးနှင့် ကျန်းမာရေး ညီညွတ်စေရန် မြို့နယ်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း၏ ဦးဆောင်မှုဖြင့် ကြည့်မြင်တိုင်မြို့နယ် ကမ်းနားလမ်းရှိ သီရိမင်္ဂလာဈေးရှေ့၌ အထူးသန့်ရှင်းရေးလုပ်ငန်းများ ဆောင်ရွက်ရာသို့ သွားရောက်ကြည့်ရှုအားပေးပြီး လိုအပ်ချက်များကို ပံ့ပိုးဆောင်ရွက်ပေးသည်။**

ဆက်လက်၍ ဒုတိယမြို့တော်ဝန်သည် ရန်ကုန်တောင်ပိုင်းခရိုင် ဒလမြို့နယ်သို့ သွားရောက်ပြီး မြို့နယ်အဝင် အမြင်တင့်တယ်စေရန် စိမ်းလန်းစိုပြည်သန့်ရှင်းသာယာလှပရေးဆောင်ရွက်ထားရှိမှု၊မိုးအဆက်မပြတ်ရွာသွန်းမှုကြောင့် ပျက်စီးသွားသော လမ်းများ ပြုပြင်ဆောင်ရွက်နေမှုနှင့် ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ ထုတ်လုပ်ရေးဌာန တွံတေး စိုက်ပျိုးမွေးမြူရေး စခန်းထွက် သား၊ ငါး၊ သစ်သီးဝလံအရောင်းဆိုင်တို့ကိုကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား လိုအပ်သည်များ မှာကြားသည်။

ထို့နောက်ဒုတိယမြို့တော်ဝန်သည် ဒလမြို့နယ်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း ရုံးခန်းမ၌ ကျင်းပသော မြို့နယ်အသင်းက ကြီးမှူးဖွင့်လှစ်သည့် စည်းရုံးရေးအခြေခံ (ဆင့်ပွား) သင်တန်းအမှတ်စဉ်(၁၅) သင်တန်းဆင်းပွဲ အခမ်းအနားသို့ တက်ရောက် ချီးမြှင့်သည်။

ဆက်လက်၍ ဒုတိယမြို့တော်ဝန်သည် ရန်ကုန်တိုင်း တွံတေးမြို့နယ် ရန်ကုန်ပေါက်၊ ကျိုက်သလဲဒေသ၌ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီထုတ်လုပ်ရေးဌာနကအကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသော ရေနက်ကွင်းစိုက်ပျိုးမွေးမြူရေးစခန်းကို ရောက်ရှိပြီး ငါးမွေးမြူရေးကန်များ၌ မွေးမြူထားရှိမှု၊ ဈေးကွက်သို့ တင်ပို့ရန် ငါးတင်စင်တွင် ငါးများ ဖော်ယူထားရှိမှုနှင့် ငါးသားဖောက်စခန်းတွင် သားဖောက်ထားရှိသည့် ငါးများ ပြုစုမွေးမြူထားရှိမှုတို့ကို ကြည့်ရှုစစ်ဆေးသည်။

ထို့နောက်ဒုတိယမြို့တော်ဝန်အား ထုတ်လုပ်ရေးဌာန တွဲဖက်ဌာနမှူး ဦးတင်ဖေနှင့် စခန်းတာဝန်ခံတို့က ဆောင်ရွက်လျက်ရှိသော စိုက်ပျိုးမွေးမြူရေး လုပ်ငန်းများ၊ ထုတ်လုပ်မှု၊ ဝင်ငွေ လျာထားချက်နှင့် ရရှိမှု အခြေအနေများကို ရှင်းလင်းတင်ပြကြရာ ဒုတိယမြို့တော်ဝန်က လုပ်ငန်းများ ယခုထက်ပိုမိုအောင်မြင်ရန် နည်းလမ်းများ ကြံဆကြိုးပမ်းဆောင်ရွက်ရေး၊ ဝင်ငွေလျာထားချက် ပြည့်မီစေရန်နှင့် ဒေသဝန်းကျင်ဖွံ့ဖြိုးရေးကိစ္စရပ်များကို လုပ်ဆောင်ကြရေးမှာကြားပြီး လုပ်ငန်းလိုအပ်ချက်များကို ဖြည့်ဆည်းဆောင်ရွက်ပေးကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

အလက (၂) သဃ်န်းကျွန်း၏ ၂၀၀၃–၂၀၀၄ ပညာသင်နှစ် မိဘ ဆရာ အသင်း နှစ်ပတ်လည်အစည်းအဝေးနှင့် ပညာရည်ချွန်ဆုပေးပွဲ အခမ်းအနားကို ကျောင်းခန်းမ၌ ဩဂုတ် ၂၈ ရက်က ကျင်းပရာ ပဉ္စမတန်းပထမဆုရ မဆုပြည့်စုံအောင်အား ကျောင်းအုပ်ဆရာမကြီး ဒေါ်ခင်သန်းအေးက ပညာရည်ထူးချွန်ဆုပေးအပ်စဉ်။ (က–ပ)

သာကေတမြို့နယ်(၃)ရပ်ကွက် မာန်ပြေအရှေ့၉လမ်း အမှတ်၃၇၃ နေ မိဘများဖြစ်သော ဦးချစ်စိန်–ဒေါ်သန်းတင်တို့အား ရည်စူး၍ သားသမီးများ ဖြစ်သော ဒေါ်လှတင်၊ ဦးတင်ဝင်း၊ ဦးအုန်းမြင့်၊ ဦးဝင်းလှိုင်၊ ဒေါ်ကျင်မြိုင် မောင်နှမတစ်စုတို့က သုံးထပ် ဘိုးဘွားဆေးရုံသစ်ကြီး အတွက် ငွေကျပ်တစ်သိန်းကို နှင်းဆီကုန်းဘိုးဘွားရိပ်သာ အုပ်ချုပ်ရေးအဖွဲ့ ဘဏ္ဍာရေးမှူးဦးအောင်သန်းထံ ပေးအပ်လှူဒါန်းစဉ်။ (က–ပ)

# အာဂျင်တီးနားရှုံးပွဲမရှိစံချိန်ဖြင့် ရွှေတံဆိပ်ဆွတ်ခူး ပါရာဂွေးတို့အနီကတ်များပွေ့ပိုက်ကာ ငွေတံဆိပ်ဖြင့်ကျေနပ်ရ



သတင်းဆောင်းပါး–မောင်မောင်မြင့်ဆွေ

ရန်ကုန် ဩဂုတ် ၂၉

၂၀၀၄ ခုနှစ် အေသင်အိုလံပစ် အားကစားပြိုင်ပွဲ ဘောလုံးပြိုင်ပွဲ နောက်ဆုံးဗိုလ်လုပွဲကို တောင်အမေရိကအသင်း နှစ်သင်းဖြစ်သည့် အာဂျင်တီးနားနှင့် ပါရာဂွေးတို့ ဩဂုတ် ၂၈ ရက်က ယှဉ်ပြိုင်ကစားခဲ့ရာ အာဂျင်တီးနားအသင်းက ပါရာဂွေးအသင်းကို တစ်ဂိုး–ဂိုးမရှိဖြင့် အနိုင်ရပြီး ရှုံးပွဲမရှိစံချိန်ကို ထိန်းကာ ရွှေတံဆိပ်ဆွတ်ခူးသွားပြီဖြစ်သည်။

အာဂျင်တီးနားနှင့် ပါရာဂွေးအသင်းတို့ အိုလံပစ်သမိုင်းတွင် ဗိုလ်လုပွဲ၌ ပထမဆုံးအကြိမ် ဆုံတွေ့ခဲ့ရခြင်းဖြစ်ပြီး အာဂျင်တီးနားအနေဖြင့် ၁၉၂၈ ခုနှစ် အမ်စတာဒမ် အိုလံပစ်၌ တောင်အမေရိကအသင်းတစ်သင်းဖြစ်သည့် ဥရုဂွေးနှင့် ဗိုလ်လုပွဲ၌ ယှဉ်ပြိုင်ခဲ့ရပြီး ၇၆ နှစ်အကြာမှ တောင်အမေရိကအသင်း နှစ်သင်း ပြန်လည် ဆုံတွေ့နိုင်ခဲ့ခြင်းလည်း ဖြစ်သည်။

ပါရာဂွေးအသင်းက ယခုနှစ် အေသင်အိုလံပစ်၌ ပထမဆုံးအကြိမ် ဗိုလ်လုပွဲတက်နိုင်ခဲ့သော်လည်း အာဂျင်တီးနားက တတိယအကြိမ် တက်ရောက်နိုင်ခဲ့ခြင်းဖြစ်သည်။

**အားပေးကြည့်ရှု**

အေသင်အိုလံပစ် ဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲအဖြစ် အာဂျင်တီးနားနှင့် ပါရာဂွေးတို့ ဂရိနိုင်ငံ အေသင်မြို့ရှိ အိုလံပစ်အားကစားကွင်း၌ ဩဂုတ် ၂၈ ရက်က ယှဉ်ပြိုင်ကစားခဲ့ရာ ပရိသတ် ၄၁၁၁၆ ဦး လာရောက် အားပေး ကြည့်ရှုခဲ့ကြသည်။

အာဂျင်တီးနားနှင့် ပါရာဂွေးတို့ ပွဲကို ကွင်းလယ်ဒိုင်လူကြီးအဖြစ် ဂရိနိုင်ငံမှ ဗက်ဆာရက်စ်က ဆောင်ရွက်သည်။ အာဂျင်တီးနားတို့က ၃း၄း၃ ပုံစံဖြင့် ကစားပြီး ပါရာဂွေးအသင်းက ၅း၃း၂ ပုံစံဖြင့်ကစားခဲ့ရာ ဗိုလ်လုပွဲဖြစ်သည်နှင့်အညီ အကြိတ်အနယ်ရှိကာ ပွဲကြီးပွဲကောင်းတစ်ခုလည်း ဖြစ်ခဲ့သည်။

ပြိုင်ပွဲမစတင်မီကပင် အနိုင်ရမည်ဟုရေပန်းစားနာမည်ကြီးနေသော အာဂျင်တီးနားတို့က ပွဲစသည်နှင့် ကွင်းလယ်ကစားကွက်ကို စိုးမိုးကာ ဘယ်ညာတောင်ပံများမှ ထိုးဖောက်ကစားခဲ့ရာ ပါရာဂွေးတို့က အာဂျင်တီးနား၏ တိုက်စစ်ကိုသာဟန့်တားဖျက်ထုတ်နေခဲ့ရသည်။

အာဂျင်တီးနားအသင်းက နောက်ဆုံးဗိုလ်လုပွဲဖြစ်သည့်အတွက် လူစုံတက်စုံပါဝင်ကစားရာ တီဗက်စ်ရိုဆာလက်ဇ်၊ ဒီအလက်ဇန်ဒရို၊ ဟိန့်ဇ်၊ ဂွန်ဇာလက်ဇ်တို့ပါဝင်သဖြင့် ကစားအားတောင့်တင်းခိုင်မာလျက်ရှိသည်။

**ထိုးဖောက်ကစား**

အာဂျင်တီးနားတို့က အဖွင့်ဂိုးရရှိရေးအတွက် ပါရာဂွေးအသင်းဘက်ကို ကွင်းလယ်ကစားကွက်အားကိုယူကာ ဖိကစားခဲ့ရာ ပွဲချိန် ၇မိနစ်တွင် ကွင်းလယ်မှဖြတ်တင်ပေးလိုက်သည့် ဘောလုံးကို အာဂျင်တီးနားတိုက်စစ်မှူးဒယ်ဂါဒိုအပြင်းကန်သွင်းရာ ပါရာဂွေးဂိုးသမား ဘာရီတို ကာကွယ်နိုင်ခဲ့သဖြင့် ပါရာဂွေးတို့သက်သာသွားခဲ့သည်။ အာဂျင်တီးနားကွင်းလယ်ကစားသမားများဖြစ်သည့် ဒီအယ်ဆန်ဒရို၊ ဂွန်ဇာလက်ဇ်၊ ခရစ္စတင်းဂွန်ဇာလက်နှင့် ဂျာဗာမက်ချာရာဒိုတို့က ကစားကွက်စိတ်ကြိုက်တင်ကစားပြီး တိုက်စစ်မှူးများထံ တိကျသောဘောလုံးပေးပို့မှုများဖြင့် ထိုးဖောက်ကစားရာ ပွဲချိန် ၁၁မိနစ်တွင် အာဂျင်တီးနားကွင်းလယ်ကစားသမား လူးဝစ်ဂွန်ဇာလက်ဇ်ကန်သွင်းသည့် ဘောလုံးဂိုးဝင်သွားသော်လည်း လူကျွံနေသဖြင့် အာဂျင်တီးနားတို့နစ်နာခဲ့ရသည်။

အာဂျင်တီးနားတို့ဖိကစားထားရာမှ ပွဲချိန် ၁၈မိနစ်တွင် အာဂျင်



**အေသင်အိုလံပစ်အားကစားပွဲတော် ဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲစဉ်အဖြစ် အာဂျင်တီးနားနှင့် ပါရာဂွေးတို့ယှဉ်ပြိုင် ကစားရာ အာဂျင်တီးနားမှ ရိုဆာလက်စ်(ဝဲ)ထိုးဖောက်ကစားစဉ်။** (ဓာတ်ပုံ–အင်တာနက်)

တီးနားတိုက်စစ်မှူး ရိုဆာလက်က ညာဘက်အခြမ်းမှ ချပေးလိုက်သည့် ဘောလုံးကို တိုက်စစ်မှူးကားလို့စ်တီဗက်ဇ်က အပိုင်ကန်သွင်းခဲ့သည့်အတွက် အာဂျင်တီးနားတို့အဖွင့်ဂိုးရရှိသွားသည်။

အာဂျင်တီးနား တိုက်စစ်မှူး ကားလို့စ်တီဗက်ဇ်သည် ယခုဂိုးသွင်းယူလိုက်သည့်အတွက် အေသင်အိုလံပစ်၌ တီဗက်ဇ်၏ ရှစ်ဂိုးမြောက်သွင်းယူသည့် ဂိုးဖြစ်သွားသည်။

**ကစားကွက်တည်မရ**

အာဂျင်တီးနား အလယ်တန်းနှင့်ရှေ့တန်းတိုက်စစ်မှူးများက မနားတမ်းတိုက်စစ်ဆင်ကစားနေမှုကြောင့် ပါရာဂွေးတို့ကစားကွက်တည်မရဘဲဖြစ်ကာ အာဂျင်တီးနားတို့၏ တိုက်စစ်ကို မနားတမ်းကာကွယ်ဖျက်ထုတ်နေရသည်။ အာဂျင်တီးနားတိုက်စစ်မှူးများဖြစ်သည့် ရိုဆာလက်၊ ကာလို့စ်တီဗက်ဇ်တို့က ကွင်းလယ်မှ ဂွန်ဇာလက်စ်၊ ဒီအယ်ဆန်ဒရို၊ မက်ချောရာနိုတို့နှင့်အတွဲလိုက်ရော တစ်ဦးချင်းပါ ထိုးဖောက်ကစားရာ ပါရာဂွေးခံစစ်မှူးများက ခပ်ကြမ်းကြမ်းဖျက်ထုတ်ကစားမှုကြောင့် ပါရာဂွေးခံစစ်မှူးဖြစ်သည့် အသင်းခေါင်းဆောင် ဂါမာရာနှင့် နောက်ခံလူ မန်ဗ္ဗာတို့ အဝါကတ်ပြသတိပေးခံခဲ့ရသည်ထိဖြစ်ခဲ့သည်။

ပါရာဂွေးတို့က တန်ပြန်တိုက်စစ်ကို တစ်ခါတစ်ရံသာ ပြုလုပ်နိုင်ခဲ့သော်လည်း အာဂျင်တီးနားတို့၏ ခိုင်မာတောင့်တင်းသော ခံစစ်ကြောင်းကို မကျော်နိုင်ခဲ့ပေ။ ပထမပိုင်း တစ်ချိန်လုံးနီးပါး ပါရာဂွေးကွင်းလယ်ကစားသမားများဖြစ်သည့် ဘာရီတို၊ အင်စီကိုနှင့် ဖီဂွယ်ရာဒိုတို့က ခံစစ်ကြောင်းကို အောက်ဆင်းပြီး အားဖြည့်ပေးနေခဲ့ရသည်။

ပါရာဂွေးဂိုးသမား ဘာရီတို လက်စွမ်းပြကာကွယ်နိုင်မှုကြောင့်လည်း အာဂျင်တီးနားတို့ ပထမပိုင်းပြီးချိန်အထိ တစ်ဂိုးသာ သွင်းနိုင်ခဲ့သည်။

**အဖျက်ကြမ်း**

ပွဲချိန် ဒုတိယပိုင်းစသည်နှင့် ပါရာဂွေးတို့ ပြန်လည်တိုက်စစ်ကစားရာ ပွဲချိန် ၅၅မိနစ်တွင် ပါရာဂွေးတိုက်စစ်မှူး ဂီဗီနက်က ကွင်းလယ်ကစားသမားဘာရီတို ပြေးလမ်းကြောင်းချပေးလိုက်သည့် ဘောလုံးကို ဆွဲယူလာရာ အာဂျင်တီးနားတို့ အဖျက်ကြမ်းမှုကြောင့်ပြစ်ဒဏ်ဘောရရှိခဲ့သည်။ ယင်းပြစ်ဒဏ်ဘောကို ပါရာဂွေးနောက်ခံလူ မာတီနက်ဇ်ကန်သွင်းရာ ဂိုးဘားပေါ်ကျော်သွားသဖြင့် ပါရာဂွေးတို့ နစ်နာခဲ့ရသည်။

ပါရာဂွေးတို့ ကစားကွက်ပြန်တည်ရင်း အဝေးပေးဘောများဖြင့် ကွင်းလယ်မှ တိုက်စစ်စတင်ကစားကာ တစ်ဦးချင်း ထိုးဖောက်ကစားသော်လည်း အာဂျင်တီးနားတို့ ခံစစ်ကြောင်းမှာခိုင်မာလှသဖြင့် ထိရောက်မှုမရှိခဲ့ပေ။ ပွဲချိန် ၆၇မိနစ်တွင် အာဂျင်တီးနားကွင်းလယ်ကစားသမား ဒီအလက်ဆန်ဒရို ဘောလုံးဆွဲယူလာသည်ကို ပါရာဂွေးနောက်ခံလူ မာတီနက်ဇ်က ဒီအလက်ဆန်ဒရို၏ မျက်နှာကိုကန်ခဲ့မှုကြောင့် အနီကတ်တိုက်ရိုက် အပြခံရပြီး အထုတ်ခံခဲ့ရသဖြင့် ပါရာဂွေးတို့ ၁၀ဦးတည်းနှင့် ကစားခဲ့ရသည်။

**အပြင်းကန်သွင်း**

ပါရာဂွေးတို့၁၀ဦးတည်းနှင့် ကစားခဲ့ရသော်လည်း ကစားအားမချဘဲ ချေပဂိုးရရှိရေး အပြင်းအထန်ကြိုးစားကစားရာ ပွဲချိန်၇၅မိနစ်တွင် ပါရာဂွေးကွင်းလယ်ကစားသမား ဖီဂွယ်ရာဒိုက အာဂျင်တီးနားနောက်ခံလူများဖျက်ထုတ်နေသည့်ကြားမှ အပြင်းကန်သွင်းရာ အာဂျင်တီးနားဂိုးသမား ဂါမင်လပ် ကာကွယ်နိုင်ခဲ့သဖြင့် ပါရာဂွေးတို့ နစ်နာခဲ့ရပြန်သည်။

အာဂျင်တီးနားတို့ ဂိုးထပ်မံရရှိရေး ထိုးဖောက်ကစားရာမှ ပွဲချိန်၈၂မိနစ်တွင် အာဂျင်တီးနားတိုက်စစ်မှူး တီဗက်ဇ်ဘောလုံးဆွဲယူလာသည်ကို ပါရာဂွေး ကွင်းလယ်ကစားသမား ဖီဂွယ်ရာဒို အဝင်ကြမ်းမှုကြောင့် အဝါကတ်အပြခံခဲ့ရာမှ နှစ်ဝါ တစ်နီထိပြီး အထုတ်ခံရသဖြင့် ပါရာဂွေးတို့ ကိုးဦးတည်းနှင့်ကစားခဲ့ရသည်။

**အနိုင်ရဗိုလ်စွဲခဲ့**

အာဂျင်တီးနားတို့ဂိုးထပ်မံရရှိရေး ကြိုးစားသော်လည်း ပွဲချိန်ပြီးသည်အထိ ဂိုးထပ်မံ မသွင်းနိုင်ခဲ့သဖြင့် တစ်ဂိုး–ဂိုးမရှိဖြင့် အနိုင်ရပြီး ဗိုလ်စွဲခဲ့ခြင်းဖြစ်သည်။ ပါရာဂွေးတို့လည်း အနီကတ်များတစ်ပွေ့တစ်ပိုက်ဖြင့် ငွေတံဆိပ်ဆုနှင့်သာ ကျေနပ်ရပြီဖြစ်သည်။ အာဂျင်တီးနားတို့ အေသင်အိုလံပစ်၌ ချန်ပီယံဖြစ်ခဲ့ရသဖြင့် အိုလံပစ်သမိုင်း၌ တောင်အမေရိကအသင်းများက တတိယအကြိမ်ဗိုလ်စွဲနိုင်ခဲ့ခြင်းလည်းဖြစ်သည်။

အိုလံပစ်သမိုင်းတွင် ဘောလုံးချန်ပီယံဖြစ်ခဲ့ဖူးသော အသင်းတိုင်းလိုလို ရှုံးပွဲမရှိစံချိန်ဖြင့် ရွှေတံဆိပ်ဆွတ်ခူးနိုင်ခဲ့ရာ အာဂျင်တီးနားတို့လည်း ရှုံးပွဲမရှိ အစဉ်အလာကို ဆက်လက်ထိန်းသိမ်းကာ ပထမဆုံးအကြိမ် အိုလံပစ်ချန်ပီယံဖြစ်ခဲ့ပြီဖြစ်သည်။ ။

(မြန်မာ့အလင်း)

## ဂျူမနီဘွန်ဒက်စ်လီဂါဖလား လီဗာကူဆင်ဇယားထိပ်ရောက်

ဘာလင် ဩဂုတ် ၂၉

ဘာရာဇီးတိုက်စစ်မှူးဘာရန်ကာနှင့် ဘူဂေးရီးယားမှ ဒီမီတာဘာဘက်တော့ဗ်တို့သည် ဘေယာလီဗာကူဆင်အတွက် နှစ်ဂိုးစီသွင်းပေးခဲ့ခြင်းဖြင့် စနေနေ့က ဘေယန်မြူးနစ်ကိုလေးဂိုး–တစ်ဂိုးဖြင့်နိုင်ကာ ဘွန်ဒက်စ်လီဂါဇယားထိပ်ဆုံးသို့ ရောက်သွားသည်။

အဆိုပါဘောလုံးသမားနှစ်ဦးသည် ဘေယန်မြူးနစ်ကို ကောင်းကောင်းဒုက္ခပေးခဲ့ပြီး ကွင်းလယ်မှ ဖရန်ကာအကွက်ဆင်ပေးသော ဘောလုံးကို ဘာဘက်တော့ဗ်က ပထမဆုံး ဂိုးသွင်းခဲ့သည်။

ဒုတိယပိုင်းတွင် ဘာရန်ကာက ဘောလုံးကို အပြေးသယ်သွားကာ ဂိုးရှေ့သို့ ၁၅မီတာခန့် ရောက်နေသော ဘေယန်မြူးနစ် ဂိုးသမား အိုလီဗာခမ်းကို ကျော်ပြီး ဂိုးသွင်းခဲ့သည်။

**အမ်အင်အေ၊ရိုက်တာ**

## မန်ချက်စတာယူနိုက်တက်အသင်း ရူနီအားခေါ်ယူရန်ထပ်မံကြိုးပမ်း

လန်ဒန် ဩဂုတ် ၂၉

မန်ချက်စတာယူနိုက်တက်အသင်းသည် အင်္ဂလန်အသင်းတိုက်စစ်မှူး ဝိန်းရူနီအား ပေါင် ၂၃ဒသမ၅သန်းဖြင့် ခေါ်ယူရန် ဒုတိယအကြိမ် ကြိုးပမ်းနေကြောင်း အဲဗာတန်ကလပ်က စနေနေ့က ပြောကြားသည်။

အဲဗာတန်အသင်းသည် ယခုသီတင်းပတ်အတွင်းက ရူနီအား မန်ယူက ပေါင်သန်း ၂၀ဖြင့် ခေါ်ယူမှုနှင့် နယူးကာဆယ်အသင်းတို့၏ ခေါ်ယူမှုများကို သုံးကြိမ်တိုင် ငြင်းဆိုထားသည်။ ယခုခေါ်ယူမှုသည် မန်ယူက ရူနီအားဈေးပိုပေးပြီး ခေါ်ခြင်းဖြစ်သော်လည်း အဲဗာတန်က ရောင်းချရေးကိစ္စ မပြီးပြတ်သေးဘဲရှိသည်။

**အမ်အင်အေ၊ရိုက်တာ**

# ကမ္ဘာတစ်လွှား အားကစား

## ၂၈–၈–၂၀၀၄ရက်(စနေနေ့)ပရီမီယာလိဂ်အနိုင်အရှုံး

| | | |
|---|---|---|
| **ဘလက်ဘန်း** | **၁ – ၁** | **မန်ယူ** |
| ပေါ်လ်ဒစ်ကော့ | | အလန်စမစ် |
| **အက်စတွန်ဗီလာ** | **၄ – ၂** | **နယူးကာဆယ်** |
| အိုလော့ဖ်မဲဘတ် – ၁ | | ပက်ထရစ်ကလွိုက်ဗက်–၁ |
| ကာတန်ကိုးလ် – ၁ | | အင်ဒရူးအိုဘရိန်း–၁ |
| ဂါရက်ဘာရီ –၁ | | |
| ဂျွန်ပတ်လိုအင်ဂျယ် – ၁ | | |
| **ချယ်လ်ဆီး–** | **၂ – ၁** | **ဆောက်သမ်တန်** |
| ဂျိမ်းဘီတီ – ၁ | | ဂျိမ်းဘီတီ–၁ |
| (ကိုယ့်ဂိုးကိုယ်သွင်း) | | |
| ဖရန့်လမ်းပတ် – ၁ | | |
| **အဲဗာတန်** | **၂ – ၁** | **ဝက်စ်ဘရွန်း** |
| လီရွန်အော့စ်မင် – ၂ | | စကော့ဒိုဘိုင်း–၁ |
| **မန်စီးတီး** | **၄ – ၀** | **ချာလ်တန်** |
| နီကိုလပ်အနယ်လ်ကာ – ၂ | | |
| ထရာဗာဆင်ကလဲယာ – ၁ | | |
| ရှောင်ရိုက်ဖီးလစ် – ၁ | | |
| **တော့တင်ဟမ်** | **၁ – ၀** | **ဘာမင်ဂမ်** |
| ဂျာမိန်းဒီဖိုး–၁ | | |
| **နော့ဝှစ်ချ်** | **၁ – ၄** | **အာဆင်နယ်** |
| ဒါရင်ဟကာဘီ–၁ | | ရီးယက်စ်–၁ |
| | | အွန်နရီ–၁ |
| | | ရောဘက်ပီရက်စ် –၁ |
| | | ဒင်းနစ်ဘားကင့်–၁ |
| **မစ်ဒယ်ဘရော့** | **၂ – ၁** | **ခရစ္စတယ်ပဲလေ့** |
| တိုနီပိုပိုဗစ်–၁ | | အင်ဒရူးဂျွန်ဆင်–၁ |
| ဟက်ဆယ်ဘင့်–၁ | | |

**အမ်အင်အေ၊ရိုက်တာ။**



**အင်္ဂလိပ်ပရီမီယာလိဂ် ဘောလုံးပွဲစဉ်များ စနေနေ့က ယှဉ်ပြိုင်ကစားရာတွင် အဲဗာတန်အသင်းနှင့် ဝက်စ်ဘရွန်းအသင်းတို့ အကြိတ်အနယ်ယှဉ်ပြိုင်ခဲ့စဉ်။** (ဓာတ်ပုံ–အင်တာနက်)

## စပိန်လာလီဂါ အဖွင့်စတင်ကစားပြီ ဒီပို့တီဗိုအသင်းပွဲဦးထွက်သရေပွဲဖြစ်သွားခဲ့

မက်ဒရစ် ဩဂုတ် ၂၉

စပိန်လိဂ်ဖြစ်သည့် လာလီဂါပွဲစဉ်(၁)အဖွင့်တွင် စနေနေ့က ဒီပို့တီဗိုအသင်းနှင့် အက်စ်ပန်ညိုအသင်းတို့ ယှဉ်ပြိုင်ကစားရာ တစ်ဖက်တစ်ဂိုးစီ သရေပွဲ ဖြစ်သွားသည်။

ဒီပို့တီဗိုအသင်းသည် ယခုနှစ်ဘောလုံးရာသီတွင် လာလီဂါဖလား မျှော်မှန်းနိုင်သောအသင်းတစ်သင်းဖြစ်သည်။ ဒီပို့တီဗိုအသင်းအတွက် ၂၃ မိနစ်တွင် အက်စ်ပန်ညိုဂိုးသမား ဂျို့စ်မိုလီနာက ပယ်နယ်တီဧရိယာတွင် ဘောလုံးကိုဝင်လုစဉ် အူးလ်တာမိုဒိုက သွင်းယူလိုက်ခြင်းဖြစ်သည်။

အက်စ်ပန်ညို ကွင်းလယ်ကစားသမားအီဗန်ဒီလာပီနာသည် ဒုတိယပိုင်းတွင် ပြိုင်ပွဲမှ ထွက်သွားရသည်။ ဒုတိယပိုင်း ၁၂ မိနစ်တွင် လက်ဝဲတောင်ပံမှ ဖြတ်ပို့သောဘောလုံးကို ပီထရိုမြူးနစ်တစ်က ချေပဂိုးသွင်းပေးလိုက်သည်။

ရီးယဲဘက်တစ်အသင်းသည် နူမန်စီယာအသင်းနှင့် ယှဉ်ပြိုင်ကစားရာတွင် တစ်ဂိုးစီသရေဖြစ်သွားခဲ့သည်။

ရီးယဲမက်ဒရစ်အသင်းသည် အကြိမ် ၃၀ မြောက်ဖလားပိုင်ဆိုင်ရေး ရီးယဲမာယော့ကာနှင့် တနင်္ဂနွေနေ့တွင် ယှဉ်ပြိုင်ကစားမည်ဖြစ်သကဲ့သို့ ဘာစီလိုနာအသင်းသည် ရေဆင်းအသင်းနှင့် ကစားမည်ဖြစ်သည်။ ချန်ပီယံဗလင်စီယာအသင်းသည် တနင်္လာနေ့တွင် ဗီလာရီးယဲအသင်းနှင့် ကစားမည်ဖြစ်သည်။

**အမ်အင်အေ၊ရိုက်တာ**

ရန်ကုန်မြောက်ပိုင်းခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌဖလား မြို့နယ်ပေါင်းစုံ အကြီးတန်း အမျိုးသား၊ အမျိုးသမီး ဘော်လီဘောပြိုင်ပွဲဆုချီးမြှင့်ပွဲကို ဩဂုတ် ၂၈ ရက်က ရွှေပြည်သာမြို့နယ် မိုးလုံလေလုံအားကစားခန်းမ၌ကျင်းပရာ အမျိုးသား ဘော်လီဘောပြိုင်ပွဲတွင် ပထမဆုရ ထန်းတပင်မြို့နယ်အသင်းအား ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးမြတ်မင်းက ဆုချီးမြှင့်စဉ်။ (ခရိုင် ပြန်/ဆက်)

## မိုးရာသီအလွတ်တန်းဘော်လီဘော ပြိုင်ပွဲဆက်

**ရန်ကုန် ဩဂုတ် ၂၉**

၂၀၀၄ခုနှစ် မြန်မာနိုင်ငံ ဘော်လီဘောအဖွဲ့ချုပ် ဥက္ကဋ္ဌဖလား မိုးရာသီအလွတ်တန်း အမျိုးသား၊ အမျိုးသမီးဘော်လီဘောပြိုင်ပွဲ အုပ်စုပတ်လည်ပွဲစဉ်များကို ယနေ့နံနက်၉နာရီမှစ၍ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ မိုးလုံလေလုံအားကစားရုံတွင် ဆက်လက်ကျင်းပသည်။

ပြိုင်ပွဲတွင် အမျိုးသားသုံးပွဲ ကျင်းပပြုလုပ်ရာ ကာကွယ်ရေး(မျိုးဆက်သစ်)အသင်းက ရန်ကုန်တိုင်းစစ်ဌာနချုပ် အသင်းကို သုံးပွဲ–ပွဲမရှိဖြင့် လည်းကောင်း၊ ကာကွယ်ရေး(လူငယ်)အသင်းက ပြည်ထဲရေးအသင်းကို သုံးပွဲ–ပွဲမရှိဖြင့် လည်းကောင်း၊ ပို့ဆောင်ရေးအသင်းက ကက(ရေ)အသင်းကို သုံးပွဲ–တစ်ပွဲဖြင့်လည်းကောင်း အသီးသီးအနိုင်ရရှိသွားသည်။

အုပ်စုပွဲစဉ်များ ယနေ့ပြီးဆုံးသွားရာ အကြိုဗိုလ်လုပွဲသို့ အမျိုးသားပြိုင်ပွဲမှ ကာကွယ်ရေး(လူငယ်)က အုပ်စုပထမ၊ မြို့တော်စည်ပင်က အုပ်စုဒုတိယ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ်အသင်းက အုပ်စုတတိယ၊ ပြည်ထဲရေးက အုပ်စုစတုတ္ထ၊ အမျိုးသမီးပြိုင်ပွဲမှ ပို့ဆောင်ရေး(က)က အုပ်စုပထမ၊ ကာကွယ်ရေးက အုပ်စုဒုတိယ၊ ပို့ဆောင်ရေး(ခ)က အုပ်စုတတိယ၊ ပြည်ထဲရေးက အုပ်စုစတုတ္ထတို့ဖြင့် အသီးသီးတက်ရောက်သွားကြသည်။

အမျိုးသမီး အကြိုဗိုလ်လုပွဲအဖြစ် ပို့ဆောင်ရေး(က)နှင့် ပြည်ထဲရေး၊ ကာကွယ်ရေးနှင့် ပို့ဆောင်ရေး(ခ)၊ အမျိုးသား အကြိုဗိုလ်လုပွဲအဖြစ် ကာကွယ်ရေး(လူငယ်)နှင့် ပြည်ထဲရေး၊ မြို့တော်စည်ပင်နှင့် ရန်ကုန်တိုင်းစစ်ဌာနချုပ်တို့ ယှဉ်ပြိုင်ကစားကြမည်ဖြစ်သည်။

အကြိုဗိုလ်လုပွဲစဉ်များကို ဩဂုတ်၃၀ရက် ယနေ့နံနက် ၉နာရီမှစ၍ အမျိုးသား အားကစားပြိုင်ပွဲရုံ(၁) သုဝဏ္ဏတွင် ဆက်လက်ကျင်းပမည်ဖြစ်သည်။ **(မြန်မာ့အလင်း)**

ရန်ကုန်အနောက်ပိုင်းခရိုင် ဒွါဒသမအကြိမ် (၁၂ကြိမ်)မြောက် မြန်မာ့ရိုးရာ ယဉ်ကျေးမှုအဆို၊အက၊အရေး၊အတီးပြိုင်ပွဲ ဆုချီးမြှင့်ပွဲကို ဩဂုတ် ၂၅ရက်က အလုံမြို့နယ်ခန်းမတွင် ကျင်းပရာ မဟာဂီတ (ဝါသနာရှင်)နှင့် ဓမ္မတေး(ဝါသနာရှင်) ဒုတိယဆု၊ ကာလပေါ်(ပညာရှင်) အထူးဆုရရှိသော ကိုဇော်မင်းထွန်း(လမ်းမတော်)အား ဆုချီးမြှင့်စဉ်။ (၃၈၇)

## မြန်မာနယူးစ်ဂေဇက်ဂျာနယ် အတွဲ(၁)၊ အမှတ်(၁၆)ဖြန့်ချိ

**ရန်ကုန် ဩဂုတ် ၂၉**

မြန်မာနယူးစ်ဂေဇက်ဂျာနယ် အတွဲ(၁)၊ အမှတ် (၁၆)ကို စတင်ဖြန့်ချိလိုက်ရာ ဒီဂျစ်တယ်လိုင်းဖုန်း သုံးသောင်းရှစ်ထောင်ကျော် တိုးချဲ့တပ်ဆင်ပေးမည်၊ မကြာမီ ပေါ်ပေါက်မည့် တကောင်းယဉ်ကျေးမှုဇုန်ကြီး၊ ရှမ်းစတား မိုင်းတုံပစ်ကပ်ကားပုံစံသစ်နှစ်မျိုး၊ ကန်တော်ကြီး ရေပြင်တွင် လှေစီးအပန်းဖြေနိုင်ရေး၊ မြန်မာ–တရုတ် နယ်စပ်ဖြတ်ကျော်ဖန်ကြိုးမျှင်ဆက်သွယ်ရေးစနစ်၊ စွယ်စုံကြည့်မျက်မှန်များ လူသုံးများလာ စသည့်ပြည်တွင်းသတင်းများ ဝေဝေဆာဆာဖော်ပြထားသည်။

တရုတ်နိုင်ငံအတွင်း ဂရင်းကတ်များ ထုတ်ပေး၊ မလေးရှားမှာ ဘီအမ်ဒဗလျူကားထုတ်၊ စင်ကာပူစီမံခန့်ခွဲရေးဖွံ့ဖြိုးမှု တက္ကသိုလ်စသည့် နိုင်ငံတကာ သတင်းများ၊ အပတ်စဉ်ပါ နေကျ ကုန်စည်ဒိုင်နှင့် နယ်စပ်ကုန်သွယ်ရေးသတင်းများ၊ နိုင်ငံတကာ ပညာရေးမိတ်ဆက်၊ အပတ်စဉ် အပန်းဖြေအညွှန်းစသည်တို့ ပါဝင်ကာ e-Empire Me- dia House ဖုန်း – ၇၀၃၈၁၃ က မြန်မာတစ်ပြည်လုံးသို့ ဖြန့်ချိလိုက်သည်။ **(က–ပ)**

**ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်**
**မိုးလေဝသအခြေအနေ**

**၂၉–၈–၂၀၀၄**
**မင်္ဂလာဒုံ**
၁ ဒသမ ၁၀ လက်မ
**ကမ္ဘာအေး**
၀ ဒသမ ၅၉ လက်မ
**ရန်ကုန်မြို့လယ်**
၀ ဒသမ ၅၉ လက်မ

## အကြီးတန်းစနူကာပြိုင်ပွဲ ဆုပေးပွဲကျင်းပ

**ရန်ကုန် ဩဂုတ် ၂၉**

မြန်မာနိုင်ငံ ဘိလိယက်နှင့် စနူကာအဖွဲ့ချုပ်နှင့် စိန်ဝတ်မှုံကုမ္ပဏီတို့ ပူးပေါင်းကျင်းပသည့် Rave Myanmar Snooker(Senior) Championship 2004 ပြိုင်ပွဲ တတိယလုပွဲ၊ ဗိုလ်လုပွဲနှင့်ဆုပေးပွဲကို ယနေ့ညနေပိုင်းက ၃၈လမ်းရှိ အာရှပလာဇာ စိန်နှင့်မြ မင်္ဂလာခန်းမ

**အကြီးတန်း စနူကာပြိုင်ပွဲ ပထမရရှိသွားသော အောင်ဆန်းဦး(မန္တလေး)အား ဆုယူအပြီး တွေ့ရစဉ်။** (မြန်မာ့အလင်း)

ဒုတိယထပ်တွင် ကျင်းပရာ တတိယလုပွဲတွင်(တောင်ကြီးချယ်ရီ)မှ ဇော်သန်းထိုက်က အဖွဲ့ချုပ်လူငယ်ကို အကြိတ်အနယ် ယှဉ်ပြိုင်ကစားပြီး သုံးပွဲ–နှစ်ပွဲဖြင့်အနိုင်ရရှိကာ တတိယဆုနှင့် ငွေသားကျပ် တစ်သိန်းရရှိသွားသည်။ ဆုများကို မြန်မာနိုင်ငံ ဘိလိယက်နှင့် စနူကာအဖွဲ့ချုပ်၏ ဒုတိယဥက္ကဋ္ဌ ဦးဝဏ္ဏက ပေးအပ်ချီးမြှင့်သည်။

**အတွေ့အကြုံ**

ဗိုလ်လုပွဲတွင် အောင်ဆန်းဦး(မန္တလေး)နှင့် နေသွေးဦးတို့ အကြိတ်အနယ် ယှဉ်ပြိုင်ကစားသွားပြီး နိုင်ငံတကာပြိုင်ပွဲ အတွေ့အကြုံများသည့် အောင်ဆန်းဦးက ပွတ်ကာသီကာဖြင့် သုံးပွဲ–နှစ်ပွဲဖြင့် အနိုင်ရရှိကာပထမဆု ကျပ်ငါးသိန်းကို ရယူသွားသည်။ လူငယ်လက်ရည်အဆင့် တိုးတက်လာသည့် နေသွေးဦးက ဒုတိယဆု ကျပ်သုံးသိန်းဖြင့်သာ ကျေနပ်လိုက်ရသည်။

**ပထမဆု**

ပထမဆုရ အောင်ဆန်းဦး(မန္တလေး)အား မြန်မာနိုင်ငံအိုလံပစ်ကော်မတီ အထွေထွေအတွင်းရေးမှူး အားကစားနှင့်ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသောင်းထိုက်က ကျပ်ငါးသိန်းနှင့် ဆုတံဆိပ် ပေးအပ်ချီးမြှင့်သည်။

ဒုတိယဆုရ နေသွေးဦး(အဖွဲ့ချုပ်)အား မြန်မာနိုင်ငံ ဘိလိယက်နှင့် စနူကာ အဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဦးထွန်းထွန်းက ငွေသားကျပ်သုံးသိန်းနှင့် ဆုတံဆိပ်ပေးအပ်ချီးမြှင့်သည်။

**အထူးဆု**

အထူးဆုငါးဆုကို စိန်ဝတ်မှုံကုမ္ပဏီ မန်နေဂျင်းဒါရိုက်တာ ဦးနေဝင်းအောင်က ကိုကိုနိုင်၊ ကျော်နိုင်ဦး၊ တင်ရ၊ ကျော်ငွေနှင့် ဇော်ထွန်းတို့အား ပေးအပ်ချီးမြှင့်သည်။

ပြိုင်ပွဲတစ်လျှောက် ပါဝင်ကူညီဆောင်ရွက်ပေးသည့် ဒိုင်လူကြီးများအားဂုဏ်ပြုလွှာကို ဒိုင်ချုပ်ဦးဝင်းမြင့်က ပေးအပ်ရာ ဒိုင်လူကြီးများကိုယ်စား ဦးစိန်ဝင်းက လက်ခံရယူသည်။

ဆက်လက်၍ မြန်မာနိုင်ငံ ဘိလိယက်နှင့် စနူကာအဖွဲ့ချုပ်သို့ စိန်ဝတ်မှုံကုမ္ပဏီမှ မန်နေဂျင်းဒါရိုက်တာ ဦးနေဝင်းအောင်က ကျပ်ငါးသိန်း ပေးအပ်လှူဒါန်းရာ အဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဦးထွန်းထွန်းက လက်ခံရယူပြီး ဆုပေးပွဲ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။ **(မြန်မာ့အလင်း)**

**အထက(၁) သာကေတ မိဘဆရာအသင်းနှစ်ပတ်လည်အစည်းအဝေးနှင့် ပညာရည်ချွန်ဆုပေးပွဲကို ဩဂုတ်၂၈ရက်က မြဝတီခန်းမ၌ကျင်းပရာ တက္ကသိုလ်ဝင်တန်းစာမေးပွဲ လေးဘာသာဂုဏ်ထူးရှင် မောင်ဇော်လင်းဗိုလ်အား ကျောင်းအုပ်ဆရာကြီး ဦးမျိုးဝင်းက ဂုဏ်ပြုဆု ချီးမြှင့်စဉ်။** (က–ပ)

## နိုင်ငံတကာသတင်းဂျာနယ် အမှတ် ၄၆၅ ဖြန့်ချိ

**ရန်ကုန် ဩဂုတ် ၂၉**



နိုင်ငံတကာ သတင်းဂျာနယ် အမှတ် ၄၆၅ ကို ယနေ့ (တနင်္လာနေ့) ဖြန့်ချိလိုက်သည်။ **(ယာပုံ)**

"မီဒီယာခေတ် မကျန်ရစ်ဖို့" ဟူသော ဂျာနယ်ဦးတည်ချက်ဖြင့် နိုင်ငံတကာ သတင်းများနှင့် သတင်း ဆောင်းပါးများကို ဦးဦးဖျားဖျား ထူးထူးခြားခြား တင်ဆက်နေသည့်နိုင်ငံတကာသတင်းဂျာနယ်၏ ယခုအပတ်ထုတ်တွင် ဂျာမနီရှိ ဥရောပစစ်ဌာနချုပ်ကို ဆက်လက်ထားမည့် အမေရိကန်၊ နာဂျက်ဖ်တင်းမာမှု အဆုံးသတ်၊ ဩစတြေးလျနိုင်ငံအကြောင်း သိကောင်း စရာ၊ အဖမ်းခံလိုက်ရသော ဗြိတိသျှဝန်ကြီးချုပ် မာဂရက်သက်ချာ၏သား၊ ပါကစ္စတန်ရှိ အကြမ်းဖက်ကလပ်စည်းများ၊ နေ့ခင်းကြောင်တောင် ဓားပြတိုက်ခံရသည့် နော်ဝေပြတိုက်၊ အာကာသတွင်း လက်နက်တပ်ဆင်မှုပိတ်ပင်ရန် အစီအစဉ်၊ အမေရိကန် ကျေးလက်မိသားစု၏ ခံစားချက်၊ ဘော်ဘီဖစ်ရှာ အမေရိကန်သို့ ပြန်ပို့ရန် ဂျပန်ဆုံးဖြတ်၊ ကမ္ဘာ့ရေပြဿနာ၊ ကျက်စားစရာမြေကျဉ်းကျုတ်နေသော ကြောင်မျိုးနွယ်ဝင် သတ္တဝါများ၊ ဆူဒန်နိုင်ငံ ဒါဖာဒေသ အကျပ်အတည်း အဆုံးသတ်ရေး ကြိုးပမ်းချက်၊ ရုရှားတွင် လေယာဉ်နှစ်စင်း တစ်ပြိုင်တည်းနီးပါးပျက်ကျခြင်း၊ ၂၀၀၄ခုနှစ် သံနှင့်သံမဏိလုပ်ငန်းအခြေအနေ၊ နိုင်ငံတကာဟာသ၊ မြူးနစ်အိုလံပစ် အနိဋ္ဌာရုံမျိုး မပေါ်ပေါက်ရေး အေသင်အိုလံပစ်ပွဲတော်၌ လုံခြုံရေးတင်းကျပ်၊ အိန္ဒိယစီးပွားရေးအတွက် အခရာကျသည့် စိုက်ပျိုးရေ၊ ချူကလီးယားသုတေသနအစီအစဉ် ဆက်လက်ဆောင်ရွက်မည့်အီရန်၊ လုံခြုံမှုမရှိသော အီရတ်အဝေးပြေးလမ်းမများ စသည့် သတင်းများနှင့် သတင်း ဆောင်းပါးများကို ဝေဝေဆာဆာဖော်ပြထားကြောင်း သိရသည်။ **(က–ပ)**


**ဆက္ကာအင်္ဂလိပ်စာ SUCCESS LANGUAGE ACADEMY**

| | | | |
|---|---|---|---|
| SPOKEN ENGLISH | 7:30 - 9:00 a.m. | 30.8.04 | Mon to Thu |
| | 10:00 - 11:30 a.m. | 6.9.04 | Mon to Thu |
| | 10:00 - 12:00 a.m. | 11.9.04 | Sat + Sun |

ဖုန်း ⇨ 202046

ဤဖုန်းနံပါတ် အသစ်သို့ ဆက်ပါ။

384186 384460 253608

ရပ်ကျောက်ထွင်း လျှပ်စစ် မီးဖို အမျိုးမျိုး
ဗို့အားမြှင့်စက် အမျိုးမျိုး
အင်ဗာတာ အမျိုးမျိုး
အော်တိုချုပ် အမျိုးမျိုး
လက်လီ လက်ကားရပါပြီ။
အမှတ်(၁၁၂၊၁၂၈) လမ်း(၃၀)အလယ် ရန်ကုန်မြို့။

# ကျောင်းဆောင်သစ်ဖွင့်ပွဲနှင့် လွှဲပြောင်းပေးအပ်ပွဲ မိုင်းဖြတ်မြို့နယ် ကျေးလက်များတွင် ကျင်းပ

မိုင်းဖြတ် ဩဂုတ် ၂၄

**မိုင်းဖြတ်မြို့နယ် တောသုကျေးရွာအုပ်စု ဆွပ်ပန်းကျေးရွာ မူလတန်းကျောင်းဆောင်သစ်ဖွင့်ပွဲနှင့် လွှဲပြောင်းပေးအပ်ပွဲ အခမ်းအနားကို ဩဂုတ်၂၁ရက် နံနက်၉နာရီက အဆိုပါကျောင်းရှေ့၌ကျင်းပရာ ခရိုင်ဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီး မျိုးညွန့်၊ မြို့နယ်ဥက္ကဋ္ဌ ဦးနိုင်ဝင်းဇော်နှင့် မြို့နယ်ပညာရေးမှူး ဦးမြင့်ဆွေတို့က ကျောင်းဆောင်သစ်အား ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြသည်။**(အပေါ်ပုံ)

ထို့နောက် ခရိုင်ဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးမျိုးညွန့်က အမှာစကား ပြောကြားပြီး မြို့နယ်ပညာရေးမှူး ဦးမြင့်ဆွေက ကျောင်းဆောင်သစ်နှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

### လွှဲပြောင်းပေးအပ်

ဆက်လက်၍ ဒေသခံတစ်ဦးက ကျေးဇူးတင်စကား ပြန်လည်ပြောကြားပြီး ကျောင်းအကျိုးတော်ဆောင်တစ်ဦးက မြို့နယ်ပညာရေးမှူးထံ ကျောင်းဆောင်သစ်နှင့်ပတ်သက်သည့် စာရွက်စာတမ်းများ လွှဲပြောင်းပေးအပ်သည်။

အလားတူ နံနက် ၁၁နာရီက ဆိုက်ခေါင်ကျေးရွာ မူလတန်းကျောင်းဆောင်သစ်ရှေ့၌ ကျောင်းဆောင်သစ်ဖွင့်ပွဲနှင့် လွှဲပြောင်းပေးအပ်ပွဲ အခမ်းအနား ဆက်လက်ကျင်းပရာ ခရိုင်ဥက္ကဋ္ဌ၊ မြို့နယ်ဥက္ကဋ္ဌနှင့် မြို့နယ်ပညာရေးမှူးတို့က ကျောင်းဆောင်သစ်ကို ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြသည်။

**(ခရိုင် ပြန်/ဆက်)**

**စာတတ်သူတိုင်း**

**စာဖတ်ဖို့**

**စာကြည့်တိုက်များ**

**ထူထောင်စို့**

# အခြေခံပညာ မူလတန်းလွန်ကျောင်း တန့်ဆည်မြို့နယ်၌ ဖွင့်လှစ်

**တန့်ဆည် ဩဂုတ် ၁၅**

တန့်ဆည်မြို့နယ် ငှက်ပျောတောကျေးရွာ အခြေခံပညာမူလတန်းလွန်ကျောင်း ဖွင့်လှစ်ပွဲအခမ်းအနားကို ဩဂုတ် ၈ရက်က အဆိုပါကျောင်း၌ကျင်းပရာ အခြေခံပညာ မူလတန်းလွန်ကျောင်းဆိုင်းဘုတ်ကို မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအဖွဲ့ဝင်(၁) ဒုတိယရဲမှူး လွင်မောင်မြင့်၊မြို့နယ်ပညာရေးမှူး ဦးကံသိန်းနှင့်ကျောင်းအုပ်ဆရာမကြီး ဒေါ်ခင်ဆွေမြင့်တို့က ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။ **(အောက်ပုံ)**

### ရှင်းလင်းတင်ပြ

ဖွင့်ပွဲအခမ်းအနားတွင် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအဖွဲ့ဝင်(၁)ဒုတိယရဲမှူးလွင်မောင်မြင့်က အမှာစကားပြောကြားပြီး မြို့နယ်ပညာရေးမှူး ဦးကံသိန်းက ပညာရေးဆိုင်ရာ လုပ်ငန်းစဉ်များကို ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ ကျောင်းအကျိုးတော်ဆောင် ဦးထွန်းရွှေက မူလတန်းလွန်ကျောင်း အဆင့်တိုးမြှင့်ရေးအတွက် ဆောင်ရွက်ချက်များကို ရှင်းလင်းတင်ပြပြီး ကျောင်းအုပ်ဆရာမကြီး ဒေါ်ခင်ဆွေမြင့်က ကျေးဇူးတင်စကား ပြောကြားကြောင်း သိရသည်။ **(မြို့နယ် ပြန်/ဆက်)**

**ကျေးလက်**

**သတင်းနှင့် မြင်ကွင်း**

# ပင်းတယမြို့နယ်တွင် ပညာပန်းဥယျာဉ်စာကြည့်တိုက် ဖွင့်လှစ်

**ပင်းတယ ဩဂုတ် ၂၀**

ရှမ်းပြည်နယ်(တောင်ပိုင်း) ပင်းတယမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် မြင်းမူးကျေးရွာပြည်သူများ စုပေါင်း၍ ကိုယ့်အားကိုယ်ကိုး 'ပညာပန်းဥယျာဉ်'စာကြည့်တိုက်ဖွင့်ပွဲကို ဇူလိုင် ၁၈ရက်က မြင်းမူးကျေးရွာ စာကြည့်တိုက်ရှေ့၌ ကျင်းပသည်။ **(ဝဲပုံ)**

### ဖဲကြိုးဖြတ်ဖွင့်လှစ်

အခမ်းအနားတွင် မြို့နယ်ဥက္ကဋ္ဌ ဦးမြင့်စိုး၊ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးမှူး ဦးမောင်ကြည်နှင့် ကျေးလက်လူမှုဖွံ့ဖြိုးရေးစီမံကိန်း တာဝန်ခံဦးစိန်မြင့်တို့က စာကြည့်တိုက်ကို ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြသည်။

ထို့နောက် မြို့နယ်ဥက္ကဋ္ဌက အမှာစကားပြောကြားပြီး ဦးစီးမှူး ဦးမောင်ကြည်က စာကြည့်တိုက်ဖွင့်လှစ်ရသည့် ရည်ရွယ်ချက်များကို ရှင်းလင်းတင်ပြသည်။ ယင်းနောက် စာကြည့်တိုက်အတွက် စာအုပ်နှင့်အလှူငွေများကို ကျေးရွာဥက္ကဋ္ဌနှင့် စာကြည့်တိုက်တာဝန်ခံတို့အား ပေးအပ်ကြသည်။ **(က-ပ)**

# လားရှိုးမြို့၌ ကျောင်းသားကျောင်းသူများအား စိစစ်ရေးကတ်ပြားပေးအပ်

**လားရှိုး ဩဂုတ် ၁၀**

လားရှိုးမြို့နယ် ဦးစီးဌာနမှူး ရုံးမှ ဝန်ထမ်းများသည် လားရှိုးမြို့ပေါ် ရပ်ကွက်အသီးသီးရှိ နိုင်ငံသားအရည် အချင်းပြည့်မီသော ကိုးကန့်တိုင်းရင်းသား ကျောင်းသား ကျောင်းသူများအား နိုင်ငံသားစိစစ်ရေးကတ်ပြားများ ကွင်းဆင်းဆောင်ရွက်ပေးအပ်ပွဲ အခမ်းအနားကို ဇူလိုင်၂၀ရက်က လားရှိုးမြို့ ကိုးကန့် ယဉ်ကျေးမှုရုံး၌ ကျင်းပသည်။

အခမ်းအနားတွင် နိုင်ငံသားအရည်အချင်းပြည့်မီသူများအား နိုင်ငံသား စိစစ်ရေးကတ်ပြားများကို ပြည်နယ်ဦးစီးဌာနမှူး ညွှန်ကြားရေးမှူး ဦးထွန်းထွန်းစိုးက ပေးအပ်ကြောင်း

# မူလတန်းလွန်ကျောင်း ပြင်ဦးလွင်၌ ဖွင့်လှစ်

**ပြင်ဦးလွင် ဩဂုတ် ၁၀**

ပြင်ဦးလွင်မြို့ လျှပ်စစ်စွမ်းအား ဝန်ကြီးဌာန ရေအားလျှပ်စစ်စီမံကိန်း ကဗျုံးကျေးရွာ အခြေခံပညာမူလတန်းလွန်ကျောင်း ဖွင့်ပွဲအခမ်းအနားကို ဇူလိုင် ၁၇ရက်က ကျင်းပသည်။ ရေးဦးစွာ မူလတန်းလွန်ကျောင်းအား ခရိုင် ပညာရေးမှူး ဦးစံရွှေ၊ လက်ထောက် ညွှန်ကြားရေးမှူး ဦးကိုကိုနိုင်၊ အနီး စခန်း အထက(ပင်မ) ကျောင်းအုပ် ဆရာမကြီး ဒေါ်ခင်ခင်အေးနှင့် ကဗျုံး မူလတန်း ကျောင်းအုပ် ဆရာမကြီး ဒေါ်ကြူကြူမြိုင်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။ **(၂၈၀)**

# မိတ္ထီလာမြို့နယ်တွင် ကျေးလက်စာကြည့်တိုက်နှင့် ဆေးပေးခန်းဖွင့်လှစ်

မိတ္ထီလာ ဩဂုတ် ၁၀

**မိတ္ထီလာမြို့နယ် ကျောက်ဖြူကုန်းအုပ်စု ဆူးဖြူကွက်စံပြကျေးရွာ ကိုယ့်အားကိုယ်ကိုး ကျေးလက်စာကြည့်တိုက်နှင့် ကျေးရွာဆေးပေးခန်းဖွင့်ပွဲအခမ်းအနားကို ဩဂုတ်၉ရက်က အဆိုပါကျေးရွာရုံးတွင် ကျင်းပသည်။** (ယာပုံ)

အခမ်းအနားတွင် မြို့နယ်ဥက္ကဋ္ဌဦးဌေးဝင်းက အဖွင့်အမှာစကား ပြောကြားပြီး ကျန်းမာရေးမှူးအဆင့်(၁) ဦးခင်ဇော်က ကျန်းမာရေးဆိုင်ရာများကိုလည်းကောင်း၊ ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဦးယဉ်မောင်က စာကြည့်တိုက် ဆိုင်ရာများကိုလည်းကောင်း၊ အလှူရှင် ဦးမောင်မြင့်က လှူဒါန်းရခြင်း အကြောင်းအရာများကိုလည်းကောင်း အသီးသီး ရှင်းလင်းပြောကြားကြသည်။

ထို့နောက် ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ အောင်ဆုယူစာကြည့်တိုက်အတွက် စာအုပ်များကို ဦးစီးအရာရှိ ဦးယဉ်မောင်က ပေးအပ်ရာ စာကြည့်တိုက်ဖြစ်မြောက်ရေးကော်မတီဥက္ကဋ္ဌ ဦးမန်းက လက်ခံရယူသည်။ **(ခရိုင် ပြန်/ဆက်)**

# ဆေးလိပ်ကင်းစင်ရေး ပညာပေးဟောပြောပွဲ သီပေါမြို့တွင်ကျင်းပ

သီပေါ ဩဂုတ် ၂၄

**ဆေးလိပ်ကင်းစင်ရေး ပညာပေးဟောပြောပွဲ အခမ်းအနားကို ဩဂုတ် ၂၁ရက်က ရှမ်းပြည်နယ်(မြောက်ပိုင်း) သီပေါမြို့ အခြေခံပညာအထက်တန်းကျောင်း မြည်းလာခန်းမဆောင်၌ ကျင်းပသည်။**

### ဟောပြော

**အစီအစဉ်အရ သီပေါမြို့ အခြေခံပညာအထက်တန်းကျောင်း ကျောင်းအုပ်ဆရာမကြီး ဒေါ်အင်(န်)ဂျီးတောင်က ဆေးလိပ်သောက်သုံးခြင်းကြောင့် ရရှိသည့် ဆိုးကျိုးအန္တရာယ်များကိုလည်းကောင်း၊ ငယ်ရွယ်စဉ်က မူးယစ်ဆေးဝါးနှင့် ဆေးလိပ်သောက်သုံးခြင်းမပြုခဲ့သည့် အသက်(၆၅)နှစ်ရှိ ဦးဘိုအောင်က သီပေါမှ ရန်ကုန်မြို့သို့ တစ်ကိုယ်တော် စက်ဘီးစီးခရီးစဉ်အကြောင်းများကိုလည်းကောင်း ဟောပြောကြသည်။** (၁၀၆)

ဩဂုတ်၅ရက်က မကွေးတိုင်းစည်ပင်သာယာရေးအဖွဲ့ညွှန်ကြားရေးမှူး ဦးစိုးတင့်၊ ဒုတိယညွှန်ကြားရေးမှူး ဦးမောင်မောင်ညွန့်နှင့် တာဝန်ရှိသူများ၊ ပခုက္ကူမြို့ လမ်းလယ်ကျွန်းများ သန့်ရှင်းသပ်ရပ်လှပရေး၊ ပန်းအလှပင်များ စိမ်းလန်းစိုပြည်ရေးနှင့် ရေမြောင်းများ ရေစီးရေလာကောင်းမွန်ရေး ဆောင်ရွက်မှုကို လိုက်လံကြည့်ရှုစစ်ဆေးကြစဉ်။ (မြို့နယ်စည်ပင်)

# ကျောက်ကြီးမြို့ ရှင်ဥပဂုတ္တရဟန္တာ မီးမျှောပူဇော်ပွဲ

## အပူဇော်ခံမည့်ဗုဒ္ဓရုပ်ပွားတော်များ ရန်ကုန်တိုင်းအတွင်းအပူဇော်ခံ

**ကျောက်ကြီး ဩဂုတ် ၁၈**

ပဲခူးတိုင်း ကျောက်ကြီးမြို့နယ် (၁၁၆)ကြိမ်မြောက် ရှင်ဥပဂုတ္တရဟန္တာမီးမျှောပူဇော်ပွဲနှင့် မြန်မာ့ရိုးရာ လေ့လှော်ပြိုင်ပွဲတွင် အပူဇော်ခံမည့် ဗုဒ္ဓရုပ်ပွားတော်မြတ်၊ ရှင်သီဝလိနှင့် ရှင်ဥပဂုတ္တရဟန္တာရုပ်ပွားတော်မြတ်များအား ရန်ကုန်တိုင်းအတွင်း(၁၃၆၆ခုနှစ် ဒုတိယဝါဆိုလပြည့်ကျော် ၁၁ရက်မှ ဝါခေါင်လပြည့်ကျော် ၁၀ ရက်)အထိ လှည့်လည်အပူဇော်ခံလျက်ရှိရာ မိမိတို့၏နေအိမ်များသို့ ပင့်ဆောင်ပူဇော်ကြမည့် ဗုဒ္ဓဘာသာဝင်များသည် ဝေဝေထွန်းခရီးသည် ပို့ဆောင်ရေးအောင်မင်္ဂလာ ဖုန်း-၆၃၉၄၆၆-၄၁၁၊ စော်ဘွားကြီးကုန်း ဖုန်း-၆၄၃၆၀၂၊ ဦးသိန်းနိုင် ဖုန်း-၅၄၈၄၄၉ နှင့် ဦးကျော်ဝင်း ဖုန်း- ၅၅၉၄၇၄ တို့သို့ ဆက်သွယ်နိုင်ကြောင်း သိရသည်။ (က-ပ)

# အထက်မင်းလှ အထက မိဘဆရာစည်းဝေး

**အထက်မင်းလှ ဩဂုတ် ၁၅**

မကွေးတိုင်း အထက်မင်းလှမြို့ အခြေခံပညာအထက်တန်းကျောင်း ၂၀၀၄-၂၀၀၅ပညာသင်နှစ် မိဘဆရာအသင်း နှစ်ပတ်လည်အစည်းအဝေးကို ဇူလိုင် ၂၉ရက်နံနက်၉နာရီက ကျောင်းရှိ မင်းလက်ဝါးခန်းမ၌ ကျင်းပသည်။

အစည်းအဝေး၌ သဘာပတိ ကျောင်းအုပ်ဆရာကြီး ဦးမောင်ကြိုင်နှင့် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌဦးအောင်ကျော်ဦးတို့က အမှာစကားပြောကြားကြသည်။

အစည်းအဝေးသို့ မြို့နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ အတွင်းရေးမှူးနှင့် အဖွဲ့ဝင်များ၊ ကျောင်းအုပ်ဆရာကြီးနှင့် ဆရာ ဆရာမများ၊ မိဘဆရာအသင်း အလုပ်အမှုဆောင်များ၊ ကျောင်းသားမိဘများ တက်ရောက်ကြသည်။ (ဝ၇၆)

# မုံရွာမြို့နယ်ထောက်ရှာပင်ချောင်းကူးတံတားဖွင့်

## ငွေကျပ်၁၅၃သိန်းအကုန်အကျခံတည်ဆောက်ခဲ့

**မုံရွာ ဩဂုတ် ၁၀**

မုံရွာမြို့နယ်တောပု(စံပြ)ကျေးရွာအနီး ကိုယ့်အားကိုယ်ကိုးတည်ဆောက်သည့် ကျပ်ငွေ ၁၅၃ သိန်း အကုန်အကျခံတည်ဆောက်သောထောက်ရှာပင် ချောင်းကူးတံတားဖွင့်ပွဲ အခမ်းအနားကို ဇူလိုင် ၂၃ ရက်က ကျင်းပသည်။

### တက်ရောက်

တံတားဖွင့်ပွဲ အခမ်းအနားသို့ မုံရွာခရိုင် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးကြည်စိန်၊ မြို့နယ်ဥက္ကဋ္ဌ ဦးတင်အုန်း၊ တောပုကျေးရွာ ဥက္ကဋ္ဌ ဦးချစ်တင်နှင့် ကျေးရွာလူမှုရေးအဖွဲ့ဝင်များနှင့် ဒေသခံပြည်သူများ တက်ရောက်ကြသည်။

### ဖဲကြိုးဖြတ်ဖွင့်လှစ်

တံတားဖွင့်ပွဲ အခမ်းအနားကို မဟာဗောဓိတစ်ထောင် ဆရာတော်နှင့် ခရိုင်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးကြည်စိန်တို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြသည်။

အဆိုပါတံတားမှာသံကူကွန်ကရစ်အုတ်တိုင်ဖြစ်ပြီး သစ်သားကြမ်းခင်း၊ သစ်သားလက်ရန်းများဖြင့် အရှည် ၁၁၅ပေ၊ အကျယ် ၁၃ ပေခွဲ တံတားဖြစ်ပြီး ရာသီမရွေး သွားလာနိုင်မည်ဖြစ်ကြောင်း သိရသည်။ (၃၂၃)

မြို့သန့်ရှင်းသာယာလှပရေးအတွက် ကျောင်းကုန်းမြို့နယ်စည်ပင်သာယာရေးအဖွဲ့က ဆောင်ရွက်သည့် ပျိုးဥယျာဉ်တွင် ပျိုးအိတ်များထုပ်ခြင်း၊ ပေါင်းမြက်များ ရှင်းလင်းခြင်းလုပ်ငန်းများကို ဩဂုတ် ၂၅ ရက်က ဆောင်ရွက်ရာ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးလှဦးကြီးကြပ်ဆောင်ရွက်ပေးစဉ်။ (၂၆၅)

ဩဂုတ် ၇ ရက်က ဒေးဒရဲမြို့ အမှတ်(၂)ရပ်ကွက် ကန်တော်ကြီး၌ မြို့နယ်အဆင့်ဌာနဆိုင်ရာဝန်ထမ်းများ၊လူမှုရေးအသင်းအဖွဲ့အစည်းများနှင့် ရပ်ကွက်နေပြည်သူများက စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်မှုကို မြို့နယ်ဥက္ကဋ္ဌ ဦးထိန်လင်းနှင့်တာဝန်ရှိသူများက ကြည့်ရှု အားပေးကြစဉ်။ (က-ပ)

တိုက်ကြီးမြို့နယ် စည်ပင်သာယာရေးအဖွဲ့က မြို့သာယာလှပရေး မြေသား ရှုခင်းအလှဆင်ခြင်းလုပ်ငန်း ဆောင်ရွက်မှုကို အမှုဆောင်အရာရှိ ဦးမောင်စိုးနှင့် တာဝန်ခံ အင်ဂျင်နီယာ ဦးမင်းမောင်တို့ ကွင်းဆင်း ကြည့်ရှုဆောင်ရွက်ကြစဉ်။ (မြို့နယ်စည်ပင်)

# နွေစပါးစံကွက်စုပေါင်းရိတ်သိမ်း

**ဆားလင်းကြီး ဩဂုတ် ၁၅**

နွေစပါးစံကွက် စုပေါင်းရိတ်သိမ်းပွဲကို ဩဂုတ် ၇ရက်က ဆားလင်းကြီးမြို့နယ် လင်းစားကျက်ကျေးရွာ လယ်သမားကြီး ဦးဝင်းကို၏ ကွင်းအမှတ် ၈၁၇(ခ)၊ ဦးပိုင်အမှတ် ၁၄၀/က လယ်ကွက်၌ ကျင်းပရာ မြို့နယ်ဥက္ကဋ္ဌ ဦးကျော်ထွေး၊ မြို့နယ်စိုက်ပျိုးရေး မန်နေဂျာဦးမြင့်အောင်၊ ဒုတိယမန်နေဂျာဦးအေးပိုနှင့် မြို့နယ်မြေစာရင်းဦးစီးမှူး ဦးကံဝင်းတို့ တက်ရောက်ကြည့်ရှုအားပေးကြသည်။

၎င်းလယ်ကွက်မှ တစ်ဧက စပါးတင်း၉၅ဒသမ၇၆ တင်းထွက်ရှိကြောင်း သိရသည်။

လင်းစားကျက်အုပ်စုတွင်နွေစပါးဧက၉၀ စိုက်ပျိုးခဲ့ရာ ဖြစ်ထွန်းအောင်မြင်ပြီး ရိတ်သိမ်းပြီးစီးပါက စပါးဆက်လက်စိုက်ပျိုးသွားမည်ဖြစ်ကြောင်း သိရသည်။ (၃၄၆)

# အမြို့မြို့ အနယ်နယ် သတင်းများ

# မြင်းခြံခရိုင် (၅)မြို့နယ် သန့်ရှင်းသောရေ တူးဖော်ဆောင်ရွက်ပြီးစီး

**မြင်းခြံ ဩဂုတ် ၂၀**

မြင်းခြံခရိုင်တွင် မြို့ပြရေပေးရေးလုပ်ငန်းကို စည်ပင်သာယာရေးအဖွဲ့က မြင်းခြံ၊ ကျောက်ပန်းတောင်း၊ နွားထိုးကြီး၊ တောင်သာနှင့်ငါန်းဇွန်မြို့နယ် ငါးမြို့နယ်၌ သန့်ရှင်းသောရေ သောက်သုံးနိုင်ရေးအတွက် တူးဖော်ပေးခဲ့ရာ(၅)မြို့နယ်တွင် အဖွဲ့ရန်ပုံငွေဖြင့် ခုနစ်ခု၊ ၂၉ A အစီအစဉ်နှင့် လေးခု စုစုပေါင်း ၁၁ခု ဆောင်ရွက်ခဲ့ရာ ၁/၂ လက်မ ရေတိုင် ၃၇၆၁ ခု၊ ၃/၄ လက်မရေတိုင် ၁၅၀၃ခု စုစုပေါင်း ၅၂၆၄ခုကိုအစိုးရ၊ ပုဂ္ဂလိကနှင့်အများသုံး အစိုးရသုံးရေတိုင်များကို ၂၀၀၃-၂၀၀၄ ခုနှစ်အတွင်း ဆောင်ရွက်ပြီးစီးပြီဖြစ်သည်။

၂၀၀၄-၂၀၀၅ ဘဏ္ဍာရေးနှစ်တွင် မြင်းခြံခရိုင်ငါးမြို့နယ်၌ စည်ပင်သာယာရေးအဖွဲ့များက အဖွဲ့ရန်ပုံငွေဖြင့် လုပ်ငန်းခုနစ်ခုကို ငွေကျပ် ၆၂၄၁၀၀၀ အကုန်အကျခံကာ ရေပိုက်သွယ်ခြင်း၊ ရေပိုက်လဲခြင်းနှင့် ရေပိုက်ဆက်ပစ္စည်းတပ်ဆင်ခြင်းများကို ဆက်လက်ဆောင်ရွက်ပေးကြမည် ဖြစ်ကြောင်းသိရသည်။ (၂၂၇)

အိမ်မဲမြို့နယ် စည်ပင်သာယာရေးအဖွဲ့က မြို့အဝင်သာယာလှပရေးအတွက် မြေခင်းအလှ ပန်းအလှပင်များ စိုက်ပျိုးခြင်းနှင့် အရိပ်ရပင်များ စိုက်ပျိုးခြင်း လုပ်ငန်းများကို ဩဂုတ်၂၁ရက်က အမှုဆောင်အရာရှိ ဦးမျိုးဝင်း၊ တာဝန်ခံအင်ဂျင်နီယာ ဦးမိုးမြင့်နှင့် ဝန်ထမ်းများ စုပေါင်းဆောင်ရွက်ကြစဉ်။ (မြို့နယ်စည်ပင်)

ဩဂုတ်၁၆ရက်က မြန်အောင်မြို့နယ် စည်ပင်သာယာရေးအဖွဲ့က ရေစီးရေလာကောင်းမွန်ရေးအတွက် ဆောင်ရွက်လျက်ရှိသော ကြာနီကန်လမ်းနှင့် ကျိုက္ကွန်းအနောက်လမ်းဆုံရှိ ရေမြောင်းကူးတံတား သံကူကွန်ကရစ်ခင်းခြင်းလုပ်ငန်းကို အမှုဆောင်အရာရှိ ဦးမိုးဟိန်းနှင့် တာဝန်ခံအင်ဂျင်နီယာ ဦးတင်ကိုကိုတို့ ကြီးကြပ်ဆောင်ရွက်ပေးကြစဉ်။ (မြို့နယ်စည်ပင်)

# မိုးရာသီသစ်ပင်စိုက်ပွဲတော်ကျင်းပ

**ရေဦး ဩဂုတ် ၁၂**

ရေဦးမြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက ဦးဆောင်၍ မိုးရာသီ သစ်ပင်စိုက်ပျိုးပွဲတော်ကို ဇူလိုင်၂၆ရက်နံနက်က ကျင်းပရာ မြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင်များ၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ဝန်ထမ်းများ၊ မြို့နယ်ကြက်ခြေနီတပ်ဖွဲ့ဝင်များ၊ မြို့နယ် မီးသတ်တပ်ဖွဲ့ဝင်များ၊ ရေဦးမြို့ပေါ်(၇)ရပ်ကွက်မှ ဥက္ကဋ္ဌများနှင့် အဖွဲ့ဝင်များက ရေဦးမြို့အဝင်ကားလမ်းဘေးဝဲယာတွင် သစ်ပင်ပျိုးပင်များ စုပေါင်း စိုက်ပျိုးပေးကြကြောင်း သိရသည်။ (၃၇၈)

သြဂုတ်၅ရက်က မြို့ပြသာယာ လှပရေးအတွက် နတ်မောက်လမ်း လမ်းလယ်ကျွန်းဆောင်ရွက်မှုကို မကွေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဗိုလ်မှူးကြီး ဇော်မင်း ကွင်းဆင်း ကြည့်ရှုရာ မ ကွေး တိုင်း စည်ပင်သာယာရေးအဖွဲ့ ညွှန် ကြားရေးမှူး ဦးစိုးတင့်နှင့် မကွေးမြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးဇော်ဝင်းတို့က ရှင်းလင်း တင်ပြစဉ်။ (မြို့နယ်စည်ပင်)

# မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသောဆေးဝါးများအန္တရာယ် တားဆီးကာကွယ်ရေးပညာပေးသင်တန်း ကလေးမြို့ အထက်၁ဖွင့်လှစ်

ကလေး သြဂုတ် ၁၅

ပညာရေးဝန်ကြီးဌာန ကျောင်းသား လူငယ်များအား မူးယစ်ဆေးဝါးအန္တရာယ်ပညာပေးရေး လုပ်ငန်းအဖွဲ့က ကြီးမှူး၍ စစ်ကိုင်းတိုင်း ကလေးခရိုင်နှင့် တမူးခရိုင် အခြေခံပညာ ဆရာဆရာမများအား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသောဆေးဝါးများအန္တရာယ် တားဆီးကာကွယ်ရေးပညာပေး သင်တန်းဖွင့်လှစ်ပွဲကို ကလေးမြို့ အခြေခံပညာအထက်တန်းကျောင်း အမှတ်(၁)အားကစားခန်းမတွင် ဇူလိုင်၂၅ရက်က ကျင်းပသည်။

ရှေးဦးစွာ ဗိုလ်မှူးချုပ်ခင်မောင်အေးက အမှာစကား ပြောကြားသည်။ ထို့နောက် ပညာရေးဝန်ကြီးဌာန ပညာရေး စီမံကိန်းနှင့် လေ့ကျင့်ရေး ဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဦးစိန်မြင့်ကလည်းကောင်း၊အမှတ်(၂)အခြေခံပညာဦးစီး ဌာနမှဒုတိယညွှန်ကြားရေးမှူး(စစ်ဆေးရေး) ဒေါ်ခင်စန်းရည် ကလည်းကောင်း အမှာစကားပြောကြားကြပြီး ခန်းမတွင် ခင်းကျင်း ပြသထားသော မူးယစ်ဆေးဝါးဆိုင်ရာ ပြကွက်များကို လှည့်လည်ကြည့်ရှုအားပေးကြသည်။

**(ခရိုင် ပြန်/ဆက်)**

**လက်ပံတန်းမြို့ ပြည်သူ့ပန်းခြံအတွင်း အဖွဲ့ဝန်ထမ်းများ မြေခင်းအလှ ပြုပြင်ခြင်းလုပ်ငန်းကို ပဲခူးတိုင်း(အနောက်ပိုင်း) ညွှန်ကြားရေးမှူးဦးစိုးလွင်နှင့် ဒုတိယအင်ဂျင်နီယာမှူးကြီး ဦးကျော်ဆွေတို့ ဇူလိုင် ၂၉ရက်က ကွင်းဆင်းစစ်ဆေးရာ အမှုဆောင်အရာရှိ ဦးနေမန်းနှင့် တာဝန်ခံအင်ဂျင်နီယာ ဦးအောင်မိုးသွင်တို့က ရှင်းလင်းပြသကြစဉ်။**

(မြို့နယ် ပြန်/ဆက်)

# ပညာသင်ထောက်ပံ့ငွေပေးအပ်လှူဒါန်းပွဲ ဖျာပုံခရိုင်၌ကျင်းပ

ဖျာပုံ သြဂုတ် ၂၅

**ဖျာပုံခရိုင် ဖျာပုံမြို့နယ်ကျောင်းနေအရွယ်ကလေးများကျောင်းနေမြဲရေး ပညာသင် ထောက်ပံ့ငွေပေးအပ်လှူဒါန်းပွဲကို သြဂုတ်၂၁ရက်နံနက် ၁၀ နာရီက ဖျာပုံမြို့ အထက(၂) မြထွင့်ရုံတင်ခန်းမ၌ ကျင်းပသည်။**

## ရှင်းလင်း

ရှေးဦးစွာ ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌဒုတိယ ဗိုလ်မှူးကြီးရဲထွဋ်က ကျောင်းသား ကျောင်းသူများအပါအဝင် နိုင်ငံသားများအားလုံးအရည်အချင်း အရည်အသွေး အလုံးစုံပြည့်ဝရေး ပညာရေးဆိုင်ရာများ ပြောကြားပြီး ခရိုင်ပညာရေးမှူး ဦးသိန်းစံအောင်က ကျောင်းနေမြဲရေး ထောက်ပံ့ငွေလှူဒါန်းမှုနှင့်ပတ်သက်၍ရှင်းလင်း တင်ပြသည်။

ထို့နောက် ထောက်ပံ့ငွေပေး အပ်ပွဲကို ဆက်လက်ကျင်းပရာ ရှေးဦးစွာ ခရိုင်ဥက္ကဋ္ဌ ဒုတိယ ဗိုလ်မှူးကြီးရဲထွဋ်၊ ခရိုင်အတွင်းရေးမှူး ဗိုလ်မှူးမောင်ဌေး၊ မြို့နယ်ဥက္ကဋ္ဌ ဦးခင်မောင်ရီနှင့် တာဝန်ရှိသူများက ထောက်ပံ့ငွေများ အသီးသီးပေးအပ်ကြသည်။

## ထောက်ပံ့ပေး

အခမ်းအနားတွင်ကျောင်းနေအရွယ် ကလေးများကျောင်းနေမြဲရေးအတွက် ဖျာပုံမြို့နယ်အတွင်းရှိမူလတန်းကျောင်း ပေါင်း ၁၃၄ ကျောင်းရှိကျောင်းသား ကျောင်းသူများအား ထောက်ပံ့ငွေ ကျပ် ၁၂ သိန်းကျော် ထောက်ပံ့ကြသည်။

**(ခရိုင်ပြန်/ဆက်)**

# အမြို့မြို့ အနယ်နယ် သတင်းများ

# ပန်းအလှပျိုးခြင်း စုပေါင်းဆောင်ရွက်

**ရေး သြဂုတ် ၂၀**

ရေးမြို့ စိမ်းလန်းစိုပြည်ရေး အတွက် ရေးမြို့နယ် စည်ပင်သာယာရေးအဖွဲ့က ဆောင်ရွက်လျက်ရှိသော ရေးမြို့လမ်းဘေးဝဲယာတစ်လျှောက်တွင် ပန်းအလှပင်များ တိုးချဲ့စိုက်ပျိုးရန် သတ်မှတ်အရေအတွက် ပြည့်မီစေရေး အတွက် သြဂုတ်၁၅ရက်က ရေးမြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင် အရာရှိ ဦးထွန်းထွန်း ဦးဆောင်သည့် အဖွဲ့ဝန်ထမ်းများ စုပေါင်း၍ ပျိုးထုပ်ထည့်သွင်းခြင်းနှင့် ပန်းအလှပင်များ ပျိုးထောင်ခြင်းလုပ်ငန်းများအားစုပေါင်း ဆောင်ရွက်ကြသည်။

**(မြို့နယ်စည်ပင်)**

# ကျေးလက်သာယာရေး စုပေါင်းသစ်ပင်စိုက်ပျိုး

**ဇန်းမော် သြဂုတ် ၁၅**

ဇန်းမော်မြို့နယ် သာယာလှပ စိမ်းလန်းစိုပြည်ရေးအတွက် ဇန်းမော်–မိုးမောက်ကားလမ်းဝဲယာတစ်လျှောက် အောင်သာကျေးရွာအထိ ပန်းအလှပင် များ၊ အရိပ်ရပင်များ၊ ပေါင်းရှင်းခြင်း၊ မြေတောင်မြှောက်ခြင်းနှင့် အစားထိုး စိုက်ပျိုးခြင်းများကို သြဂုတ် ၇ ရက်က ဆောင်ရွက်ကြသည်။

အဆိုပါ သစ်ပင်စိုက်ပွဲကို မြို့ပေါ် ရပ်ကွက် (၁၀) ရပ်ကွက်နှင့် ကျေးရွာ (၁၁)ရွာမှ ကျေးရွာ အေးချမ်းသာယာ ရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်များ ပါဝင် စုပေါင်းစိုက်ပျိုးကြရာ ဇန်းမော် ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီး လှသောင်းက လှည့်လည် ကြည့်ရှု အားပေးပြီး လိုအပ်သည်များဖြည့်ဆည်း ဆောင်ရွက်ပေးကြသည်။

**(မြို့နယ် စည်ပင်)**

# မြို့တွင်းနှင့်ကျေးလက်လမ်းများ ပန်းတောင်းမြို့၌စစ်ဆေး

**ပန်းတောင်း သြဂုတ် ၁၅**

ပဲခူးတိုင်း(အနောက်ပိုင်း)စည်ပင် သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးစိုးလွင်သည် ဒုတိယအင်ဂျင်နီယာမှူးကြီး ဦးကျော်ဆွေနှင့်အတူ သြဂုတ်၆ရက်က ပန်းတောင်းမြို့နယ်စည်ပင်သာယာရေး အဖွဲ့ အမှုဆောင်အရာရှိ ဦးအေးဝင်း၊ အငယ်တန်း အင်ဂျင်နီယာ(၂)ဦးကျော်ခိုင်ထွန်းတို့နှင့် မြို့တွင်းလမ်းများ သန့်ရှင်းရေးနှင့် ကျေးလက်လမ်းများ ကြံ့ခိုင်ရေးနှင့် ခိုင်ခံ့မှုရှိရေး ကွင်းဆင်း စစ်ဆေးပြီး လိုအပ်သည်များ ဖြည့်ဆည်း ဆောင်ရွက်ပေးကြသည်။

**(မြို့နယ် ပြန်/ဆက်)**

**နေပြည်တော်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ကဆောင်ရွက်သော ရတနာစမ်းချောင်း လမ်းဘေးဝဲယာတစ်လျှောက် ပလက်ဖောင်းကပ်တုံးများ ပြုလုပ်မှုကို သြဂုတ်၁၃ရက်က အမှုဆောင်အရာရှိ ဦးခင်မောင်မြင့်နှင့် တာဝန်ခံအင်ဂျင်နီယာ ဦးစန်းမြင့်ဝင်းတို့ ကွင်းဆင်းကြည့်ရှု စစ်ဆေးကြစဉ်။** (ဝ၈၅)

# မြို့သန့်ရှင်းရေး စုပေါင်းဆောင်ရွက်

**ပျဉ်းမနား သြဂုတ် ၁၀**

ပျဉ်းမနားမြို့နယ်စည်ပင်သာယာ ရေးအဖွဲ့မှ မြို့သန့်ရှင်းသာယာလှပ ရေးနှင့် စိမ်းလန်းစိုပြည်ရေးအတွက် သြဂုတ် ၄ ရက်က အဖွဲ့ပိုင် မင်္ဂလာ ရှမ်းကန်အတွင်း စုပေါင်းသန့်ရှင်းရေး ပြုလုပ်ခြင်း၊ ပန်းအလှပင်များစိုက်ပျိုး ခြင်းနှင့် မြေခင်းအလှပြုပြင်ခြင်းများ ကို အဖွဲ့ဝန်ထမ်းများနှင့်ဆောင်ရွက် မှုကို မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးမင်းဇော်နှင့် တာဝန်ရှိသူများ ကြီးကြပ်ဆောင်ရွက် ပေးကြသည်။ **(မြို့နယ်စည်ပင်)**

# စစ်ကိုင်းတိုင်း ငါးလုပ်ငန်းဦးစီးဌာန ရောဝတီမြစ်အတွင်း ငါးသားပေါက်များ စိုက်ထည့်

မြောင် သြဂုတ် ၂၅

**စစ်ကိုင်းခရိုင် ငါးလုပ်ငန်းဦးစီးဌာနက ဧရာဝတီမြစ်အတွင်း ငါးမြစ်ချင်း ငါးသားပေါက်များစိုက်ထည့်ခြင်း အခမ်းအနားကို သြဂုတ်၂၄ရက်က စစ်ကိုင်း ခရိုင် မြောင်မြို့နယ်ရွှေပေါ်ကျွန်းဘုရားအနီး ဧရာဝတီဆိပ်ကမ်း၌ ကျင်းပ သည်။**

အခမ်းအနားသို့ စစ်ကိုင်းခရိုင် အေးချမ်းသာယာရေး နှင့်ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌဒုတိယဗိုလ်မှူးကြီးစိုးနိုင်၊ ခရိုင် အုပ်ချုပ်ရေးမှူး ဦးခင်မောင်လတ်၊ တိုင်းငါးလုပ်ငန်းဦးစီး ဌာနမှူး ဦးမျိုးအောင်၊ ခရိုင်ငါးလုပ်ငန်းဦးစီးဌာနမှူးဦးဇော် လွင်ဝင်း၊ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးတင်နုနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် လူမှုရေး အသင်းအဖွဲ့ဝင်များတက်ရောက်ကြသည်။

## ငါးသားပေါက်စိုက်ထည့်

တိုင်းငါးလုပ်ငန်း ဦးစီးဌာနမှူးနှင့် ခရိုင်၊မြို့နယ်မှ တာဝန်ရှိသူများက ဧရာဝတီမြစ်အတွင်းသို့ ငါးမြစ်ချင်း ငါးသားပေါက် အကောင်ရေ ၅၁ သိန်းကို တပြော်တပါး စိုက်ထည့်ကြသည်။ **(က–ပ)**

**ကျိုက်လတ်မြို့နယ် စည်ပင်သာယာရေးအဖွဲ့က မြို့တွင်းလမ်းများအား အဆင့်မြှင့်တင်ဆောင်ရွက်လျက်ရှိရာ သြဂုတ် ၁၄ရက်က ကန်တော်ကြီး လမ်း ကျောက်ချောခင်းခြင်းကို အမှုဆောင်အရာရှိဦးမြင့်မောင်နှင့် အငယ်တန်း အင်ဂျင်နီယာ(၃) ဦးသန်းဇော်စိုးတို့ ကြီးကြပ်ဆောင် ရွက်ကြစဉ်။** (မြို့နယ်စည်ပင်)



## ရှင်းလင်း

**မင်းပြားမြို့ မြို့မဈေး သန့်ရှင်းသာယာလှပရေး၊ ရေစီးရေလာ ကောင်းမွန်ရေးအတွက် ရေမြောင်းများ တူးဖော်ခြင်းနှင့် အမှိုက်များ ရှင်းလင်းခြင်းလုပ်ငန်းကို စည်ပင်သာယာရေးအဖွဲ့ ဒုဦးစီးမှူး(အခွန်) ဦးမောင်တင်အောင် ဦးဆောင်ကြီးကြပ်၍ အဖွဲ့ဝန်ထမ်းများဖြင့် သြဂုတ် ၁၆ ရက်က ဆောင်ရွက်ကြစဉ်။** (မြို့နယ်စည်ပင်)

# ကျေးဇူးတင်လွှာ

ကျွန်တော် ကျွန်မတို့၏ သားဦးရတနာလေးအား ၂၇–၈–၂၀၀၄ ရက်တွင် အောင်မြင်စွာ ခွဲစိတ်မွေးဖွားပေးခဲ့သော ရွှေဂုံတိုင်အထူးကု ဆေးခန်းကြီးမှ သားဖွားနှင့် မီးယပ်အထူးကုဆရာဝန်ကြီး၊ ကလေးအထူးကုဆရာဝန်ကြီးနှင့် ဂရုတစိုက်ပြုစုစောင့်ရှောက်ပေးကြသော ဆရာဝန်၊ ဆရာမများ၊ SSC ဆေးရုံမှ တာဝန်ရှိသူများနှင့် သူငယ်ချင်းများအား ကျေးဇူးတင်ရှိပါကြောင်း။

**နှစ်ဖက်သော ဘိုးဘိုး၊ ဘွားဘွားများနှင့်**
**ဖေဖေ–ဗိုလ်ကြီးကျော်ဇေယျ**
**မေမေ–ဒေါ်နန္ဒာဝေဒီ (ဝေဒီဖိနပ်စတိုး)။**

**သူငယ်ချင်း–**

ဗိုလ်ကြီးကျော်ဇေယျနှင့် မနန္ဒာဝေဒီတို့၏ ၂၇–၈–၂၀၀၄ရက်တွင် မွေးဖွားသော သားဦးရတနာလေးအတွက် ဝမ်းမြောက်ဝမ်းသာ ဂုဏ်ယူပါကြောင်း။

**ကိုရဲဝင်းနှင့် သူငယ်ချင်းများ။**

# မန္တလေး တူးတူး

## မြန်မာထမင်းဆိုင်

မြန်မာထမင်း ဟင်း ကောင်းကောင်း သုံးဆောင်လိုသော မိတ်ဟောင်းမိတ်သစ်များ အတွက် မန္တလေး တူးတူး မြန်မာထမင်းဆိုင်ကို စမ်းချောင်း – ရန်ကုန်ဘူတာကြီးတွင် နေ့စဉ် နံနက် (၁၁:၀၀) နာရီ မှ ည (၈:၀၀) နာရီ အထိ ပိတ်ရက်မရှိ ဖွင့်လှစ်လိုက်ပါပြီ။

(အအေးခန်းဖြင့်လည်းသုံးဆောင်နိုင်ပါသည်။)

**စမ်းချောင်း – ရန်ကုန်ဘူတာကြီး**
**ဖုန်း – ၂၄၉၅၁၈၊ ၂၄၉၅၁၉၊ ၂၅၃၀၁၁**


ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ
(Sealed Tender)
14(T)7/MR(S&T) 2004-2005 | Glass Fibre Insulation Rail Joint 75Lb | 142-Sets

## ပြည်ထောင်စုမြန်မာနိုင်ငံတော်
## ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့
### ကြော်ငြာစာအမှတ်၊ ၃၃/၂၀၀၄
### (၂၀၀၄ ခုနှစ်၊ ဩဂုတ်လ ၂၅ ရက်)

# လျှောက်လွှာခေါ်ယူခြင်း

၁။ ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့အောက်ရှိ ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးရေး တက္ကသိုလ်တွင် လစ်လပ်လျက်ရှိသော အောက်ဖော်ပြပါ ရာထူးအတွက် လျှောက်လွှာများ အလိုရှိပါသည်–

| ရာထူး | ပညာအရည်အချင်း | လစ်လပ် |
| --- | --- | --- |
| လက်ထောက်ကထိက(ဂီတ) | ဝိဇ္ဇာဘွဲ့(ဂီတ) | ၁ နေရာ |

၂။ လျှောက်ထားသူသည်–
(က) ပြည်ထောင်စုမြန်မာနိုင်ငံသားဖြစ်ရမည်။
(ခ) ၂၀–၉–၂၀၀၄ နေ့တွင် အသက် ၃၅ နှစ်(ဝန်ထမ်းဖြစ်ပါက အသက် ၄၀ နှစ်)ထက် မကျော်လွန်သူ ဖြစ်ရမည်။

၃။ လျှောက်လွှာကို ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့ရုံးသို့ ၂၀–၉–၂၀၀၄ နေ့ အရောက်ပေးပို့ရမည်။

၄။ လျှောက်လွှာတွင် ဖော်ပြရမည့်အချက်များ၊ ပူးတွဲပါရှိရမည့် စာရွက်စာတမ်းများ၊ ဝင်ကြေးငွေ ၂၀ဝိ/– ပေးသွင်းရမည့်နည်းလမ်း၊ ရေးဖြေနှုတ်ဖြေ စစ်ဆေးမှုအတွက် လေ့လာရန်လိုအပ်ချက်များနှင့် စပ်လျဉ်း၍ ဤအဖွဲ့က ကြေညာချက် အမှတ် ၁/၉၁ဖြင့် ထုတ်ပြန်ထားသော **ဝန်ထမ်း ရွေးချယ်လေ့ကျင့်ရေးအဖွဲ့က ကြော်ငြာခေါ်ယူသော ရာထူးများသို့ လျှောက်လွှာ တင်သွင်းသူများအတွက် လမ်းညွှန်စာစောင်ပါ** သတ်မှတ်ချက်များနှင့်အညီ လိုက်နာဆောင်ရွက်ရန်ဖြစ်သည်။

၅။ **ရန်ကုန်မြို့နှင့်မန္တလေးမြို့**များတွင် ရေးဖြေစာမေးပွဲ စာစစ်ဌာနများ ထားရှိမည်။ မိမိဖြေဆိုလိုသော စာစစ်ဌာနကို လျှောက်လွှာတွင် ရှင်းလင်းတိကျစွာ ဖော်ပြရမည်။

၆။ ဝန်ထမ်းများသည် မူရင်းလျှောက်လွှာတစ်စောင်ကို မိမိတာဝန် ထမ်းဆောင်သည့် **ဌာနအကြီးအကဲမှတစ်ဆင့် ဝန်ကြီးဌာန၏ ခွင့်ပြုချက်ရယူပြီး ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့ရုံးသို့ ၂၀–၉–၂၀၀၄ နေ့အရောက် ပေးပို့ရမည်။** လျှောက်လွှာတစ်စောင်ကို ဓာတ်ပုံနှင့်အတူ ဤအဖွဲ့ရုံးသို့ တိုက်ရိုက်ပေးပို့ရမည်။

၇။ ၉–၁၀–၂၀၀၄ နေ့နှင့် ၁၀–၁၀–၂၀၀၄ နေ့များတွင် အရည်အချင်းစစ် ရေးဖြေစာမေးပွဲကျင်းပမည်။ ၇–၁၀–၂၀၀၄ နေ့မှစ၍ မန္တလေးတိုင်း အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာနရုံးနှင့် ဤအဖွဲ့ရုံးတို့တွင် ဖြေဆိုခွင့်ကတ်ပြားများကို ထုတ်ပေးမည်။

၈။ စုံစမ်းမေးမြန်းလိုပါက ဤအဖွဲ့ရုံးသို့ လူကိုယ်တိုင်ဖြစ်စေ၊ တယ်လီဖုန်းအမှတ် (၃၇၈၁၆၃)သို့ဖြစ်စေ ဆက်သွယ်နိုင်ပါသည်။

၉။ ဤကြော်ငြာကို ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့၏ Website လိပ်စာ csstb. imis. com. mm တွင်လည်း ဖော်ပြထားပါသည်။

# ဆက်သွယ်ပါ

သုဝဏ္ဏ၊ ဘောက်ထော်၊ တောင်ဥက္ကလာ၊ မ/ဒဂုံရှိ အိမ်ခြံမြေများ ရောင်းလို၊ ငှားလိုက ဆက်သွယ်ပါ။

ဖုန်း–၀၁–၇၂၇၂၂၁၊ ၀၁–၇၀၃၄၁၅၊ ၀၉–၅၀၀၆၇၈၂၊ ၀၉–၈၀၂၁၁၇၉။

## ဝမ်းနည်းကြေကွဲခြင်း

ခွဲစိတ်အထူးကုဆရာဝန်ကြီး ဒေါက်တာ အိန္ဒြာကျော်(မြန်မာ့မီးရထား)၏ မိခင် ဒေါ်ရီရီ အသက်(၈၃)နှစ်သည် ကွယ်လွန်ကြောင်းသိရသဖြင့် မိသားစုနှင့် ထပ်တူ ဝမ်းနည်းကြေကွဲရပါကြောင်း။

**ခွဲစိတ်ကု ဆရာဝန်များအဖွဲ့**
**မြန်မာနိုင်ငံဆရာဝန်များအသင်း။**

## ဝမ်းနည်းကြေကွဲခြင်း

ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်မှူးကြီးကြည်နိုင်၏ မိခင် ဒေါ်တင်မြ အသက်(၇၆)နှစ်သည် ၂၅–၈–၂၀၀၄ ရက်တွင် ကွယ်လွန်သွားပါသဖြင့် မိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

**အရာရှိ၊ အရာခံ၊ အကြပ်၊ စစ်သည်များ။**

# ကျေးဇူးတင်ရှိခြင်း

## ဒေါ်နန္ဒာထွန်း
### ဆက်သွယ်ရေးအရာရှိ ("IFRC")
### အပြည်ပြည်ဆိုင်ရာ ကြက်ခြေနီနှင့် လခြမ်းနီဖက်ဒရေးရှင်း
## အသက်(၄၃)နှစ်

၃၁–၇–၂၀၀၄ ရက်တွင် ကွယ်လွန်ခဲ့သော ဒေါ်နန္ဒာထွန်း(IFRC) မလေးရှားနိုင်ငံတွင်ရှိစဉ် အစစအရာရာ ဝိုင်းဝန်းကြိုးပမ်း ကူညီပေးခဲ့ကြသော သမားတော်ကြီးများနှင့် ဆရာဝန်၊ ဆရာမများ၊ မြန်မာသံအမတ်ကြီး၊ သံမှူးကြီးနှင့် သံရုံးဝန်ထမ်းများ၊ ဆွေမျိုးမိတ်သဂ်ဟများအား လည်းကောင်း၊ နောက်ဆုံးခရီးစဉ်အတွက် အစစအရာရာကူညီပြီး လိုက်ပါပို့ဆောင်နှုတ်ဆက်ခြင်း၊ လွမ်းသူ့ပန်းခွေ၊ ပန်းခြင်းများပို့ပေးခြင်းနှင့် လှူဖွယ်ပစ္စည်းများပို့ပေးကြသော ဆွေမျိုးမိတ်သဂ်ဟများ၊ သူငယ်ချင်းများအား လည်းကောင်း၊ ကျေးဇူးတင်ထိုက်သူများအားလုံးကိုလည်းကောင်း ကျေးဇူးတင်ရှိပါကြောင်း။

**ကျန်ရစ်သူမိသားစု။**

## ဝမ်းနည်းကြေကွဲခြင်း

ပါမောက္ခ ဒေါက်တာမြသောင်း (ဆီးနှင့်ကျောက်ကပ်ခွဲစိတ်အထူးကုဆရာဝန်ကြီး)၏ ဇနီး ဒေါက်တာဒေါ်ခင်သင်းရီ (သားဖွားနှင့်မီးယပ်အထူးကုဆရာဝန်ကြီး) ကွယ်လွန်ကြောင်းသိရသဖြင့် ကျန်ရစ်သူမိသားစုနှင့်အတူ ဝမ်းနည်းကြေကွဲရပါကြောင်း။

**ခွဲစိတ်ကု ဆရာဝန်များအဖွဲ့**
**မြန်မာနိုင်ငံဆရာဝန်များအသင်း။**

## ဝမ်းနည်းကြေကွဲခြင်း

တောင်ငူမြို့ (၅)ရပ်ကွက်၊ ဦးပန်းဖြူလမ်းနေ ဦးကျော်တင့် (လ/ထ မန်နေဂျာ–အင်ဂျင်နီယာ) မြန်မာ့သစ်လုပ်ငန်း၊ စစ်ကိုင်းတိုင်းခွဲ(၁)၏ ဇနီး ဒေါ်ကြည်ငွေးကွယ်လွန်ခြင်းအတွက် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါကြောင်း။

**မန်နေဂျာနှင့်စစ်ကိုင်းတိုင်းခွဲ(၁)ဝန်ထမ်းများ။**

## Old English Mastiff ရောင်းရန်

မိုးအေးအေးမှာ စိတ်ချလက်ချ အိပ်နိုင်ဖို့၊ မိမိအိမ်ခြံဝင်းကို နေ့/ညလုံခြုံရေးတာဝန်ယူမည့် လူကြိုက်များပြီး အသိဉာဏ်မြင့်မား၍ ထွားကျိုင်းသန်မာသော Mastiff ခွေးကြီးမျိုး Import မှပေါက်သော (၂)လခွဲ Mastiff သားပေါက်လေးများ ဦးရာလူ ရောင်းမည်။

**အမှတ် ၁၁၉၆၊ ခ/၁လမ်း**
**မြို့သစ်၊ အင်းစိန်။**

# တစ်လပြည့်လွမ်းဆွတ်သတိရခြင်း

## ဒေါ်နန္ဒာထွန်း
### ဆက်သွယ်ရေးအရာရှိ ("IFRC")
### အပြည်ပြည်ဆိုင်ရာ ကြက်ခြေနီနှင့် လခြမ်းနီဖက်ဒရေးရှင်း
## အသက်(၄၃)နှစ်

ချစ်ဇနီး ဘဝတစ်ပါးသို့ ပြောင်းသွားကွယ်လွန်ခဲ့သည်မှာ တစ်လရှိခဲ့ပါပြီ။ ကွယ်လွန်သူအတွက်ရည်စူး၍ လှူဒါန်းသော ကောင်းမှုအစုစုတို့ကို အေးချမ်းရာဘုံဘဝမှ အမျှရ၍ သာဓုခေါ်ဆိုနိုင်ပါစေ။

**ချစ်ခင်ပွန်း–ဦးသန့်စင်။**

## ပြည်ထောင်စုမြန်မာနိုင်ငံတော်
## ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ
## ပစ္စည်းဝယ်ယူရောင်းချရေးအဖွဲ့

ရက်စွဲ၊ ၂၀၀၄ ခုနှစ် ဩဂုတ် ၂၃ ရက်

# ချိပ်ပိတ်ဈေးနှုန်းလွှာခေါ်ယူခြင်း

ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ၏ လုပ်ငန်းသုံးအတွက် လိုအပ်သော ဘိလပ်မြေ (Portland Cement) တန် ၅၀၀၀ (တန်ငါးထောင်တိတိ)ကို နိုင်ငံခြားသုံးငွေဖြင့် ဝယ်ယူလိုပါသဖြင့် C & F (Yangon) စနစ်ဖြင့် ဈေးနှုန်းလွှာတင်သွင်းနိုင်ပါကြောင်း ဖိတ်ခေါ်ပါသည်။

ဈေးနှုန်းလွှာပိတ်ရက်မှာ ၁၆–၉–၂၀၀၄ နေ့ (၁၆:၀၀) နာရီဖြစ်ပြီး ဈေးနှုန်းတင်သွင်းလွှာ ပုံစံတစ်စုံလျှင် ကျပ် ၁၀၀၀ (ကျပ်တစ်ထောင်တိတိ) နှုန်းဖြင့် ဘတ်ဂျက်နှင့်ငွေစာရင်းဌာန၊ ပစ္စည်းဝယ်ယူရေးဌာနစုတွင် ဝယ်ယူနိုင်ပါသည်။ အသေးစိတ်အချက်အလက်များကို ဖုန်းအမှတ်–၂၈၂၅၃၄၊ ၂၄၈၁၁၂၊ လိုင်းခွဲ (၂၃၅)တို့သို့ ဆက်သွယ်မေးမြန်းနိုင်ပါသည်။

**ဥက္ကဋ္ဌ**
**ပစ္စည်းဝယ်ယူရောင်းချရေးအဖွဲ့။**



# အများသိစေရန်ကြေညာချက်

ရန်ကုန်မြို့၊ ကြည့်မြင်တိုင်မြို့နယ်၊ ဈေးကြီးအနောက်ရပ်ကွက်၊ ကျောင်းကြီးလမ်း၊ အမှတ် ၇/၉ ဟု ခေါ်တွင်သော သုံးခန်းတွဲ၊ ခုနစ်ထပ် ကန်ထရိုက်အဆောက်အအုံ၏ ခြေရင်းဘက် ထောင့်စွန်းခြမ်း၊ အမှတ် ၇၊ အလျား ၁၉ပေ x အနံ ပေ ၅၀အကျယ်ရှိ ခြောက်လွှာ သို့မဟုတ် ပဉ္စမထပ်၊ အခန်း၏ပိုင်ရှင်အမှန်မှာ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်သောင်းသောင်းရီ ၁၂/ကမတ(နိုင်)၀၃၉၄၃၆ဖြစ်ပါ၍ အဆိုပါအခန်းသည် တခြားမည်သူတစ်ဦးတစ်ယောက်နှင့်မျှ သက်ဆိုင်ခြင်းမရှိပါကြောင်း ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ–

**ဒေါ်ခင်စောဦး (တရားရုံးချုပ်ရှေ့နေ)**
**လိုင်စင်အမှတ်– ၆၇၀၂**
**(ရုံး) အမှတ် ၅၀၊ ပထမထပ်၊ အေ/၁၊**
**ဘဏ်လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။**

**စန္ဒရား၊အော်ဂင်**
**မြန်မာသံစဉ်များ**
အိမ်လာသင်ကြားပေးမည်
**မောင်ချို့မြင်း(ကန္တာရဝတီ)**
၄၄၉၊ အောင်ရိပ်သာ(၂)လမ်း
မြောက်ဒဂုံ(၂၈)ရပ်ကွက်
ဖုန်း–တ/ဆ–၅၈၄၈၂၆

## မော်တော်ယာဉ်မှတ်ပုံတင်စာအုပ် (ကမ–၃)မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ်ခ/၄၂၈၂မော်တော်ယာဉ် လက်ဝယ်ရှိသူက မော်တော်ယာဉ် မှတ်ပုံတင်စာအုပ် (ကမ–၃)မိတ္တူလျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများသည် သတင်းစာတွင် ကြော်ငြာပါသည့်ရက်မှစ၍ ၁၅ ရက်အတွင်း ကညန၊ တိုင်းရုံး (ရန်ကုန်)သို့ လာရောက်ဆက်သွယ်ဆောင်ရွက်ပါရန်။

**ကညန၊ရန်ကုန်တိုင်း။**

## သထုံအသင်း
## ဒေါ်ရွှေ အသက်(၉၇)နှစ်

အင်းစိန်မြို့နယ်၊ရွာမ(အရှေ့)ရပ်ကွက်၊ မြို့တော် ဂေါက်ကွင်းလမ်း၊ အိမ်အမှတ် ၈/က နေ ရာသက်ပန်အသင်းဝင် ရဲမှူး ဦးအောင်သန်း(ငြိမ်း)၊ ရာသက်ပန်အသင်းဝင် ဦးထွန်းရွှေတို့၏မိခင်သည် ၂၆–၈–၂၀၀၄ရက်တွင် ကွယ်လွန်သွားပါ၍ ၂၈–၈–၂၀၀၄ ရက် နံနက် ၁၁ နာရီတွင် ရေဝေးသုသာန်၌ မီးသဂြိုဟ်ပြီးဖြစ်ပါကြောင်း အသင်းဝင်များအား အကြောင်းကြားသိစေအပ်ပါသည်။ **အမှုဆောင်အဖွဲ့။**

### ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး
## ဒေါ်လှမြင့် (ဥက္ကံမြို့)
### အသက်(၆၄)

ရန်ကုန်တိုင်း၊ အလုံမြို့နယ် ဒုတိယသီရိရိပ်သာ၊ အမှတ် ၁၅၂ နေ (ဦးဘိုးရွှေ–ဒေါ်အေးရင်)တို့၏ သမီး၊ (ဦးအောင်ခင်–ဒေါ်ခင်ပု)တို့၏ သမီးချွေးမ၊ (ဦးမျိုးသန့်၊ အငြိမ်းစား၊ ဒုညွှန်မှူး၊ မြန်မာ့ကျောက်မျက်)၏ဇနီး၊ ဦးရဲနိုင်ဦး (Quick Computer)–ဒေါ်လှလှဝင်း၊ ဒေါ်ခင်စန္ဒာဝင်း (YIEC) တို့၏ မိခင်၊ မဆုထက်နိုင် I-A. အထက(၃) ဗိုလ်တထောင်၊ မောင်ဖြိုးပြည့်မောင်တို့၏အဘွားသည် အာရှတော်ဝင်ဆေးခန်း၌ ၂၅–၈–၂၀၀၄ ရက် (ဗုဒ္ဓဟူးနေ့) နံနက် ၇:၃၅ နာရီတွင် ကွယ်လွန်သွားပါ၍ ကွယ်လွန်သူ၏ ဆန္ဒအရ ၂၅–၈–၂၀၀၄ ရက် (ဗုဒ္ဓဟူးနေ့) ညနေ ၄ နာရီတွင် ထိန်ပင်သုသာန်၌ မီးသဂြိုဟ်ပြီးစီးပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သဂ်ဟအပေါင်းအား အကြောင်းကြားအပ်ပါသည်။

**ကျန်ရစ်သူမိသားစု။**

### ရဟန်း၊ကျောင်းဒါယိကာမကြီး
## ဒေါ်ခင်ညွန့်
### (ပုဇွန်တောင်မြို့နယ်)
## အသက်(၇၅)နှစ်

ပျဉ်းမနားမြို့နေ (ဦးမြဒင်–ဒေါ်လှမြိုင်)တို့၏ သမီး၊ ကျောက်ဖြူမြို့နေ (ဦးကျော်ထင်–ဒေါ်မေကျီ)တို့၏ သမီးချွေးမ၊ (ဗိုလ်ကြီးသာဟံ)၏ဇနီး၊ ဦးဝိုင်း–ဒေါ်နုစိန်တို့၏ညီမ၊ ဦးညွန့်မောင်–ဒေါ်အုန်းကြည်၊ ဦးတင်အေး–ဒေါ်ဝိုင်း၊ ဦးဝင်းအောင်–ဒေါ်ကြူကြူခိုင်၊ ဦးစောလွင်–ဒေါ်သင်းသင်းမူတို့၏ အစ်မ၊ ဦးအောင်ကျော်မင်း–ဒေါ်နွယ်နွယ်၊ ဦးတင်မြင့်–ဒေါ်ဘေဘီဟံတို့၏မိခင်၊ မောင်ဘုန်းမော်၊ မောင်သူရအောင် တို့၏ အဘွားဒေါ်ခင်ညွန့်သည် အမှတ် ၄၀၄၊ အောက်ပုဇွန်တောင်လမ်း၊ (၃)ရပ်ကွက် ပုဇွန်တောင်မြို့နယ် နေအိမ်၌ ၂၇–၈–၂၀၀၄ ရက် သောကြာနေ့ည ၇ နာရီတွင် ကွယ်လွန်သွားပါ၍ ၂၈–၈–၂၀၀၄ ရက် စနေနေ့ မွန်းလွဲ ၂ နာရီတွင် ရေဝေး သုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပြီးစီးပါကြောင်း။ **ကျန်ရစ်သူမိသားစု။**

### ရဟန်းဒါယကာကြီး
## ဦးမြအောင်
### (တပ်မတော်ရေ –ငြိမ်း)
## C.D.C (၅၈၂၂)
## Gewin Maritime Ltd.
### အသက် (၆၄)နှစ်

ရန်ကုန်မြို့၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ၉၂လမ်း၊ အိမ်အမှတ် ၄၄ နေ (ဦးအုန်းတင်–ဒေါ်အေးကြည်–ဒေါ်ကြည်)တို့၏ သား၊ (ဦးဘလှိုင်–ဒေါ်တင်ဦး)တို့၏ သားသမက်၊ (ဒေါ်ညွန့်ညွန့်)၏ခင်ပွန်း၊ ဦးရွှေလှ၏ညီ၊ ဒေါ်အေးကြွေ၊ ဒေါ်သန်းမေတို့၏ အစ်ကို၊ (ဒေါ်သက်သက်အောင်)၊ ဦးယဉ်ထွေး(Gewin)–ဒေါ်သီတာအောင်၊ ဦးမင်းဇော်နိုင်–ဒေါ်စုစုအောင်၊ ဒေါ်ခင်မာမာအောင်၊ ဦးလင်းလင်းပိုင်–ဒေါ်စိုးစိမ့်စိမ့်အောင်တို့၏ဖခင်၊ မြေးငါးယောက်တို့၏ အဘိုးသည် ၂၈–၈–၂၀၀၄ရက် နံနက် ၉:၄၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ယင်းနေ့ ညနေတွင် ရေဝေးသုသာန်၌ သဂြိုဟ်ပြီးစီးပါကြောင်း။

**ကျန်ရစ်သူမိသားစု။**

## စားပွဲနှင့် ကုလားထိုင်များ ငှားရန်

အလှူ၊ ထိမ်းမြားမင်္ဂလာ၊ အစည်းအဝေး အခမ်းအနားများတွင် ခေတ်မီ ပလတ်စတစ်စားပွဲနှင့် ကုလားထိုင်များ ဈေးနှုန်းသက်သာစွာဖြင့် ငှားရမ်းနေပါသည်။

နံနက် ၉း၃၀ မှ ညနေ ၄း၃၀ နာရီအတွင်း ဆက်သွယ်နိုင်ပါသည်။

**အမှတ် ၂၂၈၊ သိမ်ဖြူလမ်း၊**
**ဗိုလ်တထောင်မြို့နယ်**
**ဖုန်း–၂၄၅၆၄၅၊ ၂၄၅၆၄၂။**

## သတိပေးနှိုးဆော်ချက်

ခရီးသည်တင် မော်တော်ယာဉ်များအား မြို့တွင်းသို့ နေ့/ည ခရီးသည်ပို့ဆောင်နိုင်ရေးအတွက် သတ်မှတ်ခေါက်ရေနှင့်အညီ စက်သုံးဆီထုတ်ပေးထားပြီးဖြစ်ပါသည်။ ယာဉ်စီးခများအားလည်း သတ်မှတ်နှုန်းထားများအတိုင်း တောင်းခံရန် ညွှန်ကြားထားရှိပါသည်။ သို့ရာတွင် အချို့ယာဉ်လိုင်းများမှ ယာဉ်မောင်းနှင့်ယာဉ်နောက်လိုက်တို့သည် ယာဉ်စီးခများကို ညပိုင်းတွင် ပိုမိုတောင်းယူနေကြကြောင်းသိရပါသည်။ ယင်းသို့ ယာဉ်စီးခပိုမိုတောင်းခံပါက ထိထိရောက်ရောက် အရေးယူနိုင်ရေးအတွက် အောက်ပါဖုန်းနံပါတ်များသို့ တိုင်ကြားနိုင်ပါသည်။

(၁) မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ ရန်ကုန်တိုင်း – ၁၉၉

(၂) ကြိုးမဲ့ကြေးနန်းနှင့်ယာဉ်ထိန်းတပ်ဖွဲ့မှူးရုံး – ၂၉၁၂၈၅၊ ၂၉၁၂၈၄

(၃) မော်တော်ယာဉ်လုပ်ငန်းပေါင်းစုံ ထိန်းသိမ်းရေးကော်မတီ – ၅၄၁၉၀၅၊ ၅၄၁၉၀၄

**ယာဉ်စည်းကမ်းထိန်းသိမ်းရေး ကြီးကြပ်မှုကော်မတီ။**




## ဒေါ်စန်းတင်
### (မော်လမြိုင်မြို့)
### အသက်(၈၉)နှစ်

ရန်ကုန်မြို့၊ ကြည့်မြင်တိုင်မြို့နယ်၊ အိုးဘိုလမ်း၊ အမှတ် ၆၃ နေ(ဦးထွန်းဖေ–ဒေါ်ညိုနု)တို့၏သမီး၊ (ဦးမြတ်စိုး)–ဒေါ်စန်းယုံ၊ (ဝဏ္ဏကျော်ထင် ဦးဖိုးမျှင်၊ အငြိမ်းစား၊ သစ်တောအရေးပိုင်–ဒေါ်တင်)တို့၏ညီမ၊ (ဒေါ်မြကြည်)၏အစ်မ၊ ဦးစံလွင်(DSY)–ဒေါ်တင်နု (လ/ပြ၊ ငြိမ်း)၊ ဦးငွေသိန်း–ဒေါ်မေနှင်းကြည်(သူနာပြု၊ငြိမ်း)၊ ဒေါ်မြင့်မြင့်တင် (လ/ထ အထွေထွေမန်နေဂျာ၊ ဆောက်/လျှပ်၊ ငြိမ်း)၊ ဒေါ်သောင်းသောင်းမျှင် (ထ/၃၊ ကြည့်မြင်တိုင်)၊ ဦးသောင်း (PD.MICS)–ဒေါ်သန်းသန်းစိုး(ဒု–ညွှန်မှူး၊DHSHD)၊ ဦးဝင်းဟန်(ကကငွေ)၊ ဦးဝင်းသိန်း(ဒုညွှန်မှူး၊ကကငွေ)–ဒေါ်ကြည်ကြည်စိုး (ထ/၂၊ ကြည့်မြင်တိုင်)၊ ဦးခင်မောင်လင်း(လ/ထ ညွှန်မှူး၊ ထွေ/အုပ်)–ဒေါ်ခင်ခင်စော(လ/ပြ၊ငြိမ်း)တို့၏အဒေါ်သည် ၂၉–၈–၂၀၀၄ရက် နံနက် ၁၁း၅၅ နာရီတွင် အထက်ပါနေအိမ်၌ကွယ်လွန်သွားပါသဖြင့် ၃၁–၈–၂၀၀၄ရက်(အင်္ဂါနေ့)နံနက် ၁၁ နာရီတွင် ထိန်ပင်အအေးတိုက်မှ ထိန်ပင်သုသာန်သို့ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။) (အထက်ပါနေအိမ်မှကားများ နံနက် ၁၀ နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု။

## ဒေါ်အုံးကြူ(ခ)ဒေါ်ဝမ်
### အသက်(၇၇)နှစ်

ကျောက်တံခါးမြို့နေ (ဦးပါဝံ–ဒေါ်ကျင်မွှေး)တို့၏သမီး၊ ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ အမှတ် ၂၊ မြေနီလမ်း(စာပေဗိမာန်တောင်ဘက်ပြည်လမ်း)နေ ဦးဟန်ခင်၏ဇနီး၊ (ဒေါ်ညွန့်လွမ်)၏ညီမ၊ ဒေါ်တင်တင်၏အစ်မ၊ ဦးမျိုးသွင်–ဒေါ်အေးအေးမူ၊ ဦးအေးသောင်း–ဒေါ်ကေသီဝင်း၊ ဦးစိန်ကျော်–ဒေါက်တာစုစုဟန်ခင်တို့၏မိခင်၊ မသိမ့်စုစိန်၏အဘွားသည် ၂၈–၈–၂၀၀၄ရက်(စနေနေ့) ည ၇း၁၀ နာရီတွင် အာရှတော်ဝင်အထူးကုဆေးခန်း၌ကွယ်လွန်သွားပါ၍ ၃၀–၈–၂၀၀၄ရက်(တနင်္လာနေ့) နံနက် ၁၀နာရီတွင်ရေဝေးအအေးတိုက်မှရေဝေးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၉ နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု။

## ဘုရား၊ရဟန်းဒါယိကာမကြီး
## ဒေါ်သိန်းတန်
### (ဆင်ဖြူကျွန်း)
### အသက်(၇၂)နှစ်

မကွေးတိုင်း၊ ဆင်ဖြူကျွန်းမြို့နေ (ဦးထွန်း)၏ဇနီး၊ ဦးဉာဏ်ထွန်း(ဘဏ်မန်နေဂျာ၊ ငြိမ်း)–ဒေါ်ခင်ဌေးဦး၊ ဦးမျိုးညွန့်(ဦးစီးမှူး၊ဆည်/မြောင်း)–ဒေါ်အေးအေးမွန်၊ဒေါ်ခင်ဝင်းမြင့်၊ကိုကျော်ကျော်–မခင်မမ၊ ကိုမောင်မောင်စန်း(ခ)ကိုပေါ်–မတိုးတိုးဦးတို့၏မိခင်သည် ၂၉–၈–၂၀၀၄ရက်နံနက်တွင် ရန်ကုန်အထွေထွေရောဂါကုဆေးရုံသစ်ကြီး၌ကွယ်လွန်သွားပါသဖြင့် ၃၀–၈–၂၀၀၄ရက် (တနင်္လာနေ့)ညနေ ၃နာရီတွင် အထွေထွေရောဂါကုဆေးရုံသစ်ကြီးအအေးတိုက်မှ ရေဝေးသုသာန်သို့ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။

ကျန်ရစ်သူမိသားစု။

## ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ ရေတွင်း၊ ရေကန် ဒါယကာကြီး
## ဦးမြ (သန်လျင်မြို့)
### မန်နေဂျာ(ငြိမ်း)မြန်မာ့သစ်လုပ်ငန်း
### အသက်(၈၁)နှစ်

ရန်ကုန်မြို့၊ ရန်ကင်းမြို့နယ်၊ (၁၄)ရပ်ကွက်၊ ကျောက်ကုန်း၊ မိုးကောင်းဘုရားလမ်း၊ အမှတ် ၂/၄၆ နေ (ဦးအလီ–ဒေါ်မိန်းကလေး)တို့၏သားထွေး၊ (ဒေါက်တာဦးရန်ရှင်း–ဒေါ်ခင်သိန်း)တို့၏သားသမက်၊ (ဦးမောင်ကလေး–ဒေါ်သိန်းရွှေ)၊ ဦးထွန်းမောင်–ဒေါ်သန်းညွန့်၊ ဦးချာလီ–ဒေါ်ခင်လှ၊ ဦးလှစိန်–(ဒေါ်ခင်မြင့်)တို့၏ညီ/မောင်၊ ဦးကိုကို–ဒေါ်မြင့်မြင့်ဆွေ၊ ဦးစိန်တင်ဝင်း–ဒေါက်တာဒေါ်ခင်နွဲ့ရီတို့၏အစ်ကို၊ ဒေါ်တင်တင်အုံး(အထပြ၊ ငြိမ်း၊ အထက–၆၊ ဗိုလ်တထောင်)၏ချစ်လှစွာသောခင်ပွန်း၊ (ဒေါ်ခင်သူဇာ)၊ ဒေါ်ခင်သီတာ–ဦးဝေဖြိုး၊ ဒေါ်ခင်သန္တာ(ခေတ္တ–စင်ကာပူ)တို့၏ ချစ်လှစွာသောကျေးဇူးရှင်မွေးသဖခင်၊ မောင်မင်းပြည့်ဖြိုး၊ မောင်အောင်သုတတို့၏အဘိုးသည် ၂၈–၈–၂၀၀၄ရက် ည ၁၀း၄၀ နာရီတွင် ရွှေဂုံတိုင်အထူးကုဆေးခန်း၌ကွယ်လွန်သွားပါ၍ ၃၀–၈–၂၀၀၄ရက် (တနင်္လာနေ့) ညနေ ၅ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားသိစေအပ်ပါသည်။ (နေအိမ်မှကားများ ညနေ ၃း၃၀ နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု။

## ဦးတင်အေး (အုတ်ဖို)
### မန်နေဂျင်းဒါရိုက်တာ၊ စိုးစံ(လင်း)ကုမ္ပဏီလီမိတက်
### အသက်(၇၁)နှစ်

ပဲခူးတိုင်း၊အုတ်ဖိုမြို့နယ်(ဦးလှဝ–ဒေါ်ကျင်မြ)တို့၏ဒုတိယသား၊ (ဦးရှပ်ကား–ဒေါ်ကျင်နု)တို့၏သားသမက်၊ ရန်ကုန်မြို့၊ လှိုင်မြို့နယ်၊ အေးရိပ်မွန်အိမ်ရာ၊ တိုက် ၁၄၊ အခန်း ၈ နေ ဒေါ်သန်းသန်း၏ခင်ပွန်း၊ ကိုမြတ်ထွန်း–မမြင့်မြင့်ရီ(လှမျိုးကြွယ်အထည်ဆိုင်၊မင်္ဂလာဈေး)၊ ကိုတင်ထွန်း–မဆွေသန္တာ (ကန်တော်ရိပ်ဟိုတယ်)၊ ကိုအောင်ထွန်း – မစိုးစိုးရီ [စိုးစံ(လင်း)ကုမ္ပဏီလီမိတက်]၊ ကိုအေးသန်း (E/E Ex, S'pore Shipping Co., Ltd.)–မဖြူစင်ထွန်း၊ မမြင့်မြင့်ဝင်း–ကိုမောင်မောင်ကြီး(ဝင်းထိန်ရွှေဆိုင်)တို့၏ဖခင်၊ မြေးရှစ်ယောက်တို့၏အဘိုးသည် ၂၈–၈–၂၀၀၄ရက်တွင် ရွှေဂုံတိုင်အထူးကုဆေးခန်း၌ ကွယ်လွန်သွားပါ၍ ၃၀–၈–၂၀၀၄ရက် (တနင်္လာနေ့) နံနက် ၁၁ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၉း၄၅နာရီတွင်ထွက်ပါမည်။)ကျန်ရစ်သူမိသားစု။

## ဒေါ်ညွန့်ညွန့်ခိုင် (မအူပင်)
### အသက်(၆၇)နှစ်

(ဦးစောခိုင်–ဒေါ်မြသွယ်)တို့၏သမီးကြီး၊ ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)၊ (၅၀)ရပ်ကွက်၊နေကြာ ၂ လမ်း၊ အမှတ် ၃၅၂ နေ(ဦးဝင်းတင်)(ဘဏ်မန်နေဂျာ၊ ငြိမ်း)၏ဇနီး၊ ဗိုလ်မှူးဝင်းထွဋ်(ယာယီတပ်ရင်းမှူး)–ဒေါ်တင်သွယ်လတ်၊ ဗိုလ်ကြီးဝင်းဌေး(စက်မှု–၁၊ MPF)–ဒေါ်ယမင်းဆွေ၊ ဦးဝင်းသန့်–ဒေါ်ထိပ်တင်ချော၊ ဦးကျော်စိုးမိုး–ဒေါ်မော်မော်ဝင်း၊ ဦးဝင်းဆန်း–ဒေါ်အေးအေးဝင်း၊ ဦးဝင်းသွင်တို့၏မိခင်၊ ဒေါ်ရီရီခိုင်၊ ဒေါ်ခင်အေးသီ၊ ဒေါ်ချိုချိုမာ၊ (ဦးအေးသိန်း)တို့၏အစ်မကြီး၊ မြေးကိုးယောက်တို့၏အဘွားသည် ၂၈–၈–၂၀၀၄ရက် ည ၈း၄၅ နာရီတွင် အထက်ပါနေအိမ်၌ကွယ်လွန်သွားပါသဖြင့် ၃၀–၈–၂၀၀၄ရက် မွန်းလွဲ ၂ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းလွဲ ၁ နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု။

## ဘဝနတ်ထံပျံလွန်တော်မူခြင်း
### ဝေဠုဝန်နိကာယဂဏရက္ခိတ
### ရန်ကုန်တိုင်း ဝေဠုဝန်နိကာယဝိနယပရိယတ္တိစာမေးပွဲဥက္ကဋ္ဌ
## ဘဒ္ဒန္တ ဇဋိလ
### သက်တော်(၈၄)နှစ်၊ သိက္ခာတော်(၆၄)ဝါ

ရန်ကုန်တိုင်း၊ စမ်းချောင်းမြို့နယ်၊ ဝေဠုဝန်ကျောင်းတိုက်ကြီး၏ဦးစီးပဓာနနာယက ဘဒ္ဒန္တဇဋိလ ဆရာတော်ကြီးသည် ၁၃၆၆ခုနှစ် ဝါခေါင်လဆန်း ၁၁ ရက် (၂၆–၈–၂၀၀၄ရက်)နံနက် ၁၁ နာရီတွင် ဘဝနတ်ထံပျံလွန်တော်မူသွားပါသဖြင့်ကြွင်းကျန်ရစ်သောဥတုဇရုပ်ကလာပ်တော်ကို ၁၃၆၆ခုနှစ် ဝါခေါင်လပြည့်ကျော် ၂ ရက် (၁–၉–၂၀၀၄ရက်) မွန်းလွဲ ၁ နာရီတွင် ဝေဠုဝန်ကျောင်းတိုက်မှ ထိန်ပင်သုသာန်သို့ပင့်ဆောင်ပြီး အန္တိမအဂ္ဂိစျာပနသဘင် ပူဇော်ကျင်းပမည်ဖြစ်ကြောင်း ဝေဠုဝန်နိကာယဂိုဏ်းဝင် သံဃာတော်များနှင့် ဒါယကာ၊ ဒါယိကာမအပေါင်းတို့အား အကြောင်းကြားသိစေအပ်ပါသည်။

စျာပနကျင်းပရေးကော်မတီ၊ဝေဠုဝန်ကျောင်းတိုက်။

## စဝ်ရွက်မိုင်း (Sao Yawt Mong Mengrai)
### အသက်(၈၄)နှစ်

ရှမ်းပြည်နယ်၊ ကျိုင်းတုံမြို့နေ (စဝ်တွန်းကျောက်အင်ထလိုင်–စဝ်နန်းဝိုးတစ်နွဲ့)တို့၏သား၊ စဝ်ဝိုးနွံန်း၏မောင်၊ ရန်ကုန်မြို့၊ အမှတ် ၁၂၁/A၊ သံလွင်လမ်း၊ ကမာရွတ်မြို့နယ်နေ ဒေါ်နန်းခမ်းလှိုင်း၏ခင်ပွန်း၊ Sao Srirt Mengrai–Nenny၊ Sao Kemawong Mengrai၊ ရန်ကုန်မြို့နေ Sao Dait Men grai–Nang Hom၊ Sao Wanwai Mengrai တို့၏ဖခင်၊ Kitimar Nang Arm Phorn၊ Pia Mengrai၊ Sao Surat Mengrai၊ Nang Thiri Mengrai တို့၏အဘိုးသည် ၂၈–၈–၂၀၀၄ရက် နံနက် ၁၀း၂၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၃၀–၈–၂၀၀၄ရက် ညနေ ၄ နာရီတွင် ရေဝေးသုသာန်သို့ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းလွဲ ၂း၃၀ နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု။

## ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး
## ဒေါက်တာဒေါ်ခင်သင်းရီ (May Maung)
### (သားဖွားနှင့်မီးယပ်အထူးကုဆရာဝန်ကြီး)
### အသက်(၇၄)နှစ်

ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ ရွှေတောင်ကြား(၂)ရပ်ကွက်၊ ဖောမိရိပ်သာလမ်း၊ ၄၂–က နေ(သခင်ဘမောင်–ဒေါ်စိန်)တို့၏သမီး၊ပါမောက္ခဒေါက်တာမြသောင်း (ဆီးနှင့်ကျောက်ကပ်ခွဲစိတ် အထူးကုဆရာဝန်ကြီး၊ အတိုင်ပင်ခံတပ်မတော်ဆေးတက္ကသိုလ်နှင့် တပ်မတော်ဆေးရုံကြီးများ)၏ဇနီး၊ မောင်ချမ်းငြိမ်းဇော်၊ မနွယ်ဦးဇော်၊ မအေးမွန်ခင်၊ မောင်တက်ထွန်းကျော်၊ မောင်ကောင်းမွန်ခင်၊ မောင်ဆက်လူဝင်းမြ၊ မသင်းထက်အောင်၊ မောင်ဘုန်းပြည့်စုံ၊ မောင်မင်းညီဝင်းမြ၊ မစုမြတ်အောင်၊ မောင်ဖွဲ့ထက်အောင်တို့၏ ဘွားဘွားကြီးသည် ၂၇–၈–၂၀၀၄ရက် (သောကြာနေ့)နံနက် ၁း၂၅ နာရီတွင် အထက်ပါနေအိမ်၌ ကွယ်လွန်သွားပါ၍ ယင်းနေ့မွန်းလွဲ ၁း၃၀နာရီတွင် ရေဝေးသုသာန်၌မီးသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း။

၂–၉–၂၀၀၄ရက် နံနက် ၇ နာရီမှ ၁၀ နာရီအထိ အထက်ပါနေအိမ်၌ ရက်လည်ဆွမ်းကျွေးတရားနာကြွရောက်ကြပါရန် ဖိတ်ကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု။

## ဒေါ်မြညွန့်
### အသက်(၈၇)နှစ်

ရန်ကုန်မြို့၊ ကမာရွတ်မြို့နယ်၊ သံလွင်လမ်း၊အမှတ် ၁၂၇–အေ/၂ နေ(ဦးကျော်ဟိုး–ဒေါ်လှ)တို့၏သမီး၊ (ဦးမြသိန်း)၏ဇနီး၊ ဦးမြင့်သန်း–ဒေါ်ခင်စန်းလင်း၊ ဒေါ်ခင်ခင်ဆွေ(မြန်မာ့အာမခံလုပ်ငန်း)၊ ဦးဉာဏ်လင်း–ဒေါ်ခင်စီ၊ ဒေါ်တင်တင်ဝင်းတို့၏မိခင်၊ မြေးသုံးယောက်တို့၏အဘွားသည် ၂၇–၈–၂၀၀၄ရက် (သောကြာနေ့) ည ၇း၃၀ နာရီတွင် နေအိမ်၌ကွယ်လွန်သွားပါသဖြင့် ကွယ်လွန်သူ၏ဆန္ဒအရ ၂၈–၈–၂၀၀၄ရက် (စနေနေ့)တွင် ထိန်ပင်သုသာန်၌ မီးသင်္ဂြိုဟ်ပြီးစီးပါကြောင်း။

ကျန်ရစ်သူမိသားစု။

## အလှူရှင်မြတ်အမိန့်တော်ခံယူခြင်း
## ဦးမောင်စိန်(ခ)ဦးဟူစိန်
### (အုတ်ဖို)
### အသက်(၈၃)နှစ်

ပဲခူးတိုင်း၊ အုတ်ဖိုမြို့နယ်၊ ဘုရားကြီးလမ်း၊ အမှတ် ၇၂၈ နေ (ဆရာဝန်ကြီး ဒေါက်တာဦးအေးဟဒ်–ဒေါ်မြင့်)တို့၏သား၊ ဒေါ်သောင်းစိန်၏ခင်ပွန်း၊ ဦးဝင်းတင်–ဒေါ်ချိုချိုမာ၊(စန်းလွင်ထွဋ်)–ဒေါ်ကြူကြူမာ၊ ကိုပေါက်စ–ဒေါ်ဖြူဖြူမာ၊ ဦးလှမြတ်အေး–ဒေါ်တင်ချိုဦး၊ ကိုကျော်မြတ်ထိုက်(ကိုတူး)–မချိုချိုမာ၊ကိုအောင်ကျော်မိုးတို့၏ဖခင်၊ မြေးခုနစ်ယောက်တို့၏အဘိုးသည် ၂၈–၈–၂၀၀၄ရက် ညနေ ၅း၃၀နာရီတွင်အထက်ပါနေအိမ်၌ အလှူရှင်မြတ်အမိန့်တော် ခံယူသွားပါသဖြင့် ၂၉–၈–၂၀၀၄ရက် ဇဟိုရ်အပြီး အုတ်ဖိုမြို့ ကဘာရ်စတန်ဥယျာဉ်တော်တွင် ဒါဖနာပြုလုပ်ပြီးဖြစ်ပါကြောင်း။

ကျန်ရစ်သူမိသားစု။

## ဦးတင်အေး
### အသက်(၇၂)နှစ်

ပဲခူးတိုင်း၊ မင်းလှမြို့၊ လက်ဆက်ကျေးရွာနေ(ဦးဖိုးကွန်း–ဒေါ်ခင်ပု)တို့၏သား၊ (ဦးမြသောင်း–ဒေါ်သန်းညွန့်)တို့၏သားသမက်၊ ဦးသန်းနိုင်(မထသ၊ ဌာနခွဲ–၁)–ဒေါ်မူမူအေး၊ ဦးစိုးမြင့်–ဒေါ်နိုင်နိုင်အေး၊ ဦးတင်ထွန်းအောင်၊ ဦးကျော်မင်းသိမ်း – ဒေါ်မာလာအေး၊ ဦးကျော်စိုးဦး–ဒေါ်ယဉ်ယဉ်အေး၊ ဦးမျိုးသူရအေး–ဒေါ်ခိုင်မာအေးတို့၏ ဖခင်၊ ဒေါ်ခင်အေးနွဲ့၏ခင်ပွန်းသည် ၂၈–၈–၂၀၀၄ရက်(စနေနေ့)မွန်းလွဲ ၂း၄၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၃၀–၈–၂၀၀၄ရက်(တနင်္လာနေ့)မွန်းလွဲ ၂ နာရီတွင် ရေဝေးသုသာန်သို့ပို့ဆောင်သင်္ဂြိုဟ်ပါမည်။ ကျန်ရစ်သူမိသားစု။

## ဦးတင်ဆိုင်
### (MEIC၊ ငြိမ်း)
### အသက်(၇၃)နှစ်

ရန်ကုန်မြို့၊ လမ်းမတော်မြို့နယ်၊ ရွှေတောင်တန်းလမ်း၊ တိုက်အမှတ် ၉၉ (ကိုးလွှာ)၊ အပေါ်ဆုံးထပ်နေ ဒေါ်ထွေးရီ၏ခင်ပွန်း၊ ဦးတင်လှိုင်၏ညီ၊ ဦးအေးကို၊ ဒေါ်တင်တင်ဝင်း (ခ) ဒေါ်ပေါက်တို့၏အစ်ကို၊ ဒေါ်ခင်ကြွေ၏မောင်၊ (ဦးဌေးညွန့်)–ဒေါ်တင်မေဦး၊ ဦးမောင်ကြီး–ဒေါ်စန်းစန်းမြင့်၊ ဦးကျော်သူ–ဒေါ်ကျော်ကျော်၊ မသူဇာတင်၊ ဦးမိုးကျော်–ဒေါ်ခင်သန္တာဝင်း၊ ဦးနေကျော်–ဒေါ်ညိုမာမြင့်၊ ဦးထွန်းကျော်–ဒေါ်ခင်ပပကြိုင်တို့၏ဖခင်၊ မောင်ဇော်ဝင်းသူ၊ မမေသူအောင်၊ မောင်သန်းဌေးအောင်၊ မအေးသူဇာနှင်းတို့၏အဘိုးသည် ၂၉–၈–၂၀၀၄ရက် (တနင်္ဂနွေနေ့) နံနက် ၄း၃၀ နာရီတွင်ကွယ်လွန်သွားပါသဖြင့် ၃၁–၈–၂၀၀၄ရက် (အင်္ဂါနေ့) မွန်းလွဲ ၂ နာရီတွင် ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ကြောင်း ဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားသိစေအပ်ပါသည်။ (ရွှေတောင်တန်း နေအိမ်မှကားများ မွန်းတည့် ၁၂ နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု။

## ဘုရား၊ရဟန်း၊ကျောင်းဒါယကာကြီး
## ဦးသိန်းဟန်
### အသက်(၆၄)နှစ်

ရန်ကုန်တိုင်း၊ တွံတေးမြို့နယ်၊ မင်းစုကျေးရွာနေ (ဦးဘိုးဉာဏ်–ဒေါ်ငွေနု)တို့၏သားထွေး၊ ပဲခူးမြို့ (ဦးစိန်းမောင်–ဒေါ်လှကျေး)တို့၏သားသမက်၊ အမှတ် ၄၀၃၊ တေဇလမ်း၊ (၃၅)ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)နေ ဒေါ်စန်းမြင့်၏ခင်ပွန်း၊ ကိုပြေသိန်း (လယ်/စိုက်)–မဝင်းဝင်းဟန်၊ ကိုအောင်နိုင်(P.P.E)–မကေသီဟန်(P.P.E)၊ကိုကျော်မင်းဟန်၊ ကိုမြင့်နိုင်–မသင်းသင်းဟန်တို့၏ဖခင်၊ မြေးခြောက်ယောက်တို့၏ အဘိုးသည် အထက်ပါနေအိမ်၌ ၂၈–၈–၂၀၀၄ရက် (စနေနေ့) ညနေ ၅း၁၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၃၀–၈–၂၀၀၄ရက် မွန်းလွဲ ၂ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။(နေအိမ်မှကားများ မွန်းလွဲ ၁ နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု။

## ဘုရား၊ရဟန်း၊ကျောင်း၊ဇရပ် ဒါယိကာမကြီး
## ဒေါ်ကျင်လွမ်
### (မိဘမေတ္တာဆေးတိုက်၊မိခင်ကြီး)
### အသက်(၈၁)နှစ်

ရန်ကင်းမြို့နယ်၊ (၁၂)ရပ်ကွက်၊ ကံဘဲ့ဘူတာရုံလမ်း၊အမှတ် ၁၆၈/၁၆၉ နေ သမားတော်ကြီး(ဦးမြင့်သိန်း)၏ဇနီး၊ ဦးညိုဝင်း–ဒေါ်ခင်ထားရီ (မိဘမေတ္တာဆေးတိုက်)တို့၏မိခင်၊ ဒေါက်တာမောင်မောင်သန်း (အဏုမြူစွမ်းအင်ဦးစီးဌာန)–ဗိုလ်ကြီးစန္ဒာမြင့် (သမက၊ မင်္ဂလာဒုံ)၊ မချောစုဝင်း(MVES)၊ မစုနန္ဒာဝင်း၊ မဇင်ဖြူဝင်း(နောက်ဆုံးနှစ်၊ အပိုင်း–က၊ ဆေး–၂)တို့၏ အဘွား၊ မောင်လင်းခန့်၏ ဘွားဘွားကြီးသည် ၂၉–၈–၂၀၀၄ရက် (တနင်္ဂနွေနေ့) ညနေ ၄း၃၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၃၁–၈–၂၀၀၄ရက် (အင်္ဂါနေ့)တွင် ရေဝေးအအေးတိုက်မှရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။

ကျန်ရစ်သူမိသားစု။

## ဦးလှဝင်းနိုင်(ခ)ဦးဆိတ်ကြီး
### (ကီးဘုတ်ဆရာ)
### အသက်(၄၂)နှစ်

ရန်ကုန်မြို့၊သာကေတမြို့နယ်၊အမှတ် ၃၀၊ ၇/ဈေးလမ်းမကြီးနေ ဦးအောင်ချစ်–ဒေါ်ဝင်းတို့၏သား၊ မအေးနွဲ့၏ခင်ပွန်း၊ (ဦးတင်အောင်)–ဒေါ်အမာ၊ ဦးစိန်ရီ–ဒေါ်ငယ်တို့၏တူ၊မသန်းသန်းမူ၊ ကိုဇော်မျိုးနိုင်–မအိအိစိုး၊ (ကိုညွန့်ခိုင်)၊ ကိုအောင်လေး–မစိုးမိုးနိုင်၊ ကိုညွန့်ကျော်–မရီရီစိုးတို့၏အစ်ကို၊မမိုးမိုးလွင်၊ မောင်မြတ်သူရဝင်းနိုင်၊ မခင်သူဇာဝင်းနိုင်၊ မယဉ်သင်းထက်ဝင်းနိုင်၊ မသင်းအေးစံဝင်းနိုင်တို့၏ဖခင်သည် ၂၈–၈–၂၀၀၄ရက်(စနေနေ့)တွင် ကွယ်လွန်သွားပါသဖြင့် ၃၀–၈–၂၀၀၄ရက် (တနင်္လာနေ့)မွန်းလွဲ ၁ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။(နေအိမ်မှကားများ မွန်းတည့် ၁၂ နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု။

## ဘုရား၊ရဟန်း၊ကျောင်းဒါယကာကြီး
## ဦးဘစိန်(ခ)ဘကြီးစိန်
### (လားရှိုး)
### အသက်(၉၅)နှစ်

လားရှိုးမြို့၊ ရပ်ကွက်(၄)နေ (ဦးဘချိန်) (ဒေါ်နွမ်း)၊ (ဦးဘသိန်း)–ဒေါ်တင်အေး၊ရပ်ကွက်(၁)နေ ဦးမောင်မောင်ကြီး၊ ဒေါ်နှင်းရီတို့၏အစ်ကိုကြီး၊ (ဒေါ်ခင်ဆိုင်)၏ခင်ပွန်း၊ ဒေါ်ခင်မမ၏ဖခင်သည် ၂၈–၈–၂၀၀၄ရက်တွင် ကွယ်လွန်သွားပါသဖြင့် ၃၀–၈–၂၀၀၄ရက်တွင် ကြာကန်သုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ ကျန်ရစ်သူမိသားစု။

## ခရစ်တော်၌အိပ်ပျော်ခြင်း
## ဒေါ်ခင်ဆွေမြင့်(ခ) မိုးမိုး(ခ)မလုံလေး
### B.Sc (Zoo)
### ကူရှင်ကျောင်းသူဟောင်း
### စာရင်းစစ်(ငြိမ်း)
### မြန်မာ့ဆိပ်ကမ်းအာဏာပိုင်
### အသက်(၅၆)နှစ်

အမှတ် ၂၄၊ မင်းကြီးလမ်း၊ အင်းစိန်မြို့နေ (ဦးကျော်ထွန်း–ဒေါ်ကြည်ကြည်)တို့၏ဒုတိယမြောက်သမီး၊ ဦးအောင်ဆွေ၏ဇနီး၊မဖြူသက်ဆွေ၊မနှင်းလဲ့ဆွေတို့၏မိခင်၊ ပါမောက္ခ ဒေါ်ခင်သန်းစိုး (ဇီဝဗေဒဌာန၊ ပညာရေးတက္ကသိုလ်)၏ညီမ၊ ဒေါ်ခင်ချိုအေး၊ ဒေါ်ခင်ဝင်းကြည်၊ ဒေါ်ကြည်ကြည်လှိုင်ထွန်း၊ ဦးထွန်းကြည်ဦး–ဒေါ်မေရီကျော်၊ ဦးမောင်အောင်၊ ဒေါ်မွှေးသူဇာတို့၏အစ်မသည် ၂၈–၈–၂၀၀၄ရက် (စနေနေ့) ညနေ ၆း၃၀နာရီတွင် နဝဒေးဆောင်၊ ပညာရေးတက္ကသိုလ်၊ သထုံလမ်းရှိ အဆောင်မှူးနေအိမ်တွင် ခရစ်တော်၌အိပ်ပျော်သွားပါသဖြင့် ၃၀–၈–၂၀၀၄ရက် (တနင်္လာနေ့) နံနက် ၁၀ နာရီတွင် အင်းစိန်မြို့ ရွာမနှစ်ခြင်းအသင်းတော်တွင် ဝတ်ပြုဆုတောင်းပြီး ရေဝေးသုသာန်သို့ ပို့ဆောင်ဂူသွင်းသင်္ဂြိုဟ်ပါမည်။

၃–၉–၂၀၀၄ရက် (သောကြာနေ့)တွင် ရက်လည်အောက်မေ့ဖွယ် ဝယ်ပြုဆုတောင်းခြင်းကို နံနက် ၇ နာရီတွင် ဝတ်ပြုဆုတောင်းမည်ဖြစ်ပါ၍ကြွရောက်ကြပါရန် ဖိတ်ကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု။

**ပြည်ထောင်စု မြန်မာနိုင်ငံတော်အစိုးရ ပြန်ကြားရေးဝန်ကြီးဌာန သတင်းနှင့်စာနယ်ဇင်းလုပ်ငန်းက ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ နတ်မောက်လမ်းသွယ်(၁)၊ အမှတ်(၅၃)၊ မြန်မာ့အလင်းသတင်းစာတိုက်တွင် ပုံနှိပ်ထုတ်ဝေသည်။ စာတိုက်သေတ္တာအမှတ် ၄၀၊ ကြေးနန်းလိပ်စာ မြန်/လင်း၊ စာတည်းမှူး ၅၄၄၃၁၃၊ မန်နေဂျာ ၅၄၄၃၁၄၊ စာတည်းအဖွဲ့ ၅၄၄၃၀၉၊ စီမံ ၅၄၄၃၁၅၊ ငွေစာရင်း ၅၄၄၃၁၆၊ ဖြန့်ချိ ၅၄၄၃၁၇၊ ကြော်ငြာ ၅၄၅၈၃၄၊ ပုံနှိပ် ၅၄၄၃၁၈။** R. 488

# အတွင်းရေးမှူး(၂)စစ်ရေးချုပ်ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန် စာသင်တိုက်များသို့ ဆွမ်းဆန်တော်၊ ဆီ၊ ဆွမ်းပဒေသာပင်လှူဒါန်းပွဲ တက်ရောက်ကြည်ညိုပြီး လှူဖွယ်ပစ္စည်းများဆက်ကပ်လှူဒါန်း

ရန်ကုန် ဩဂုတ် ၂၉

တပ်မတော်(ကြည်း၊ရေ၊လေ) မိသားစုများနှင့် စေတနာရှင်ပြည်သူများက ရန်ကုန်တိုင်း အရှေ့ပိုင်းခရိုင် တောင်ဥက္ကလာပမြို့နယ်အတွင်းရှိ ပရိယတ္တိစာသင်တိုက် ၁၇ တိုက်သို့ ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ဆေး၊ ပဲနှင့် ဆွမ်းပဒေသာပင်အတွက် အလှူတော်ငွေများ ပေးအပ်စိုက်ထူလှူဒါန်းပွဲအခမ်းအနားကို ယနေ့မွန်းလွဲ ၁နာရီတွင် ရန်ကုန်မြို့ တောင်ဥက္ကလာပမြို့နယ် ဥက္ကလာပစေတီတော်ရှိ စေတီတော်ဓမ္မာရုံ၌ကျင်းပရာ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၂) စစ်ရေးချုပ် ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန် တက်ရောက်ကြည်ညို၍ လှူဖွယ်ပစ္စည်းများဆက်ကပ်လှူဒါန်းသည်။ *စာမျက်နှာ ၈ ကော်လံ ၁* ■

အတွင်းရေးမှူး(၂) စစ်ရေးချုပ် ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန် တပ်မတော်(ကြည်း၊ ရေ၊ လေ) မိသားစုများနှင့် စေတနာရှင်ပြည်သူများက ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ဆေး၊ ပဲနှင့် ဆွမ်းပဒေသာပင်အလှူတော်ငွေများ လှူဒါန်းပွဲတွင် တောင်ဥက္ကလာပမြို့နယ် ငွေကြာရံ ပရိယတ္တိစာသင်တိုက်နာယကအဖွဲ့ဝင်စာချ ဆရာတော် ဓမ္မာစရိယ ဦးဃဘာဏက ဘဒ္ဒန္တ ဓမ္မဒိန္နထံ လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းစဉ်။ (သတင်းစဉ်)


## မြန်မာ့အလင်း ခေါင်းကြီး၊ သတင်း၊ ဆောင်းပါးအညွှန်း

❍ သိပ္ပံနှင့်နည်းပညာရပ်များကို ကျယ်ကျယ်ပြန့်ပြန့် ညီညီညွတ်ညွတ် ထိရောက်စွာအသုံးချနိုင်မှသာ သူတစ်ပါး၏ ဩဇာလောင်းရိပ်အောက်မှလွတ်ကင်းပြီး နိုင်ငံတကာအလယ်တွင် ဝင့်ထည်စွာရပ်တည်နိုင်မည်။

**အမျိုးသားရေးအကျိုးစီးပွားမြှင့်တင် ခေါင်းကြီး (စာ-၂)**

❍ ကိုယ်ဝန်ဆောင်အမျိုးသမီးများသည် မိမိအတွက်ရော သန္ဓေသားအတွက်ပါ နှစ်ယောက်စာစားဖို့လိုအပ်သည်။ အစားပိုစားလျှင် ကလေးထွားပြီး မွေးဖွားရာတွင် ခက်ခဲမည်ဟုယူဆခြင်းသည် မှားယွင်း၏။ အာဟာရပြည့်ဝမှ ကျန်းမာမည်၊ အားရှိမည်၊ မွေးဖွားရာတွင်လွယ်ကူမည်ဖြစ်သည်။

**ဒေါက်တာလှကြည်၏ "အာဟာရပြည့်လျှင် ရောဂါစင်၊ ပျော်ရွှင်ကျန်းမာစိတ်ချမ်းသာ" ဆောင်းပါး (စာ-၁၀)**

❍ အမေရိကန်တပ်ဖွဲ့ဝင် ၁၂ဦး ဘဂ္ဂဒက်၌ လက်ပစ်ဗုံး ထိမှန်ဒဏ်ရာရ။

**နိုင်ငံတကာသတင်း (စာ-၄)**


# လောင်စာဆီတစ်မျိုးတီထွင်ထုတ်လုပ်အသုံးချရေး ဖိလစ်ပိုင်သမ္မတနှင့် ထိုင်းဝန်ကြီးချုပ်တို့ဆွေးနွေးမည်

မနီလာ ဩဂုတ် ၂၉

**ရှေ့လာမည့်သီတင်းပတ်တွင် ပေကျင်း၌ အစည်းအဝေးပြုလုပ်စဉ် အခြားလောင်စာဆီတစ်မျိုး တီထွင်ထုတ်လုပ်ရေးကိစ္စကို ထိုင်းဝန်ကြီးချုပ် သက်ဆင်ရှင်နာဝပ်နှင့် မိမိဆွေးနွေးမည်ဖြစ်ကြောင်း ဖိလစ်ပိုင်သမ္မတ ဂလိုရီယာမာကာပါဂါးလ်အာရိုယိုက စနေနေ့၌ ပြောကြားလိုက်သည်။**

တရုတ်နိုင်ငံ၏မြို့တော် ပေကျင်းမြို့တွင် စက်တင်ဘာ ၃ ရက်မှ ၄ ရက်အထိ ကျင်းပရန်စီစဉ်ထားသော တတိယအကြိမ် နိုင်ငံတကာဆိုင်ရာ အာရှနိုင်ငံရေးအဖွဲ့အစည်းများညီလာခံသို့ ဖိလစ်ပိုင်သမ္မတ အာရိုယိုနှင့် ထိုင်းဝန်ကြီးချုပ် သက်ဆင်ရှင်နာဝပ်တို့နှစ်ဦးစလုံး တက်ရောက်ကြမည်ဖြစ်သည်။

ထိုင်းဝန်ကြီးချုပ်သက်ဆင်ရှင်နာဝပ်နှင့်မိမိ အီသာနောလ်ရင်းနှီးမြှုပ်နှံမှုနှင့်စပ်လျဉ်း၍ ဆွေးနွေးမည်ဖြစ်ကြောင်း မနီလာရှိ ရေနံသိုလှောင်ရုံသို့ ခရီးလှည့်လည်စဉ် သမ္မတ အာရိုယိုက ပြောကြားခဲ့သည်။

အီသိုင်းလ်အယ်လ်ကိုဟောဟူ၍လည်းခေါ်ဆိုသော အီသာနောလ်သည် အရောင်အဆင်းမရှိဘဲ စွမ်းဆောင်အားမြင့်မားသည်ဟု ဆိုသည်။

သမ္မတ အာရိုယိုက ဘရာဇီးနိုင်ငံ အီသာနောလ်ကို အောင်မြင်စွာထုတ်လုပ်အသုံးချခြင်းအား အထောက်အထားအဖြစ် ဖော်ညွှန်းပြောဆိုခဲ့သည်။ ဖိလစ်ပိုင်အစိုးရသည် တင်သွင်းနေရသော ရေနံအပေါ် အားထားရမှု လျော့နည်းစေရန်အတွက် အီသာနောလ်နှင့် အခြားလောင်စာဆီတစ်မျိုး စူးစမ်းရှာဖွေအသုံးပြုရေးကို တိုးမြှင့်ဆောင်ရွက်လျက်ရှိသည်။

**အမ်အင်အေ၊ဆင်ဟွာ**

## သန့်ရှင်းသာယာလှပနေသော မြို့တော်ရန်ကုန်၏မြင်ကွင်း

နိုင်ငံတကာအဆင့်မီ မြို့တော်အင်္ဂါရပ်များနှင့်အညီ ဖွံ့ဖြိုးတိုးတက်သာယာလှပစေရန် ဘက်စုံထောင့်စုံမှ အဆင့်မြင့် တည်ဆောက်လျက်ရှိရာ သန့်ရှင်းသာယာလှပနေသော မြို့တော်ရန်ကုန်၏ ဘူတာကြီးတစ်ဝိုက် အဆင့်မြင့်မွမ်းမံထားမှု မြင်ကွင်းကို ဩဂုတ် ၂၉ ရက်က ဤသို့တွေ့ရသည်။

ဓာတ်ပုံ-သိန်းဝင်းလေး
(မြန်မာ့အလင်း)

## စက်သုံးဆီ ခြိုးခြံချွေတာရေး

❊ ကားတစ်စီး တစ်လ စက်သုံးဆီတစ်ဂါလန် ခြိုးခြံချွေတာလျှင် နိုင်ငံခြားငွေ တစ်ဒေါ်လာ သက်သာမည်။

❊ မြန်မာနိုင်ငံတွင် ကားစီးရေ ၄၅၅၈၂၂စီး ရှိသဖြင့် တစ်နှစ်လျှင် နိုင်ငံခြားငွေ ၅.၅ သန်း သက်သာမည်။

❊ ထိုငွေဖြင့် ရောဝတီမြစ်ကူးတံတားကြီး တစ်စင်း တည်ဆောက်နိုင်ပါသည်။